


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမီမိုး

လအချိုးကြယ်

စာမူခွင့်ပြုချက်အမှတ်

၅၀၁၂၃၅၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၂၁၇၀၉၀၉

၂၀၁၀ ခုနှစ်၊ မေလ

ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရွှန်းရမီမိုး

လအချိုးကြယ်/ရွှန်းရမီမိုး၊-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၃၁၂- စာ၊ ၁၂×၁၈ စင်တီ။

(၁) လအချိုးကြယ်

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com








စီစဉ်သူ

မောင်ကျော်လှိုင်

(စေတနာစာပေ)

# ရှန်းရမိမိုး




# လသချိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com







'စည်း'က သူ့ဘေးမှာထိုင်နေသော ထိုက်ခွန်ကို လက်တို့ပြလိုက်သည်။

"ထိုက် ... ဟိုမှာ ... ဟိုမှာ ... ငါပြောပြတဲ့ ငှါးဆည်းလည်း ကလေး ... "

"ဘယ်တစ်ယောက်လဲ ဆံရှည်လေးလား ... "

"ထွင့် ... ဆံရှည်စရာလားကွ ... ချောကလက်ရောင်သရီး စတက်ဖ်လေးကိုပြောတာ ... "

"ဩော် သိဘူးလေကွာ ... အဲဒီအဖွဲ့ထဲမှာ ထူးခြားတာ... ထင်းနေတာဆိုလို့ အဲဒီဆံရှည်လေးပဲရှိတာ ... "

ထိုက်ခွန်က အရောက်ကိုပို့တာပါ။ ထိုဆံရှည်မလေး



www.burmeseclassic.com

www.burmeseclassic.com



က အသားကလည်း တော်တော်ညိုသည်။ မျက်နှာမှာလည်း ဝက်ခြံဖုတွေက ဟိုတစ်ဖု ဒီတစ်ဖု ခပ်ကျဲကျဲနေရာယူထားသေးသည်။ နှုတ်ခမ်းကသေးပြီးလုံးသော်လည်း အနည်းငယ်ရှေ့ကို အဖီထိုးချင်နေသောသွားတွေကြောင့် အနည်းငယ်ကလေး လန်နေသေးသည်။ မျက်ခုံးခပ်ပါးပါးကို ခဲလေးဖြည့်ဆွဲထားသဖြင့် ကြည့်ကောင်းသော်လည်း မျက်ရစ်က လိုအပ်တာထက်ပိုဖောင်းနေတာမို့ မျက်လုံးက မှေးသွားရသည်။ ခြုံငုံကြည့်ရရင် ရုပ်ဆိုးသည့်ဘက်ကို ယိုင်ပါသည်။

သို့သော် ...

အဲဒီ သို့သော်ကလေးတွေခံနေသဖြင့် သူမကြည့်ပျော် ရှုပျော်ရုံဖြစ်နေတာလေ။ အဲဒီ သို့သော်တွေက ...

သူမ ဆံပင်တွေ တော်တော်လှတာရယ်၊ သူမခန္ဓာကိုယ်က မယ်စကြာဝဠာရှုံးလောက်အောင် အချိုးအစားကျနလွန်းလှတာရယ်တွေပါ။

သူမဆံပင်တွေက ပိတုန်းရောင် မည်းနက်နေလိုက်တာ၊ အစိမ်းရောင်ဘက်ပင် သမ်းချင်ချင်။ ပြီးတော့ ထူအိအိလေးနဲ့ ဝဲဖြာကျနေလိုက်တာ။ ထိုဆံပင်တွေ ဒူးခေါက်ခွက်နားအထိ ညီညာစွာ ကျနေပုံမှာ သူမအတွက် ရှိစုမဲ့စု အလှတရားတစ်ခုပမာ။

ဆံပင်ပြီးတော့ အချိုးအစားကျနလှတဲ့ သူမကိုယ်





ခန္ဓာကိုလည်း ရှိက်ဖိုကြီးငယ်အသွယ်သွယ်ကို ပုံပန်းတကျ ချုပ်ဝတ်ဘတ်သောချည်ထည် အင်္ကျီလေးတွေ။ သုံးလွှာစကာဒ်တို့ စကာဒ်ဆဘီတို့တောင် မဝတ်တတ်။ ဒီတော့ သူမက သူမရဲ့ ခေတ်မီမီသုပနေတဲ့ သူငယ်ချင်းမတွေကြားမှာ တစ်မျိုးထူးနေတာတော့ အမှန်။

ရုတ်တရက် ကျွန်တော့်ခါးကို ထိုက်ခွန်က လာတို့လိုက်ပြီး ...

"အဲဒီအဖွဲ့နောက်ကိုလိုက်ပြီး မင်းတို့လေးယောက်လုံးကို ချစ်တယ်လို့ ပြောလိုက်စမ်း ... စည်း ... အကျယ်ကြီးအော်ပြောနော် ... "

ထိုက်က ကျွန်တော့်ခါးကို ထပ်တို့လိုက်ပြန်သည်။ ကျွန်တော်က မတ်တတ်အရပ် ကျွန်တော်တို့ထိုင်နေသော ဆိုင်ရှေ့သို့ ထိုအဖွဲ့ကလည်းအရောက် ကျွန်တော် ဖြုန်းဆိုဆိုင်ထဲကထွက်ပြီး ...

"မင်းတို့ လေးယောက်လုံးကိုချစ်တယ် ... မင်းတို့လေးယောက်လုံးကိုချစ်တယ် ... "

"ဘာ ... "

"ဘာပြောတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ပါးကျိုးချင်လား ..."

"သွားသုံးဆယ့်နှစ်ချောင်း ကျွတ်ချင်လား ..."

ထိုအချိန်မှ ကျွန်တော် သတိပြန်ဝင်လာကာ ...

"ဟို ... အဲ ... မှိုဟာလေ ..."

မချောလေးယောက်က မျက်စောင်းလေးမျိုးထိုးပြီး ခြေထောက်ရှစ်ချောင်းဆောင့်ကာ ထွက်သွားသည်။ ပါးစပ်တွေက လည်း ပွစိပွစိ ...

"ထိုက် ... မင်းကွာ ... ငါပါးကျိုးတော့မလို့ ကံကောင်းလို့ ..."

"ပိုပြီးကံကောင်းသေးတယ် စည်း ... မင်း သွားသုံးဆယ့် နှစ်ချောင်းလည်း သန်မာဖျတ်လတ်သေးတယ် ..."

စည်း ဆိုသော ကျွန်တော့်မှာ ယောင်တတ်တဲ့ အကျင့်တစ်ခုရှိသည်။ ကျွန်တော့်ခါးကို လာတို့ပြီး ခိုင်းရင် အကုန် လုပ်သည်။ ဒါပြောဆိုပြော ဒါလုပ်ဆိုလုပ်ပဲ။ ကျွန်တော့်ရဲ့ အချစ်ဆုံး သူငယ်ချင်းထိုက်ခွန်ကလည်း ထိုအချက်ကို အသုံးချကာ ကျွန်တော့် ကို မကြာခဏ ချောက်ချနေကျ။

"ထိုက် ဒီတစ်ခါတော့ မင်းလွန်တယ်ကွာ ... ချောကလက် ရောင် သရီးစတက်ဖ်ကို ငါစိတ်ဝင်စားနေတယ်ဆို ... ခု တော့ ... ငါ ဘယ်လိုရှေ့ဆက်ရမလဲ ..."



"အောင်မာ ... မင်းက ကျေးဇူးမတင်ဘဲ အပြစ်လာတင်နေ တယ် ..."

"ဩော် ... ကျေးဇူးရှင် ... ကျေးဇူးရှင်လုပ်လို့ သွားပြီလေ၊ ပျက်စီးပြီလေ ..."

"ဘာမှ မပျက်စီးဘူး ... အစလေးတောင် မပျိုးရဲသေးတဲ့ မင်းကို ငါအရောက်ပို့ပေးလိုက်တာ ... ခုလောက်ဆို မင်း ကို သူမ မှတ်မိသွားလောက်ပြီ ..."

"ဘယ်လိုမှတ်သွားမှာလဲ ... ကြာကူရိုကောင်ဆိုပြီးမှတ်သွား မှာလား ..."

"ဘယ်လိုပဲ မှတ်မှတ်လေ ... အဓိက,က မှတ်မိသွားဖို့ အရေး ကြီးတာပဲကို ..."

"တော်ပါ မင်းလုပ်လိုက်တာ ငါ ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး ..."

"ငါ ဖန်ပေးရမှာပေါ့ကွာ ... ပို့မယ့်ပို့ ဂိတ်ဆုံးအထိ ပို့ပေး မှာပေါ့ ..."

"တော် ... မောင်ထိုက် ... ပါးစပ်ပိတ်ပြီး သွားပါစေ့ထား၊ ရှေ့နေဗွားလို့ ထောင်လုံးလုံး အကျမခံနိုင်ဘူး ... တော် ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ... ဆံရှည်မလေးက မင်းကို သနားကြည့်လေးကြည့်သွားတယ်ကွာ ... "

"တော်ပါကွာ ... ဘုတစ်ရာနဲ့ မစနဲ့ ... "

"ဟား ဟား ... အညိုရောင်လေးပါကွာ ... ရက်ရက်စက်စက် Nick Name တွေ မပေးစမ်းပါနဲ့ ... "

"နေဦး ထိုက် ... မင်း အဲဒီ ဘုတစ်ရာကိုကြိုက်နေတာလား၊ မင်းဆီက အဲဒီအသံပဲ တစ်နေကုန်ကြားနေရတယ် ... "

"ဟုတ်တယ် ... "

"ဘာ ... "

"ဟုတ်တယ် ... အညိုရောင်လေးက ရင်အေးတယ်ကွာ"

"ဟိတ်ကောင် ထိုက် ... အဲဒါကြီးတော့ မလုပ်နဲ့ကွာ ... မင်းနဲ့မကိုက်ပါဘူး ... "

"ဘာလဲ ... အပေါ်ယံအရေပြားတစ်ထောက် မလိုက်တာလား ... "

"ကျွတ် ... "

ကျွန်တော်က တက္ကသိုလ်မှာ ကင်းဖြစ်ခဲ့ဖူးသော ထိုက်ခွန်ကိုကြည့်ကာ ခေါင်းယမ်းလိုက်သည်။ ထိုက်နှင့် ထိုရုပ်ဆိုးမလေး ဘယ်လိုမှ မလိုက်ဖက်။





ထိုက်ခွန်နဲ့ စည်းဆိုရင် သူတို့ခေတ်က တက္ကသိုလ်ကျောင်းသူတွေ မသိသူမရှိ။

ထိုက်ခွန်က Physics က ကင်း ... စည်းက Maths က ကင်း ... ထိုကင်းနှစ်ကောင် အတွဲညီကြသည်။ ရည်းစားသနာကိစ္စလည်း စိတ်မဝင်စားကြ။ မေဂျာရဲ့ ဘော်လီဘော လက်ရွေးစင်တွေလည်း ဖြစ်ကြသေးသည်မို့။

ထိုက်ခွန်နှင့် စည်း စိတ်ဝမ်းကွဲချိန်က ဘော်လီဘောဗိုလ်လုပွဲတစ်ချိန်ပဲရှိသည်။ ဖိုင်နယ်မှာ သူတို့နှစ်သင်းတွေ့ကြပြီဆိုရင် သူငယ်ချင်းဆိုတာကိုတောင် မေ့ကြပြီး ရေကုန်ရေခမ်း။

ဒါပေမဲ့ ပြိုင်ပွဲပြီးလို့ ဘယ်အသင်းပဲနိုင်နိုင်၊ စိတ်ထဲဘာမှမရှိကြဘဲ ပခုံးပြေးဖက်ကြပြီ။

အဲဒီသူငယ်ချင်းနှစ်ယောက်ဟာ ကျောင်းပြီးတော့လည်း မခွဲဖြစ်တော့ဘဲ စီးပွားရေးစပ်တူလုပ်ဖြစ်ကြသည်။

သူတို့နှစ်ဦးဟာ အားကစားလိုက်စားရခြင်းကို ဝါသနာထုံတာမို့ နှစ်ဦးသဘောတူ အားကစားပစ္စည်းအရောင်းဆိုင်တစ်ဆိုင် ဖွင့်လိုက်သည်။ သူတို့ဆိုင်မှာ အားကစားဝတ်စုံဆို ဂေါ့ဖ်ရိုက်သည့် ဝတ်စုံအထိရှိသည်။ အားကစားပစ္စည်းဆိုရင်လည်း နှီးခြင်းလုံးမှ အစပြုပြီး ပြေးစက်တွေ Message Chair တွေအထိရှိသည်။

www.burmeseclassic.com



မြေနီကုန်းထောင့်လို အချက်အချာကျသည့် နေရာလည်းဖြစ်၊ ကိုယ့်ခြံကိုယ့်ဝင်းနဲ့ ကားပါ့ခ်ကင်ကလည်းကောင်း၊ ဈေးနှုန်းကလည်း သက်သာတာမို့ သူတို့ဆိုင်က အလုပ်ဖြစ်ပါသည်။ Message Chair လိုမျိုး ပြေးစက်လိုမျိုး ပစ္စည်းကြီးတွေဆို အိမ်အထိလိုက်ပို့ပေးသည့် ဝန်ဆောင်မှုပါရှိတာမို့ ပြီးတော့ လျှပ်စစ်နှင့် ပတ်သက်သော ပစ္စည်းတွေကို အာမခံကတ်ပြားပေးသလို ပျက်သွားလျှင်လည်း သူတို့ဆီမှာ ပြန်လာပြနိုင်အောင် Service Centre တစ်ခုပါ ဖွင့်ထားပေးသေးသည်။

ကျောင်းပြီးပြီးချင်း ဖွင့်ခဲ့တာမို့ ငါးနှစ်အတွင်းမှာ သူတို့ဆိုင်က တော်တော်အောင်မြင်နေပေပြီ။ ခုဆို ဆိုင်ခွဲတစ်ခု ထပ်ဖွင့်ဖို့တောင် စဉ်းစားနေကြပြီ။

ပြီးတော့ ... သူတို့နှစ်ယောက်မှာလည်း နှစ်ဆယ့်ခြောက်နှစ်အရွယ် သူဌေးပေါက်စ လုပ်ငန်းရှင်ကလေးတွေဖြစ်နေကြပြီ။ ဒီဆိုင်တစ်ခုတည်းကြောင့်တော့ မဟုတ်။

စည်းက သူ့အဖေရဲ့ဆောက်လုပ်ရေးကုမ္ပဏီမှာ ဝင်ကူရင်း သူကိုယ်တိုင်လည်း ကန်ထရိုက်တာအဖြစ် Project နှစ်ခု သုံးခုဆောက်ပြီးပြီ။ အဆင်ပြေတော့ သူ့အဖေကုမ္ပဏီမှာ ရှယ်ယာထပ်ထည့်ပြီး လုပ်ငန်းကိုချဲ့သည်။





ထိုက်ခွန်က တောင်ကြီးသား။ မိဘတွေက ဥယျာဉ်ခြံပိုင်ရှင်တွေ စီးပွားရေးက လှေကြီးထိုးရိုးရိုး။

ဒီတော့ကာ ထိုက်ခွန်က တစ်မျိုးချဲ့သည်။ မိဘတွေ ခြံထွက်ပစ္စည်းတွေကို အသုံးချကာ အချိုရည်စက်ရုံထောင်သည်။ ဘူးလှလှလေးတွေ ဒီဇိုင်းထုတ်ကာ တံဆိပ်သစ်တစ်ခုထွင်ပြီး င်းသည်။ လုပ်တော့ အောင်မြင်တာပေါ့။ မလုပ်ဘဲနေရင်သာ ဥယျာဉ်ခြံအလုပ်က ပုံမှန်အတိုင်း ဆက်သွားနေမှာ။ ခေတ်လူငယ် တော့လည်း အမြင်ရှိတာပေါ့လေ။

ခုဆို ထိုက်ခွန်တစ်ယောက် နိုင်ငံခြားမှာ ဝိုင်သင် န်းတွေ သွားတက်ဦးမည်။

ပြီးရင် စပျစ်ဝိုင်၊ မက်မန်းဝိုင်၊ လိမ္မော်ဝိုင် စတာတွေ ်ဖို့ အစီအစဉ်ရှိသေးရဲ့။ ထို့ကြောင့် ပြင်ဦးလွင်နှင့် မိတ္ထီလာ ်တွေမှာ မက်မန်းခြံတွေ၊ စပျစ်စိုက်ဖို့ခြံတွေ ဝယ်ထားပြီး ာင်ကြီးမှာလည်း ဥယျာဉ်ခြံတွေ ထပ်ချဲ့သည်။

စီးပွားရေးအကွက်တွေ တစ်ကွက်ပြီး တစ်ကွက် ်ကျော်ရိုက်နေသော သူတို့နှစ်ယောက်ဟာ မိဘတွေအတွက် ည်း လက်ရုံးတွေ ဖြစ်လာကြပြီ။

သို့သော် လဲစ်ဟာမှု ကွက်လပ်တစ်ခုစီ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ဒီနေ့အထိ မစွံနိုင်ကြသေးခြင်းပင်။

မရလို့ မစွံတာမဟုတ်ဘဲ စွံချင်စိတ်ပေးနိုင်တဲ့သူကို မတွေ့သေးတာမျိုး။

ဟော ခုတော့ ထိုက် ပါးစပ်က ထွက်လာတာက ဘုတစ်ရာလေး။ ဘုတစ်ရာကိုမှ သတိပြုမိတဲ့ ကိုယ်တော်ချော စည်း ကိုယ်တိုင်လည်း သူမတို့ အဖွဲ့ကို သတိထားမိတာကြာပြီ။

ဘာလို့လဲဆိုတော့ ထိုက်နဲ့ စည်းရဲ့ အကြိုက်ချင်းတူတဲ့ အကျင့်တစ်ခုက မနက်စောစော လက်ဖက်ရည်ဆိုင်ထိုင်ရခြင်းပင်။ လက်ဖက်ရည်စစ်စစ်ကို ပြောတာနော်။ မွှေးပျံ့အေးသစ်နေတဲ့ ကော်ဖီရှောပ်တွေထက် 'ဝမ်းတီး' 'တူးကော်' 'ကျောက်ပန်းတောင်း' တွေ အော်တတ်တဲ့ လက်ဖက်ရည်ဆိုင်စစ်စစ် သရုပ်မှန် သဏ္ဍာန်မှန် လက်ဖက်ရည်ဆိုင်တွေမှာ ထိုင်ချင်တာ။

ဖြစ်ချင်တော့ သူတို့ ထိုင်နေကြ လက်ဖက်ရည်ဆိုင်ရဲ့ အပေါ်ထပ်မှာ LCCI သင်တန်းတစ်ခုရှိပြီး ထိုသင်တန်းမှ ဆင်းလာသူတွေကို ငေးမိငေးရာ မျက်စိအစာကျွေးတတ်သူတွေက သင်တန်းဆင်းချိန်နီးဆို ခုံအပြည့် နေရာယူထားကြပြီ။

အဲဒီ သင်တန်းမှာ မကြာသေးခင်က တန်းခွဲသစ်စသည် ထင်ပါရဲ့။ သူမတို့ကို သူတို့တွေ့ရတာ သိပ်မကြာသေး။ ထို





အဖွဲ့ကို လက်ဖက်ရည်ဆိုင်ထိုင် သကောင့်သားတော်တော်များများ မျက်စိကျသည်။ ကျဆို ဘုတစ်ရာကလွဲရင် ကျန်သုံးယောက်မှာ တစ်ယောက်တစ်မျိုး ချစ်စရာကောင်းကြသည်။ စည်း တောင် ချောကလက်ရောင် ကောင်မလေးကို သဘောကျသွားသည်။ မျက်လုံး ကြည်ကြည်ဝိုင်းဝိုင်းလေးတွေနှင့် မသကာရှိလှ ဆယ်ကိုးနှစ် အရွယ် ထိုကောင်မလေးက တော်တော်ချစ်စရာကောင်းသည်။

ပြီးတော့ သူမက အမြဲလိုလို အသားကပ်ဘောင်းဘီ ရောင်စုံဝတ်တတ်ပြီး။ အင်္ကျီရှည်တွေနှင့်သာ တွေ့ရတတ်သည်။

ဘယ်တုန်းကမှ မလှုပ်ရှားခဲ့ဖူးတဲ့ နှလုံးသား သူမနှင့်ကျမှ ကျင်စက်နှင့် အတို့ခံရသလို တုန်ရီလာခဲ့တာပါ။

ထားပါ။ ထိုကောင်မလေး ချစ်စရာကောင်းလို့ တုန်တာ။ ထိုက်ကတော့ ကြောင်သည်။ ရုပ်ဆိုးမလေးကိုမှ ကြွေသတဲ့ လေ။ တကယ်ဆိုရင်တော့ မရရအောင် ဖျက်ရမည်။

"ဟိတ်ကောင် ... ဘာတွေတွေးနေတာလဲ"

"ဖျက်မယ်ကွ"

ထိုက်က ကျွန်တော့်လက်ပြင်ကို ဖြောင်းခနဲ ရိုက်ပြီး ဆေးလိုက်ရာ ကျွန်တော် ယောင်ပြီး လက်သီးလက်မောင်းထ တန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ... ဘာကြောင်တာလဲဟ"

"ဟာ ... ငါ အတွေးထဲမှာ မင်းနဲ့ ဘုတစ်ရာကို ဖျက်ကိုဖျက်ရမယ်လို့ တွေးနေလို့ကွ... အဲဒါ မင်းရိုက်လိုက်တော့ ယောင်သွားတာ"

"တော်သေးတာပေါ့ကွာ ... မင်းတစ်ယောက်ကို သတ်ချင်တယ်လို့များ တွေးနေရင် အနီးဆုံးက ငါအနည်းဆုံးတော့ လည်ပင်းညှစ်ခံရဖို့နီးတယ်"

"ဟား ဟား ... ဒါတော့ မင်းက ငါ့ကို ယောင်အောင်လုပ်ရင် ခံရမှာပေါ့ကွာ"

"ထားပါ ... ငါ ဖီလင်တောင်ပျက်သွားပြီ ... ခုန ငါ့ရဲ့ အညိုရောင်လေး"

"ဘုတစ်ရာပါကွာ"

လိုက်က မကျေမနပ် မျက်မှောင်ကုပ်ကြည့်ပြီး ...

"သူမကလေးရဲ့ အမည်နာမက ချစ်စရာကောင်းတယ်ကွ ငွေပန်းတဲ့ ... "

"ဟမ် ... ဘာနာမည်ကြီးလဲ ... ဒါနဲ့ ... ငါ့ ချောကလက်ကရော ဘယ်သူလဲ"

"ဘယ်သိမလဲ ... ငါမှ စိတ်မစင်စားတာ ... "





"ခွေးကောင် ... "

"အဲဒါ ... သူငယ်ချင်း ... "

"မင်းကလည်း ... သူ့သူငယ်ချင်းတွေ နာမည်ကို စုံစမ်းတော့ ဘာဖြစ်မှာကျနေတာပဲ"

"ပြောပြီးပြီလေ ... ငါမှ စိတ်မဝင်စားတာ"

"ထားလိုက်တော့ ... ရှိစေတော့"

"ဘယ်မှာထားရမှာလဲ"

"In pocket"

"အဲဒါ မင်းသူငယ်ချင်း"

အဲဒီနောက် သူတို့ ငွေရှင်းဖို့ စားပွဲထိုးကို ခေါ်လိုက်သည်။ ထိုက်က စည်းခါးကို တစ်ချက်တို့လိုက်သည်။

စည်းက ထိုက်လက်ထဲထိုးထည့်ပေးလာသော ငါးကျပ်တန်ကို စားပွဲထိုးလက်ထဲ အတင်းထိုးပေးကာ ...

"ပြန်မအမ်းနဲ့တော့ ညီလေး ... ပြန်မအမ်းနဲ့"

စားပွဲထိုးလေးက အသစ်မို့ သူတို့အထာကိုမသိဘဲ ပြုံးကြောင်ကြောင်အကြောင်းသိပြီး ခံရပြီးသော ကျန်စားပွဲထိုးတွေက လှမ်းကြည့်ကာ ပြုံးစိစိ။

ထိုက်က လစ်သွားပြီး စည်းက ယောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တုန်း ခဏအကြာမှ သတိဝင်လာကာ ပိုက်ဆံရှင်းပြီး ထ,ထွက်သွားလေ။

ပါးစပ်ကတော့ ထုံးစံအတိုင်း ထိုက်ကို မေတ္တာမျှီး‌နေ့ ပို့နေမိသည်။

ထိုက်ကလည်း ကားပေါ်မှ စောင့်ရင်း သူ ဘာမှ မလုပ်ထားသလို မျက်နှာပေးနှင့် လေလေးချွန်လို့ ...

☘





"ဟွဲ ... ဆည်းလည်း ... ခုနကတစ်ယောက် တော်တော်ကြောင်ရဲတာပဲဟယ်"

ဟု ပိုးစုက တစ်ခွန်းစလိုက်လျှင် ...

"ဟုတ်ပ ... ဟုတ်ပ ... လေးယောက်လုံးကို ချစ်သတဲ့... ဒင်းကတော့ ဆူးကြိုးချင်ပြီထင်တယ်"

"ဟယ် ... ဆည်းလည်းစုတ် ညစ်ပတ်တယ်"

"ဟာ ငါပြောတာက ... ငါတို့လေးယောက် ပိုင်းသာမလိုက်လို့ ဒင်းခြေကျိုးလက်ကျိုးမှာကိုပြောတာ ... စားတွေးတွေးပါ"

"မြတ်နုလည်းလေ ပါးကို ဆွဲတီးပစ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ … နှာခေါင်းနဲ့လား"

"ဆည်းလည်း … ဘယ်လိုဖြစ်နေတာလဲ"

"ဟဲ ဟဲ"

ဆည်းလည်းက တစ်ဖွဲ့လုံးမှာ မျက်နှာအပြောင်ဆုံး ပိုးစုနှင့် မြတ်နု တရုတ်ကပြားမလေးနှစ်ယောက်ကတော့ ဆည်းလည်းလောက် မျက်နှာမပြောင်သလို ငွေပန်းလောက်လည်း … မတည်ပါ။

သူတို့ထဲမှာ သူကြီးသမီးက ငွေပန်း။ တစ်ခါတစ်ရံ မင်္ဂလာဆောင်တွေသွားရင် ရွှေခြေကျင်းကြီး ငါးကျပ်သားလောက် ဝတ်တတ်၍ သူကြီးသမီးဘွဲ့ပေးထားတာလေ။

ပြီးတော့ ငွေပန်းက လုံချည်ကို ခြေမျက်စိပေါ် အောင် မဝတ်တတ်သော ဣန္ဒြေရှင်မမ။

တကယ်တော့ ငွေပန်းရဲ့စိတ်ကို ကျန်သုံးဦးက မသိ ကြလို့ ငွေပန်းဟာ တစ်ဖွဲ့လုံးမှာ သူမ ရုပ်အဆိုးဆုံးဆိုတာကို သူမ ဘာသာသိကာ ဘယ်နေရာမဆို သူမတို့လို မထင်ပေါ်ဝံ့လို့ လျှိုရင်း လျှိုရင်း ဣန္ဒြေရှင်လိုလို ဖြစ်သွားရတာပါ။

ခေတ်မီသော အဝတ်အစားတွေ ဝတ်ရင်လည်း … အသားဖြူသောသူမ သူငယ်ချင်းတွေကြားမှာ ဘယ်လိုမှ ပုံမလာမှာ





သိနေတာမို့ ကိုယ့်ဘာသာ စတိုင်လ်လုပ်မလိုင်ထုတ်ပြီး မြန်မာ ဆန်ဆန် ဝတ်နေရတာ။

နဂိုခံကိုက ဆံပင်ကောင်းတာမို့ မလှသော ရုပ်က လေးကို ဖုံးရအောင် ဆံပင်ရှည်ထားရတာ တစ်ခါတလေ သူများ တွေလို ညှပ်လိုက်ဆက်လိုက်၊ ဖြောင့်လိုက်ကောက်လိုက်လုပ်ချင် သား။

သို့သော် ထိုသို့သော ငွေပန်းရဲ့ အတွင်းစိတ်ကို မွေး သမိခင်တောင် တစ်စက်ကလေး မရိပ်မိခဲ့။ ငွေပန်းတို့က အဲဒီလို ချုပ်တီးထားတာ။

ခုလည်း ငွေပန်းဟာ မနက်က အစ်ကိုကြီး (ငွေပန်း တို့ထက် သုံးလေးနှစ်တော့ ကြီးနိုင်တာမို့ အစ်ကိုကြီးပေါ့)ကို တွေ့ တွေ့ချင်း ရင်ထဲမှာ ငလျှင်လှုပ်သလို တော်လဲသံမြည်သွားတာကို ဘယ်သူမှ မပြောပါဘူး။

ဆည်းလည်းတို့သုံးယောက်သာ ထိုအကြောင်းကို ပြန်ပြောလောင်စိန်လုပ်နေကြတာ။ ငွေပန်းကတော့ မနက်က သင် သားလိုက်သော သင်ခန်းစာတွေကို ဖွင့်ဖတ်နေလိုက်သည်။ စာလုံး တွေ ခေါင်းထဲရောက်မရောက် ဘယ်သူသိတာကျလို့။ ဆည်းလည်း ဆီမှ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ပုံစံက ... ငါတို့ရဲ့ စိတ်ဝင်စားမှုကို လိုချင်လို့ လုပ်တဲ့ပုံဟ ... လူကု ကြောင်မနေဘဲ လှိုက်လှိုက်လှဲလှဲကြီးကို ပြောလိုက်တာ ... "

"ဧကန္တ ဒင်းစိတ်က ဖောက်ပြန်ပြီး လေးယောက်လုံးကိုများ ရင်ခုန်နေသလားကွယ် ... "

မိန်းကလေးပီသစွာ ဟီးဟီးဟားဟား လုပ်နေကြသည်။

"ဘာပဲဖြစ်ဖြစ် သူသည် ... ငါတို့ထဲ တစ်ယောက်ယောက်ကို စိတ်ဝင်စားတာတော့ သေချာတယ် ဆရာ"

"နင်ပဲ ထင်တယ် ... ငွေပန်း"

ဆည်းလည်းက သူ့ဘက် မြှားဦးချိန်သည်။ သူမရင်ဘတ်က ဒုတ်ခနဲ ပါးစပ်ကတော့ ...

"ပေါက်ကရတွေ မှစနဲ့ဟာ ... ငါမကြိုက်တာသိရက်သားနဲ့"

"ဟုတ်ကဲ့ပါ ... သူကြီးသမီး ကျောင်းအစ်မရယ်"

ထို့နောက် ထိုအကြောင်းအရာကို မေ့လျော့လိုက်ကြပြီး ကိုးရီးယားဇာတ်ကားတွေအကြောင်း လေတိုက်ပွဲဆင်နွှဲကြပြန်သည်။

ထုံးစံအတိုင်း ရှင်ဒေါင်းဟန်ကို ပိုးစုနဲ့ မြတ်နု လုရင်း





ကားပိုင်း အဆုံးသတ်လိုက်ကြစမြဲ။

ထို့နောက် သူတို့မှတ်တိုင်မှာပဲ ကိုယ်စီးရမယ့် ကားါ ကိုယ်စီပြေးတက်ရင်း လမ်းခွဲကြစမြဲ။

ထိုနေ့က ငွေပန်း ရင်လေးနေသည်။ သူမ ရင်ထဲမှာ ို့အစ်ကိုကြီး ပါလာတယ်လေ။ တိတ်တိတ်လေး ဟီးလေးခိုပြီး သိုက်လာတာပေါ့ ... ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် သင်တန်းဆင်းကာနီး အချိန်မှာ မြေနီကုန်းနားမှာ ရင်ခုန်သံနှစ်ခုဖြစ်ထွက်သွားကာ ကာယကံရှင် နှစ်ဦးသာ အသိဆုံးဖြစ်မည်။

ထုံးစံအတိုင်း လှေကားက ဆင်းတော့ လက်ဖက်ရည်ဆိုင်က စည်းကို တွေ့သွားသော ငွေပန်း ခြေလှမ်းပင် မှားချင်လောက်အောင် လူက ကယောင်ကတမ်းဖြစ်သွားရသလို ငွေပန်းရဲ့ မခို့တရို့ဟန်ပန်လေးကို တွေ့လိုက်ရသော ထိုက်ခွန်တစ်ယောက်လည်း နှလုံးသား ပြောင်းပြန်လန်သွားရသည်။

မနေ့က ချောက်ထဲကျထားသော စည်းကလည်း ငြိမ်ကုတ်ကာ ဆည်းလည်းကို ငေးနေသည်။





ပိုးစုတို့ ညီအစ်မက ဆည်းလည်းဘက်လှည့်ကာ ...

"ရှင်ပဲ ... ပစ်မှတ်ကြီးက ရှင်ပဲ ... မျက်လုံးကြီးနဲ့ ချိန်နေတယ်တော့ ...

"ဝါးဟားဝါးဟား ရေခဲမုန့်စားချင်တယ်တော့"

ဆည်းလည်းက လှောင်သည်။ ထိုက်ခွန်က ငြိမ့်ငြိမ့်ကလေး ငေးနေသည်။

စည်းက မတ်တတ်ထရပ်သည်။

"စည်း လိုက်မလို့လား ... "

စည်းက ထိုက်ကို ပြန်မဖြေဘဲ ဆိုင်ပြင်ပြေးထွက်သွားပြီး တစ်စုံတစ်ရာကို ကောက်ယူလိုက်ကာ ဆည်းလည်းနောက် ပြေးလိုက်သည်။

"ဆည်းလည်းချို ... "

ဆည်းလည်း ... လှည့်ကြည့်တော့ သင်တန်းကတ်ကလေး လိုင်စင်ပုံပါသော Name Card လေးကြောင့် သူမ နာမည်ကို သိခွင့်ရလိုက်ပြီ။

"ကျေးဇူးတင်တဲ့အနေနဲ့ ... လက်ဖက်ရည်လိုက်သောက်ပေးရမလား ... "

"ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ... မတိုက်ချင်လို့လား"

"ဟာ ... တိုက်ပါတယ် ... တိုက်မှာပါ"

"ဆည်းလည်းကလည်း ငါ့အချိန်မရဘူး ... "

ဘုတစ်ရာက ငြင်းသည်။ စည်းက အဖျက်သမားကို မဘုတစ်ဘု ရှီးလိုက်ပြီး ဆည်းလည်းကို ပြုံးပြသည်။

ပိုးစုတို့ လူကြီးသူမနှစ်ယောက်က နှာစေးကာ မသိချင်ယောင်ဆောင်နေကြသည်။

"ဆယ့်ငါးမိနစ်လောက်ပဲ ကြာမှာပါ ... ငွေပန်းရဲ့"

"ငါ လက်ဖက်ရည်ဆိုင် မထိုင်ရဲဘူး ... ရတယ် နင်ထိုင်ချင်ရင်ထိုင်လေ ... ပိုးစုတို့ရောပဲ ထိုင်ချင်ရင် ထိုင်ကြနော် ... ငါသွားနှင့်ပြီ ... "

စကားပြန်မရခင် သူမ ထွက်သွားသည်။

"ငွေပန်း ... "

ငွေပန်းက လှည့်မကြည့်။ စည်းကတော့ သူမ မထိုင်လေကြိုက်လေပဲ။ သူမပါလာရင် ထိုက်က သံယောဇဉ်အမျှင်တန်းနေဦးမည်လေ။

သူမတို့သုံးယောက် ဆိုင်ထဲဝင်လာပြီး သူတို့ဝိုင်းမှာထိုင်တော့ သကောင့်သားတွေ အားကျကြည့်ဖြင့် ဝိုင်းကြည့်တာ





ခံရသည်။

ကြည့်စမ်း မိန်းမလှလေးတွေဟာ သူတို့အတွက် တစ်ခါတစ်ရံလည်း ဂုဏ်တက်စေသော အရာတွေပါလား။

"ကဲ ... ကျွန်မနာမည်တော့ မကြေညာတော့ဘူး ... သူက ပိုးစုတဲ့ ... ဒီဘက်က မြတ်နု ... သူတို့က ညီအစ်မတော်တယ် ... ခုနထွက်သွားတဲ့ တစ်ယောက်က ငွေပန်းဖြူ"

"ဟုတ်ကဲ့ ... ကျွန်တော် 'စည်း'ပါ ... ဒါက ကျွန်တော့် Assistant လေ ထိုက်ခွန်"

"မင်းကြီးဒေါ် Assistant လား ... "

"မလုပ်နဲ့ကွာ ... ငါ့ကြီးဒေါ်ရဲ့ Assistant ဆို ... မင်း ပိုပြီး Roll ကျသွားမှာကွာ စေတနာတွေပါ ... "

"စည်း ... စည်း ... မင်းက ဒီအတိုင်းမနေချင်ဘူး ထင်တယ် ဟုတ်စ မောင်မင်း ... "

"ဆရာ ... ဆရာ ... ကျွန်တော် ညနေ One Table ပါဆရာ"

"ကောင်းပြီ ဆက်ပြော ... "

"ကိုထိုက်ခွမ် ... "

"ထိုက်ခွန်ပါဗျာ ... ဘယ့်နှယ့် လူကို တရုတ်သူရဲကောင်းနဲ့ လာမှားနေတာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"တရုပ်သူရဲကောင်းတွေထဲမှာ ထွိုက်ခွမ်ဆိုတာ ရှိလို့လား"

"မသိဘူးလေ … မှားရင်တောင် သူရဲကောင်းနဲ့ မှားစေချင်လို့ … "

"နာမည်တောင် ရိုက္ခာယူချင်တယ် … "

"မှားမယ်မှား … အမှားမကောင်းပဲမှားတော့ မှာပေါ့ကွ"

"နာမည်က ခေါ်ရခက်ကြီး … "

"ခေါ်ရခက်ရင် စည်းခေါ်သလို ထိုက်ပဲခေါ်လေ"

"ဟုတ်ကဲ့ … ဒါပေမဲ့ ကိုထိုက်တို့က ဆည်းလည်းတို့ထက် အသက်ပိုကြီးမယ် ထင်တယ် … "

"ပြောပြဘူး … သတ်ချင်သတ် … "

"သေမင်းကြားမှာ ဆိုးလို့လား … "

"ဟုတ်တယ် … မကောင်းမှုတွေအတွက် ငရဲမင်းကို လာဘ်မထိုးရသေးလို့ … "

"ကြံကြံဖန်ဖန် … "

"ဆည်းလည်းတို့အားလုံး နှစ်ဆယ်မပြည့်သေးဘူး … "

"ကိုယ်တို့က တွမ်တီဆစ်ခ် … "

"အစ်ကိုကြီး … "

"ညီမငေး … "





မဆိုးဘူး။ သူတို့နှစ်ယောက်နှင့် သူမတို့အဖွဲ့ အတိုင်အဖောက်ညီကြသည်။

စည်းကတော့ ဆည်းလည်းနဲ့ ခင်မင်ခွင့်ရတာကို ပါးစပ် နားရွက်ချိတ်နေပြီ။

ထိုက်ကတော့ စကားပြောနေရင်း သူ့ရဲ့အညိုရောင်အလေးဆီ စိတ်က ရောက်ဖြစ်သည်။

ထိုနေ့က သူတို့စကားတွေ တော်တော်ပြောဖြစ်ကြသည်။ သူမတို့ လေးယောက်လုံး သချာနှင့် ကျောင်းပြီးပြီဆိုတာလည်းပါသည်။ LCCI တက်ပြီး ကုမ္ပဏီတွေမှာ အလုပ်ဝင်လုပ်ချင်တာလည်းပါသည်။ ဆည်းလည်းက အစအနောက်သန်ပြီး ငွေပန်းမှုက အနေအေးတာလည်းပါသည်။ ပိုးစုတို့ညီအစ်မ ရှင်ဒေါင်ဟန်နဲ့တူတာလည်း ပါသည်။ လိုင်းကားတိုးစီးရင်း ကားကျပ်တာလည်းပါသည်။ တစ်ခါတစ်ရံ လူကျပ်ရင် မသမာသူတွေနှင့် ဆုံရတတ်တာလည်းပါသည်။

စုစုပေါင်း ကစ်နာရီခန့်ကြာတော့ လက်ဖက်ရည်ချက်တွေမှာ လက်ဖက်ရည်စက်လောက်ပဲကျန်ပြီး စားပွဲပေါ်မှာ မုန့်သည့်သည့် ပန်းကန်နှင့် ရေနွေးကြမ်းတို့ ပေါ့ရွတ်ရွတ်သာ ကျန်တော့မို့။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ နှုတ်ဆက်ကြပြီ ... ။

ထိုက် ဒီနေ့တော့ စည်းကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။ ခါးကို တို့ချင်သည့် စိတ်ကို အောင့်ထားလိုက်သည်။

ဒီနေ့မှ လမ်းခင်းထားတာမို့ ကောင်မလေးတွေရှေ့ စည်း အမှတ်ကျလို့မဖြစ်တာ သူနားလည်သည်။

"ထိုက်ရေ ... ဒီနေ့တော့ တန်တယ်ကွာ"

"ဟုတ်ပ ... သူတို့အကြောင်းတွေ ပြောသွားလိုက်တာ အိတ်သွန်စကောမှောက်ပဲ ... "

"ဖာမှောက်ပါကွာ ... "

"ဒီရန်ကုန်မှာ ဖာမရှိတော့ဘူးကွာ" (ထန်းခေါက်ဖာ)

သူတို့ အကြောင်းကိုတော့ လျှို့ထားလိုက်သည်။ ဘွဲ့ရပြီး နှစ်ဦးရှယ်ကာ ဆိုင်တစ်ဆိုင် ဖွင့်ထားကြောင်းလောက်ပဲ အသိပေးလိုက်သည်။ ကဲ ရှေ့ဆက်စခန်းသွားကြဦးစို့လေ။

☘





နောက်ပိုင်းတွေမှာဆို သူမတို့ သုံးယောက်နဲ့ သူတို့နှစ်ယောက် သင်တန်းနေ့တွေတိုင်း လက်ဖက်ရည်ဆိုင် အတူထိုင်ကြသည်။

ထိုသို့ ထိုင်လေတိုင်း ငွေပန်းက ဘယ်တော့မှ မပါ။ ငွေပန်းဟာ ယောကျ်ားလေးအပေါင်းအသင်းတွေနှင့် ရောရောနှောနှော မနေတတ်ပါတဲ့။ ကြီးကျယ်လိုက်တာဟု စည်းက မဲ့ရွဲ့ကာ ပြော၏။

ထိုက်ကတော့ သဘောကျပြီးရင်း ကျနေသည်။

သို့သော် ငွေပန်းဟာ သူမ ဘာသာကျိတ်ဝမ်းနည်းနေတာကို လူသိမှာစိုးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူတို့တွေနှင့် ရောရောနှောနှော မနေသော်လည်း တစ်နေ့တစ်နေ့ ပေါက်ပေါက်ဖောက်သလို ပြောတတ်သော သူမသူငယ်ချင်းတွေဟာ ခုတစ်လော ခေါင်းစဉ်က စည်းအကြောင်း ဖြစ်နေသည်။

စည်း ... သူမချစ်သော စည်း။ ထိုစည်းဟာ ဆည်းလည်းကိုမှ သဘောကျနေပါသတဲ့။

စည်း လာပြီး ချဉ်းကပ်တည်းက သူမကို မဖြစ်နိုင်ဘူးဟု စိတ်ထဲမှာ လက်ခံထားသော်လည်း တကယ်တမ်း ဆည်းလည်းကိုဟု တိတိကျကျ သိလိုက်ရတော့ ရင်ထဲမှာ တော်တော်မေနည်းရသည်။

ဘယ်သူမျှ မသိပေမယ့် ကိုယ့်ဘာသာ အသဲကွဲသွားသေးသည်။ ထို့နောက် သူမဟာ သူတို့အဖွဲ့ကျသည့် အထဲကို ဘယ်တော့မှ မဝင်ဖို့လည်း သန္နိဋ္ဌာန် ချလိုက်သည်။

ဆည်းလည်းတို့ကတော့ သူမကို အတင်းခေါ်သည်။ သူမကလည်း အတင်းငြင်းရပါ၏။

"ငွေပန်းရယ် ... ဟိုနှစ်ယောက်က လမ်းဘေးအနေအထားတွေလည်း မဟုတ်ရပါဘူးဟာ ... တကယ်အတည်အကြံလေးတွေပါ ... ခင်စရာလည်းကောင်းမှကောင်းပဲ"





"အေးပါ ... ခင်စရာကောင်းရင် နင်တို့ပဲ ဆက်ခင်ပါ ... ငါကတော့ အေးအေးနေပါရစေ ... ပြီးတော့ ငါ့မှာက နင်တို့သိတဲ့အတိုင်းလေ ... ထောက်ကြွံထိပြန်ရတာ ... လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ကုန်မခံချင်တာလည်း ပါတာပေါ့ဟာ ... အိမ်ရောက်ရင်လည်း ... အိမ်နားက ကလေးနှစ်ယောက်ကို စာပြပေးရသေးတာဆိုတော့ နင်တို့နဲ့ မထိုင်နိုင်ဘူးဖြစ်နေတာ ... "

"ကဲပါ ... သိပါပြီ ... သိပါပြီ ... ရှေ့ဆက်ပြောရင်လည်း... အကြောင်းပြချက်တွေက ကုန်မှာကို မဟုတ်ဘူး ... ရှိစေတော့ ... ဒါပေမဲ့ တစ်နေ့ကျရင် နင် သူတို့နှစ်ယောက်နဲ့ ခင်ကိုခင်စေရမယ် ... "

" Why ?"

"ဟဲဟဲ ... ငါနဲ့ ကိုစည်းတို့သာ ပတ်သက်ရာ ပတ်သက်ကြောင်းတွေဖြစ်လာကြရင် ... နင်က ငါ့မျက်နှာနဲ့ ကိုစည်းကို မဖြစ်မနေ ခင်ရတော့မယ်လေ ... "

တစ်ချိန်လုံး ငြိမ်နေသော ပိုးစုတို့ညီအစ်မက ခုမှ အသံထွက်လာသည်။

"ဟင် ... ရှင်က ဒီလိုလား ... ဆည်းလည်း ... ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ကြဲနေတာပေါ့လေ ... ဟွန်း”

“ကိုစည်းက အတည်အကြည်လေး ဆိုတော့လည်း ... ”

“အံမယ် ... ရှင်က ခုတော့ ဒီလိုဖြစ်ပြီပေါ့ ... ”

ငွေပန်း ဘက်ကနေ စည်းနဲ့ ဆည်းလည်းတို့ဘက်ကို ခေါင်းစဉ်ပြောင်းသွားသည်။

“ဆည်းလည်း ... ကိုစည်း မနေ့က ရှင့်ကို ဘာပေးလိုက်တာလဲ”

“ကြည့်စမ်း ... မြင်လိုက်တယ်ပေါ့ ... ”

“ဖြေပါ ... ဖြေပါ ... မြင်လို့မေးနေတာပါ ... ”

“သူ့ MP3လေးပါ ... အဲလက်စ်ရဲ့ ကလေးရယ် သီချင်းကိုပဲ သုံးကြိမ်ပြန်သွင်းထားတာ”

“အဲ တစ်ပုဒ်ပဲ ပါတာလား”

“ဟုတ်တယ် ... ”

“သုံးခါတောင် သွင်းထားတယ်”

“ဟုတ်ပါတယ် ဆို ... ”

“အဲဒါ ... ဘာစတိုင်လ်လဲ”

“သုံးကြိမ်ရဲ့ အဓိပ္ပာယ်က I Love youဆိုတဲ့ စာလုံးသုံးလုံးကို ကိုယ်စား ပြုတယ်တဲ့ ... ”





“ကြည့်စမ်း ... အဲဒီစကားကို ဘယ်အချိန်ပြောသွားတာလဲ”

“ငါ့ကို ကားဂိတ်လိုက်ပို့ရင်း နင်တို့မကြားအောင် တိုးတိုးလေး ကပ်ပြောသွားတာလေ ဟီဟိ ... ”

“ဟွန်း ... မိန်းမက အူမြူးနေတယ်”

ငွေပန်းကတော့ သူမတို့ စကားဝိုင်းထဲ ဝင်မပါဘဲ ဿနစာအုပ်တစ်အုပ် ဖွင့်ဖတ်နေသည်။ သို့သော် ထုံးစံအတိုင်း စာအုပ်ထဲမှာ စိတ်ဘယ်ရှိပါ့မလဲ။ နားကို အစွမ်းကုန်စွင့်ပြီး သူမတို့ ခေါင်းစဉ်က စကားလုံးတစ်လုံးတလေပင် အလေအလွင့်မရှိအောင် ားစွင့်နေတာ။ ဟော ပြောရင်းဆိုရင်း သူမ စိတ်အဝင်စားဆုံး ခေါင်းစဉ်ကို ရောက်လာပြီ။

“ဆည်းလည်း ... နင် ... ကိုစည်းကို ဘယ်လိုခံစားရလဲ”

“ကိုစည်းကို အစ်ကိုတစ်ယောက်လို ခင်တယ် ... ချစ်သူတစ်ယောက်လိုတော့ ခံစားလို့ မရသေးဘူး ... ဒါပေမဲ့ ရွေးမယ်ဆိုရင် ရွေးသင့်တဲ့အထဲမှာ ပါတယ်ဟ ... ”

“အံမယ် ... ဘကြောင့် ရွေးသင့်တယ်ဆိုပြီး အမှတ်တွေပေးလိုက်ရတာလဲ ... ”

“သြော် သူက (    )အားကစားပစ္စည်းဆိုင်ပိုင်ရှင်လေ ... အဲဒီအားကစားပစ္စည်းဆိုင်က သူနဲ့ကိုထိုက်နှစ်ဦးစပ်ဖွင့်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလေ ... ”

“ဟယ် ဟုတ်ပါရဲ့ ... ဟိုတလောကတောင် ဂျာနယ်ထဲပါလာသေးတယ် ... အဲဒီအားကစားပစ္စည်းဆိုင်အကြောင်းနဲ့ ဆိုင်ပိုင်ရှင် ရှယ်ယာရှင်နှစ်ယောက်အကြောင်း အင်တာဗျူးလည်း ဖတ်လိုက်ရတယ် ... ဓာတ်ပုံမပါတော့ နာမည်တွေကို အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားလို့သာ ... ”

ပိုးစု ဝင်ပြောတော့မှ ငွေပန်းလည်း အံ့သြသွားရသည်။ တကယ်ဆို ငွေပန်းလည်း အဲဒီဂျာနယ်ကို ဖတ်လိုက်ရသားပဲ။

ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေတဲ့ လုပ်ငန်းရှင်တွေ ဆိုပြီးတော့တောင် အားကျနေလိုက်သေးတာ။

ခုတော့ မမျှော်လင့်ဘဲ လာတိုက်ဆိုင်နေသည်။

“အဲဒါကြောင့် ပြောတာပေါ့ဟ ... အလားအလာရှိတဲ့ သူ့လိုလူကို ငါလို မျောက်ခြောက်က ဘာလို့လက်လွှတ်ခံရမှာလဲ ... ”

“ဟယ် ... နင်ကလည်း နှလုံးသားမပါဘဲနဲ့တော့ ... ရှေ့မတိုးပါနဲ့ ... တော်ကြာမှ နောင်တရနေမှာစိုးလို့ပြောတာ”

“ဟင်း ... ဟင်း ... နှလုံးသားတွေ သမုဒယတွေ ငါမသိ





ဘူး ... မြတ်နိုးအဓိကအရေးကြီးတာ ... ငပိုင်းပဲ ... ငပိုင်းလိုအပ်ရင် ငပိုင်းကို ဖန်တီးနိုင်တဲ့ သူနဲ့မှ ဖြစ်မှာပေါ့ ... နောက်ပိုင်း သံယောဇဉ်တွေ ဘာတွေ ဖြစ်လာတော့လည်း သူ့ဟာနဲ့သူ အိုကေသွားမှာပါဟ ... ”

“ကျွတ် ... နင် တကယ်ချစ်တဲ့သူတွေ့ခဲ့ရင်ရော ... ”

“အချစ်ဆိုတာ တကယ်ရှိလို့လား ... ရှိခဲ့ရင်လည်း ရှိပေါ့”

“အေး ... အဲလို ရှိလာခဲ့ရင် ဘယ်လိုလုပ်မလဲ ... ”

“နှုတ်ခမ်းနာနဲ့ တည့်ပွဲမလား ... ဖြစ်နေပြီလား ... အဲဒီလို ချစ်တတ်သွားခဲ့ရင်လည်း အဲဒီအချိန်မှပဲ စဉ်းစားတော့မယ် ခုတော့ မဖြစ်လာတာတွေကို ကြိုပြီး ပူနိုင်ပါဘူး ... ”

“အေးပါ ... အဲလိုအပူအပင်အမြဲကင်းနိုင်ပါစေဟာ ... ”

“ကိုထိုက်ကတော့ အေးဆေးပဲနော် ... သူ့ဘာသာ ပြုံးပြုံးပြုံးပြုံးနဲ့ ... ”

“ဟုတ်တယ် ... ရှင်တို့ညီအစ်မ ရှင်ဒေါင်ဟန့်ကို လုမယ့်အစား Subject ပြောင်း လိုက်ပါလား ... ”

“ဘယ် Subject ကိုပြောင်းရမှာလဲဟဲ့ ... ”

“ကိုထိုက်ဆိုတဲ့ Subject ကိုပြောင်းလိုက် ... ”

“သေလိုက်ပါလား ... ”



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ ဟီးဟားလုပ်နေတုန်း ငွေပန်းကတော့ ငိုင်

နေတာမို့။

"ဟဲ့ … ငွေပန်းဖြူ … အသက်ရော့ရှိသေးရဲ့လား … မှ
ခေါင်းကတော့ လေတွေရှူနေပါသေးတယ် … "

"လတ်တော့ လတ်ပါသေးတယ် … "

ငွေပန်းကို တစ်ယောက်တစ်ပေါက် ဝိုင်းစနေကြ

တာမို့။

"ဟွန်း … စာမေးပွဲက နီးနေပြီ … စာမကြည့်ဘဲ အူရွှင်နေ
ကြနော် … မိန်းမတွေ … နင်တို့ကျနေခဲ့ရင် Level(3) တို့
ငါတစ်ယောက်တည်း ဆက်တက်မယ် … ဟွန်း … "

ငွေပန်းရဲ့မျက်စောင်းများ ပန်းနဲ့ပေါက်သလောက်

ပင် အရာမရောက်။ သူမတို့က LCCI ကို Level I နဲ့ II ကို တစ်ခါ
တည်း တက်လိုက်ပြီး Level I ကို မဖြေတော့ဘဲ၊ II ကို တစ်ခါတည်း
တန်းဖြေကြမှာ။ ပြီး၍ အောင်ရင် III တန်း တက်လို့ရပြီလေ။ ထို့
ကြောင့် အသည်းအသန်တွေ ကျက်မှတ်လေ့လာနေကြရတာပါ။

သူတို့လေးယောက်ထဲမှာ ငွေပန်းက ဝီရိယရှိနိုင်
လွန်းလို့သာ စာပိုတော်နေပြီး တကယ်တကယ် ဉာဏ်ကောင်းတာ
က ဆည်းလည်း။ တစ်ခုခုဆိုရင် ဆည်းလည်းက ဒက်နေပြီးသားထဲ





ဘပင်။

ဆည်းလည်းနဲ့ စာတစ်ပုဒ်ကို တစ်ချိန်တည်းမှာ တစ်
ပြိုင်တည်း စာပြိုင်ကျက်တိုင်း ကျန်သုံးယောက်က အမြဲရှုံးသည်။

သို့သော် ထိုဆည်းလည်းကလေးက အပျင်းတက်
တတ်သည်။ သူတို့လေးယောက်ထဲမှာ ဆည်းလည်းကတစ်ဦးတည်း
သောသမီးမို့ သူများတွေထက်စာရင် ဆည်လည်းက ပိုပြီးဝတ်နိုင်
စားနိုင် သုံးနိုင်ပါသည်။ မိဘကလည်း ကျန်သုံးယောက်၏ မိဘများ
ထက် ပို၍ပြေလည်သည်။

ပြီးတော့ တစ်ဦးတည်းသောသမီးပီပီ ဆည်းလည်း
ဘအတ္တကြီးတတ်သေးသည်။ မျှတစွာတွေးပေးတတ်တာမျိုးလည်း
မရှိ။

ငွေပန်းကတော့ ဆည်းလည်းရဲ့ စိတ်ဓာတ်ကိုသိ
ထားသဖြင့် စည်းအတွက် ရင်လေးနေမိသည်။

စည်းအပေါ် တော်တော်ကို ဆိုးနွဲ့မှာသေချာသည်။
ချစ်သောစည်း စိတ်ဆင်းရဲရလိမ့်မည်။

သြော် ကိုယ် တိတ်တခိုး အသည်းကွဲရပေမယ့်
ချစ်သူနဲ့ ချစ်သူချစ်တဲ့သူတို့အတွက် ပူပန်ပေးနေမိသေးသည်။

ဘာပဲဖြစ်ဖြစ် သူမကတော့ ချစ်သူပျော်ရွှင်နိုင်စေဖို့



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ကလေး ဆုတောင်းပေးနေဦးမှာပါ။

(၅၁)ကားကလည်း ဒီနေ့မှ ကျပ်နေလိုက်တော

ငွေပန်းက အဝင်ဝနားကနေ နောက်ဘက်ကို တဖြည်းဖြည်းရွေ

သွားလိုက်သည်။

"ငွေပန်းဖြူ ... ဒီမှာလာထိုင် ... "

"ဟင် ... "

ကိုထိုက်ဆိုသူ စည်းရဲ့သူငယ်ချင်းရယ်ပါ။

ပြောပြောဆိုဆို နေရာမှထရပ်ကာ ထိုင်ခုံဖယ်ပေ

တော့ ငွေပန်း ဘာလုပ်ရမှန်းမသိ။ ထိုင်ရကောင်းနိုး၊ ထိုင်လိုက်ရ

သူနဲ့မိတ်ဆွေဖြစ်ရမှာလည်း ကြောက်နေသေးသည်။

"ဟောဗျာ ... ထိုင်လေ သူများဝင်ထိုင်သွားဦးမယ် ...

သူမ ဝင်ထိုင်ပြီး ...

"ကျေးဇူး ... "

"ရပါတယ် ... ဪ ... ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မိတ

ဆက်ပေးရဦးမလား၊ ငွေပန်းဖြူ ... မလိုဘူးထင်တယ်နော်

ငွေပန်းဖြူကို ကျွန်တော် သိနေသလို ငွေပန်းဖြူလည်း

ကျွန်တော့်ကို သိနေမယ်ထင်တယ် ... "

ငွေပန်းဟာ ဟန်ဆောင်ပန်ဆောင် မာယာတွေသ





တတ်သူမှ မဟုတ်တာ။

"ဟုတ်ကဲ့ ... ငွေပန်း ကိုထိုက်ကို သိပါတယ် ... "

ထိုက်ရင်ထဲ ချိုရှရှလေးခံစားရသည်။ ငွေပန်းရဲ့ ကိုထိုက်လို့ ခေါ်တဲ့အသံဟာ တခြားသူတွေခေါ်သံနှင့် လုံးဝမတူဘဲ ချိုရှရှလေး ဖြစ်နေတာဟာ သူ့နားနှစ်ဘက်ရဲ့ ဘက်လိုက်မှုလား မသိပါ။ သူမမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ကြည်နူးနေမိတာ၊ အချစ်တဲ့လား။

"ငွေပန်းဖြူ ဘယ်မှာနေတာလဲ ... "

"ထောက်ကြံ့"

"ဒါဆို သင်တန်းလာတက်ရတာ ဝေးတာပေါ့ ... လှည်းတန်းမှာလည်း သင်တန်းတွေရှိတာပဲ ငွေပန်းဖြူရယ် ... ဘာလို့နီးတဲ့ဆီမတက်ဘဲ မြို့ထဲလာတက်တာလဲ ... "

"ဒီသင်တန်းက ဆရာက ပိုပြီးအသင်အပြကောင်းလို့ပါ ... ပြီးတော့ သူငယ်ချင်းတွေကလည်း ဒီမှာပဲ တက်မယ်ဆိုလို့"

"ဪ ... ငွေပန်းဖြူက ... သူငယ်ချင်းတွေကို တော်တော်ခင်တာပဲ ... "

ငွေပန်းက စကားများလှသော သူ့ကို စိတ်ထဲက မေတ္တာပို့နေမိသည်။ စိတ်လည်း တိုနေပြီ။ မခင်ချင်ပါဘူးဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းသားက သောကြာနေ့မှာ မွေးထားလား မသိ။

"ကျွန်တော်ကငွေပန်းဖြူရဲ့ သူငယ်ချင်းဖြစ်ခွင့်ရချင်နေတာ။ ငွေပန်းဖြူက ဆည်းလည်းတို့နဲ့ လိုက်မထိုင်တော့လေ ... ဘယ်ကဘယ်လို သူငယ်ချင်းဖွဲ့ရမှန်းမသိ ဖြစ်နေတာ"

ငွေပန်းက နှုတ်ဆိတ်နေလိုက်ပါသည်။

"ဒီနေ့ ... ကျွန်တော်တို့ သူငယ်ချင်းဖြစ်ပြီနော် ... ငွေပန်းဖြူ ... "

"ကျွန်မ ယောက်ျားလေးတွေကို မခင်တတ်ဘူး ... ခင်လည်း မခင်ချင်ဘူး ... အဲဒါကြောင့် ကျေးဇူးပြုပြီး ... "

ကိုထိုက်က မျက်နှာပျက်သွားကာ ...

"ဘာဖြစ်လို့လဲ ငွေပန်းဖြူရယ် ... "

"ဘာမှ မဖြစ်ပါဘူး ... ဒါပေမဲ့ ကျွန်မ ယောက်ျားလေးတွေနဲ့ အပေါင်းအသင်း မဖြစ်ချင်လို့ပါ ... "

"ယောက်ျားတွေကို မုန်းနေလို့လား ငွေပန်းဖြူ ... "

"ဟို ... အဲလို မဟုတ်ပါဘူး ... ဒါပေမဲ့ ခင်ကိုမခင်ချင်လို့"

"အိုကေပါဗျာ ... ငွေပန်းဖြူ သဘောပါ ... ဒါပေမဲ့ ... ငွေပန်းဖြူ တစ်နေ့နေ့မှာ ဘာအကြောင်းကိစ္စပဲရှိရှိ လိုအပ်ရင် ကျွန်တော့်ကို သတိရပေးပါ ... ဒီမှာ ကျွန်တော့်လိပ်စာ





ကတ် ... "

"ဟင့်အင်း ... ကျွန်မ မယူထားဘူး ... "

နှုတ်ခမ်းတင်းတင်းစေ့ကာ ... ငြင်းဆန်နေသော ကောင်မလေးကိုကြည့်ပြီး ကိုထိုက် အံ့အားသင့်နေသည်။ ခါးသီးလိုက်တာ အညိုရောင်လေးရယ်။

"ဒီမှာ ကိုထိုက် ... ကားပေါ်မှာ တစ်နေရာစာလေး လိုက်ရုံနဲ့ ပြန်ယူတဲ့အခွင့်အရေးတွေက မလွန်လွန်းဘူ

"ဟာ ... ငွေပန်း အဲလိုမထင်ပါနဲ့ ... ကောင်းပြီ ... ငွေဖြူ မကြိုက်ရင် ကိုယ် မတောင်းဆိုတော့ဘူး ... ငွေပန်း ဒါပေမဲ့ ... ငွေပန်းဖြူ တစ်ခုတော့ မှတ်ထားပေးနော် ... ကိုယ် ငွေပန်းဖြူကို ခင်ချင်တာ ဘာအကျိုးအမြတ်ကိုမှ မျှော်ကိုးလို့ မဟုတ်ဘူး ... ကိုယ် အဲဒီလို အခွင့်အရေးသမားမျိုးလည်း မဟုတ်ဘူး ... ကိုယ့်ကို ခွင့်ပြုပါဦး ... "

ပြောပြောဆိုဆိုနှင့် ကိုထိုက်က ရောက်ရာမှတ်တိုင်မှာပဲ ဆင်းလိုက်သည်။

ငွေပန်းက အံ့သြနေသည်။ ဆည်းလည်းတို့သုံးယောက်ကို ကျော်လွန်ပြီး သူမကိုမှ လာပတ်သက်သော ကိုထိုက်ကို နားလည်လိုက်သည်။ ဒါပေမဲ့ နှလုံးသားက ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရုပ် သူမ၏အခြေအနေနှင့်ဆိုရင် ကိုထိုက်လိုလူ ဟာ အားရဝမ်းသာ လက်ခံရမည့်သူပါ။ ဒါပေမဲ့ သူမဟာ ဆည်း လည်းလို အချစ်မရှိသူ မဟုတ်ဘူးလေ။ သူမမှာက နစ်ဝင်နေသော ချစ်တစ်ခု ရှိနေခဲ့တယ်လေ။

ကိုထိုက်လို သူဌေးလေးတစ်ယောက် သူမစီးသော စ်ကားပေါ် ဘာလို့ရောက်နေရတာလဲ ဆိုတာလောက်တော့ ဘွးတတ်ပါသည်။ ကိုထိုက် ဝင်ပုံဝင်နည်းက သိပ်ရိုးလွန်းတဲ့ ကြက် ကိုထိုက်သဘောထားကို သိလိုက်သည်။ သို့သော် ဒါတော စ်ဘက်ကပြန်တွေးရင်လည်း သူတို့နှင့် မရောနှောတတ်သော သူမကို ချိုးချင်လို့ တမင်ချဉ်းကပ်တာလည်း ဖြစ်နိုင်တာပဲလေ။ ဘာပဲဖြစ်ဖြစ် သူမကတော့ ဝေးဝေးနေဖို့ ဆုံးဖြတ်လိုက်သည်။

ကိုထိုက်နေရာမှာ ရှည်းသာဆိုရင် သူမ ခုလောက် ဆို ခုန်ပေါက်နေပောက်ပြီ။ ဩော် လွဲချက်ကနာ။

"ကဲ ... ခရီးသည်တွေအားလုံး ဂိတ်ဆုံးပြီနော် ... ပတ်စီးမယ့် ခရီးသည်ပါရင် ယာဉ်စီးခလေးတွေ လှမ်းမယ်နော် ... "

ဟောတော့် ... တွေးကောင်းကောင်းနဲ့တွေးလိုက် တာ စပယ်ယာအသံကြားမှပဲ အတွေးတရေးနိုးသည်။

ဘုရားရေ ဂိတ်ဆုံးကိုတောင် ရောက်လာပြီ။ သူမ





ဆင်းရမည့်မှတ်တိုင်က ဂိတ်ဆုံးမရောက်ခင် နှစ်မှတ်တိုင်အလိုလေ။

အနားရောက်လာသော စပယ်ယာလေးကို ကားခ လှမ်းပေးလိုက်သည်။

"ဘယ်သွားမလဲ အစ်မ ... "

သူမ ဆင်းမည့်မှတ်တိုင်ကို ရွတ်ပြတော့ သူမကို မှတ်မိနေပုံရသော စပယ်ယာလေးက ပြုံးစိစိ။

ဧကန္တ သူမ မှတ်တိုင်ကျော်ပြီး ပါလာတာကို ရိပ်မိ သွားပုံရ၏။

ဩော် ... အချစ်ရဲ့ရိုက်ခတ်ခြင်းဒဏ်ဟာ တစ်ခါ တစ်ရံ ကားမှတ်တိုင်ကျော်ပြီး ပါလာတတ်၏တဲ့လေ။

☘



www.burmeseclassic.com

ထိုက်ခွန်က စည်းကို ငွေပန်းဖြူနောက်လိုက်ဖြစ်ပုံ ပြောပြသည်။ နားထောင်နေသော စည်းက ဒေါသတွေထွက်လာသည်။

"ကြီးကျယ်လိုက်တာကွာ ... သူက ဘာကြီးမို့လို့လဲ ... ဒီမှာထိုက် ... မင်း ဘာကောင်လဲ သူမသိသေးလို့နေမှာပါကွာ ... မင်းလို ပျိုတိုင်းကြိုက်တဲ့ စီနိပန်းခိုင်က သူလို ဘုတ်စရာကို ကြိုက်တာတောင် လွန်လှပြီ ... "

"အဲလောက် မပြောပါနဲ့ကွာ ... ဘာပဲဖြစ်ဖြစ် ... သူဟာ ငါ ချစ်တဲ့ကောင်မလေး ဖြစ်နေတယ်ကွ ... "

"ကြီးကျယ်လွန်းလို့ပါ ... ထိုက်ရာ ... မင်းလည်း ရူးနေပြီ





ကိုယ့်ပတ်ဝန်းကျင်မှာ သူ့ထက်သာတာတွေ တစ်ပုံကြီးပါကွာ ... "

"အေး ... ဒါပေမဲ့ ... အဲဒီတစ်ပုံကြီးထက် ဒီတစ်ယောက်ကိုပဲ ငါက ချစ်တာလေကွာ ... ဥပမာကွာ ... မင်းလည်း ဆည်းလည်းကိုချစ်တာပဲ ... ဆည်းလည်းချောလို့ဆိုတဲ့ ဆင်ခြေတော့ မပေးနဲ့ ... မင်းနားမှာလည်း ဆည်းလည်းထက် မနိမ့်တဲ့ အလှပဂေးတွေ တောင်ပုံရာပုံရှိနေတာပဲ ... အဲလိုပဲပေါ့ ... ဒါပေမဲ့ ငါက သိပ်မလှတဲ့ကောင်မလေးကို ချစ်မိသွားတယ် ... အဲ ... ချစ်မိသွားတော့မှ နားလည်လာတာ ... တကယ်ချစ်တဲ့ အချစ်ဆိုတာ အပေါ်ယံလှတာနဲ့ ဘာမှ မဆိုင်ဘူး ... ရေးရေစက်နဲ့ပဲ ဆိုင်မယ်ထင်တယ် ... "

"အေး ... ဒါပေမဲ့ ... မင်းရဲ့ရေးရေစက်ကြီးက မင်းကို အသိအမှတ်တောင် မပြုဘူးလေ ... ဒါပေမဲ့ မကြာပါဘူး ... ထိုက်ခွန်ဆိုတာ ဘယ်လိုလူစားလဲဆိုတာ သိတဲ့တစ်နေ့ သူ မင်းရှေ့ကိုရောက်လာမှာပဲ ... "

"မင်းကို ဘယ်လိုရှင်းပြမှ နားလည်မှာလဲ စည်းရာ ... ငါ့ရဲ့ အရေခွံတွေကိုကြည့်ပြီး ဆုံးဖြတ်တဲ့အချစ်က ဘယ်လိုလုပ်ပြီး စစ်မှာတဲ့လဲ ... ငါ မလိုချင်ပါဘူးကွာ ... "

www.burmeseclassic.com



"ကဲပါကွာ ... ထားလိုက်ပါတော့ ... ငါလည်း ဆည်းလည်းကို ဖွင့်ပြောဖို့ ဆုံးဖြတ်ထားတယ် ... မီးစိမ်းတော့ပြထားတယ်ကွ ... "

"သူရော ... မင်းအခြေအနေကြောင့် မီးစိမ်းတာ မဖြစ်နိုင်ဘူးလား ... "

"ဖြစ်နိုင်တာပေါ့ ... ဦးနှောက်မပါဘဲတော့ ဘယ်ဆုံးဖြတ်မှာလဲ ... ငါသာ လမ်းဘေးက ကလေကချေဆိုရင် ငါနဲ့အတူ လက်ဖက်ရည်ဆိုင် ဘယ်ထိုင်ပါ့မလဲ ... ငါက ဒီနေ့ဒီလိုအခြေအနေမို့လို့ သူ့ဘက်က အိုကေတာပဲ ရှင်းရှင်းလေးပါ ... "

"သူ မင်းကို မင်းချစ်သလို ပြန်ချစ်ပါ့မလား ... "

"မိန်းမတစ်ယောက်က ဘယ်လိုဖိအားပေးမှုမျိုးမှ မရှိဘဲ သူမသဘော သူမဆန္ဒနဲ့ ယောကျ်ားတစ်ယောက်ကိုလက်ခံတယ်ဆိုရင် ... ဒါဟာ အချစ်မပါရင်တောင် သူမဘက်က အဆင်ပြေလို့သာ လက်ခံတာပေါ့ ... ငါ သူ့ကိုချစ်တယ် ... သူကလည်း ငါ့ကိုလက်ခံနိုင်တယ်ဆိုရင် ပြီးပြီပေါ့ ... "

"သူချစ်ကို ရွေးလိုက်တာမျိုး ဆိုရင်ရော ... "

"ရပါတယ်... သူက သူချစ်ကိုရွေးလည်း ငါ့ဘက်ကကျေ





ငါချစ်တဲ့သူကို ရင်ခွင်ထဲ ပိုက်ထားနိုင်မှာပဲလေ မနာပါဘူး"

"ငါ မင်းကို သာသည် နာသည် တွက်ခိုင်းနေတာ မဟုတ်ဘူးနော် ... ဒါပေမဲ့ ... မင်းကို မင်းကိုချစ်တဲ့ကောင်မလေးမျိုးနဲ့ပဲ ဆုံစေချင်လို့ ... "

"ငါကတော့ ... ငါချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်ရဖို့ပဲ ဆုတောင်းတယ် ... "

"ဆည်းလည်း မင်းကို ချစ်ပါစေလို့ပဲ ဆုတောင်းပါတယ်ကွာ... "

"ရွှေချထားဖို့ကောင်းလိုက်တဲ့ ပါးစပ်လေး"

အဲဒီနောက် သူတို့အလုပ်ကိစ္စ စာရင်းဇယားတွေ ရှင်းလင်းနေကြသည်။

ထို့နောက် ကိုထိုက်က ဆိပ်ကမ်းဘက်ထွက်သွားသည်။ ကွန်တိန်နာ ဝင်လာ၍ သွားရခြင်းပါ။

စည်းက ဂိုဒေါင်ဘက်ပြေးကာ ဝင်လာမည့်ပစ္စည်းတွေကို နေရာချဖို့ စီစဉ်သည်။

သူတို့ဟာ တစ်ဘက်မှာအလုပ်ကိုယ်စီ ရှိကြသော်လည်း ဒီဆိုင်နဲ့ ပတ်သက်လာရင်တော့ ကိုယ်တိုင်ကိုယ်ကျ သေသေချာချာ လုပ်ရမှ ကျေနပ်တတ်ကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"စည်း ... ဒီတစ်ခေါက် ဝင်လာတဲ့ ပစ္စည်းတွေက ဝယ်ဈေးကကို 10% လောက် တက်သွားတယ် ... ဘယ်လိုလုပ်ရမလဲ ..."

"ဘယ်တတ်နိုင်မလဲ ... လက်ရှိဈေးနဲ့ လက်ကျန်ပစ္စည်းကို ဖြတ်ပြီး လက်ကျန်ပြတ်တာနဲ့ ... အခုရောက်တာတွေကို ဈေးတက်ရတော့မှာပေါ့ ..."

"စည်း အသစ်ဝင်လာတဲ့ အဆီချစက်ကို ကြော်ငြာဖို့ ဘယ်သူနဲ့ ရိုက်ရင်ကောင်းမလဲ ... ရိုက်မယ့်မော်ဒယ်လ်ကို မင်းပဲ ရွေး ..."

"ငါက မော်ဒယ်နဲ့ ကြော်ငြာတာထက် Before and After ဆိုပြီး ကြော်ငြာချင်တယ် ... တကယ်သုံးတဲ့သူနဲ့ တကယ်ရလဒ်ကို ကြော်ငြာချင်တာ ..."

"ဒါဆို အဲဒီသုံးတဲ့သူဆီက ရလဒ်ရမှ ကြော်ငြာလို့ ရမှာပေါ့"

"ဟာ မင်းကလည်း ဒီမြန်မာပြည်က သုံးတဲ့သူကို ဘယ်စောင့်နိုင်မလဲ ... စက်ပူကိုပဲ လှမ်းတောင်းရမှာပေါ့ ... ဒီမှာသာ ငါတို့က ခုမှသွင်းတာ ... ဟိုမှာက ခြောက်လလောက်ရှိပြီ ... စရောင်းကတည်းက ဝယ်သုံးပြီး ခုချိန်မှာ တကယ် Slim ဖြစ်တဲ့ End User တွေရဲ့ ပုံတွေနဲ့ ကြော်ငြာရမှာပေါ့"





"ဒါဆို စက်ပူကို ပုံလှမ်းတောင်းရမယ်"

"အိုကေ e-mail ကို မင်းပဲ ပို့လိုက်တော့ ... ငါ ဒီညနေ ဆည်းလည်းကို ဘုရားလိုက်ပို့ဖို့ ချိန်းထားလို့ ..."

"ဟိတ်ကောင် ဒါဆိုရင်တော့ ထုံးစံအတိုင်းနော် One Table"

"ဘာလဲ ခုတလော ငါချည်း ပေးနေရတာ ..."

"မင်းက မပေးချင်ဘူးပေါ့ ..."

ထိုက်ရဲ့လက်က စည်းခါးပေါ် ရောက်သွားသည်။

"ကိုထိုက်ကို ဝမ်းတေဘယ်လ် ပေးပါ့မယ်လို့ပြော ..."

"ကိုထိုက်ကို ဝမ်းတေဘယ်လ် ပေးပါ့မယ် ..."

"လိုက်ချိုးမြှင့်ပေးပါ ခင်ဗျာ ..."

"လိုက်ချိုးမြှင့်ပေးပါ ခင်ဗျာ ... ဟာ ဟိတ်ကောင် ..."

"မရဘူး ... မင်းပြောပြီးပြီ ..."

သို့သော် ... စည်း သွားကာနီးကျတော့ ကားသော့ ပျောက်နေသေးသည်။

ထိုက် ဖွက်ထားမှန်းလည်း သိသည်။

ဒါပေမဲ့ ထိုက်ကိုမေးတော့ မသိချင်ယောင်ဆောင်နေ၍ ...

နောက်ဆုံးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



တကဲ့စီ ငှားစီးသွားလိုက်ရလေတော့သတည်း။

ဆိုင်ပေါ်ကရုံးခန်းမှာ ထိုက်က ကားသော့ကလေး

တကြည့်ကြည့်ဖြင့် လေချွန်ကာ e-mail ပို့နေလိုက်တော့သည်ကွယ်။

☘





မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ချစ်ဖို့မလို

ဘူး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ဆီက အရိပ်တစ်ခုတော့

ရဖို့ လိုအပ်တယ်။

အဲဒီအရိပ်ဟာ လုံခြုံမှုလည်းပေးရမယ်။ နွေးထွေးမှု၊ အေးမြမှု

တွေကိုလည်း ပေးရမယ်။

အဲဒီလို အရိပ်စစ်စစ် တစ်ခုပေးမယ့် ယောကျ်ားမျိုးနဲ့တွေ့ရင်

ကျွန်မဘက်ကလည်း

ဒီအရိပ်မှာပဲ တစ်သက်လုံးခိုနားပါ့မယ်လို့

ကတိပြန်ပေးမယ်။

ဆည်းလည်းချို



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်းတို့ သင်တန်းကဆင်းလာတော့ ထုံး...
အတိုင်း လက်ဖက်ရည်ဆိုင်ထဲမှာ သူတို့နှစ်ယောက် ရှိနေခဲ့တယ်...

ဒီနေ့ ပိုးစုတို့ညီအစ်မက သန်လျင်က အဘိုး...
သွားကြသဖြင့် သင်တန်းမတက်။ ဒီတော့ ဆည်းလည်းနဲ့ငွေပန်း...
အဖော်ရှိတာပေါ့။ ပြဿနာက ဆည်းလည်းက စည်းရှိနေသော...
လက်ဖက်ရည်ဆိုင်ကို ဝင်ထိုင်ချင်သော်လည်း ငွေပန်းက မလို...
သဖြင့် တစ်ယောက်တည်း မဝင်ရဲဖြစ်နေသည်။

စည်းကတော့ ထွက်ခေါ်ရှာသည်။

"ဆည်းလည်းလေး ... လာလေ ..."

"ဆည်းလည်း တစ်ယောက်တည်း မလိုက်ရဲဘူး ကိုစည်း...
ငွေပန်း လာပါဟာ ... တစ်ရက်တည်းပါ ..."





စည်းက မတတ်သာ၍ ခေါ်လိုက်ရသည်။

"ဟုတ်တယ် ငွေပန်းဖြူ ... ဆည်းလည်းတစ်ယောက်တည်း
ကျတော့ အဆင်မပြေဘူးလေ ... ငွေပန်းဖြူ မထိုင်ချင်ဘူး
ဆိုရင်တောင် ဒီတစ်ရက်တော့ ..."

ရက်ရက်စက်စက်အငြင်းစကားတွေက လည်ချောင်း...
မှာ လျှောကျကုန်ပြီ။

"တစ်ရက်ပဲနော်"

"အေးပါ ... ငွေပန်းရယ်"

ဒီလိုနဲ့ ချစ်သူခေါ်ရာ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်
လိုက်၏။ ဘယ်သူသိသိ မသိသိပေါ့နော်။ ကျွန်မရင်ထဲမှာတော့
ချစ်သူခေါ်လို့ ထိုင်တာဟုပဲ တိတ်တဆိတ် အမည်တပ်လိုက်သည်။

"ကိုစည်း ဘာသောက်တာလဲ ... ထုံးစံအတိုင်း ပေါ့ဆိမ့်ပဲ
လား ..."

"အင်းပေါ့ ..."

"ဆည်းလည်းကို ကော်ဖီမှာပေး ... ငွေပန်း ဘာသောက်
မလဲ ... ကော်ဖီပဲလား ..."

"ပေါ့စိမ့် ..."

ငွေပန်း နည်းနည်းလေး မျက်နှာပြောင်တိုက်လိုက်
သည်။ စည်းကတော့ ဘုတစ်ရာနှင့် အကြိုက်ချင်းလာတူနေ၍ စိတ်...



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ခုတုတုပင် ဖြစ်သွားသေးရဲ့။ ထိုက်ကတော့ ငြိမ်သက်နေသည်။

"မနေ့က သီချင်းတွေ နားထောင်ပြီးပြီလား ... ဆည်းလည်းလေး ..."

"အင်း ..."

"ရော့ ဒီနေ့လည်း ... အသစ်သွင်းထားသေးတယ် ယူသွားဦး ..."

ဆည်းလည်းက မနေ့က MP3 ကိုထုတ်ပြီး ပြန်ပေးကာ စည်းဆီက MP3 လေးကို လွှဲယူလိုက်သည်။ ဒီလိုပဲ တစ်နေ့တစ်နေ့ သူတို့ MP3 အပေးအယူလုပ်နေကြလေ။ စည်းက ဆည်းလည်း ကြိုက်တတ်သော Pop နှင့် Rock သီချင်းတွေကို တစ်နေ့တစ်မျိုး မရိုးရ မထပ်ရလေအောင် စိတ်ရှည်လက်ရှည်ကူးပေးတတ်သည်။

"ဒီနေ့ အသစ်တစ်ပုဒ်ပါတယ် သိလား ... internet ထဲက Download လုပ်ထားတာ ..."

"ဟုတ်လား ..."

စည်းက ဆည်းလည်းကော်ဖီခွက်ကို ဖျော်ပေးနေသည်။ ငွေပန်းကတော့ စည်းရဲ့လက်ဖက်ရည်ခွက်ကို မွှေပေးချင်နေ





သည်။ စည်းကဆည်းလည်းကို တိုးတိုးလေးကပ်မေးသည်။

"ဆည်းလည်း ကိုယ့်ကို ဘယ်တော့အဖြေပေးမှာလဲ"

"ဟာ ကိုစည်းကလည်း ဒါပဲ မေးနေတာပဲ ..."

"ဩော် ချစ်တာကိုး ..."

"ချစ်တာနဲ့ အဖြေတောင်းတာနဲ့ တခြားစီပဲနော် ... ချစ်တာ ချစ်လို့ရတာပဲ ... ချစ်ပေါ့ ... အဖြေရရ မရရ ချစ်ပေါ့"

ဆည်းလည်းစကားကို ထိုက်က ခံပုတ်ပြီးထောက်ခံသည်။

"မှန်လိုက်လေကွာ ... ကိုယ့်ဘာသာချစ်တာ ဘာပဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်နေနေ ... ချစ်နေလို့ရသားပဲနော် ..."

"ဟင် ... ကိုထိုက်ကြီးကလည်း တွေ့နေပြီလား ..."

"ဩော် ... ဒီအရွယ်ကြီးရောက်မှတော့ ..."

"ကိုထိုက်က အမြီးပေါက်နေလို့လား ..."

"ဟာ ဒီကောင်မလေး ..."

"ထိုက်ရာ ဆေးရိုးသည် ဝင်မလုပ်နဲ့ကွာ ... ဒီမှာ ပြောနေတာတောင် ဘယ်ရောက်သွားမှန်း မသိဘူး ..."

ငွေပန်းကတော့ စည်းရဲ့ရှုံ့မဲ့မဲ့ အပြောလေးကိုလည်း ချစ်နေတာပဲ။ ဒါပေမဲ့ ငွေပန်း ဒီဆိုင်ရောက်ကတည်းက စည်းမျက်နှာကို တည့်တည့်မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နော် ... ကလေးကလည်းကွာ ... "

စည်းရဲ့တိုးတိုး တိုးတိုး အသံတွေက လက်ဖက်ရည်ဆိုင်မှာ ဖွင့်ထားသော သီချင်းသံကို မဖုံးလွှမ်းနိုင်အောင်ပင်။

ဒီကြားထဲ သူ တိုးတိုးပြောတာကို ဆည်းလည်းက မကြားချင်ယောင်ဆောင်ပြီး ပြန်မေးသေးသည်။

"ကိုစည်း ဘာပြောလိုက်တာလဲဟင် ... "

"ကိုယ့်ကိုချစ်လားလို့ ... "

စည်းက အသံကိုမြှင့်အပြော၊ လက်ဖက်ရည်ဆိုင်မှ သီချင်းသံကအရပ်။ စည်းအသံကြီးက အကျယ်ကြီး။ ဘေးဝိုင်းတွေကပင် လှည့်ကြည့်ကုန်ပြီ။ ငွေပန်းက ဘာမနဲ့ဆိုင် ညာမဆိုင် ရှက်ပြီး ခေါင်းငုံ့သွားသည်။ ဆည်းလည်းကတော့ သူမကိုပြောတာမဟုတ်သည့်အလား ပြုံးစိစိ။

"ကဲ ကြားပြီလား"

"ကိုစည်း ဘယ်သူ့ကိုမေးတာလဲ ... "

"ဆည်းလည်းလေး ... "

စည်း သူမဘက်တိုးသွားသဖြင့် ဆည်းလည်းလန့်သွားကာ ...

"ကိုစည်းနော် ... "





"ဖြေလေ ... "

"အင်း ... "

"ဟာ ဘာလဲ ... " ...

"အင်းပါဆို ... "

"ဘာအင်းလဲ ... "

"ကိုစည်းမေးတာကို အင်းလို့ ... "

"ဒါဆို မချစ်ဘူးပေါ့ ... "

"ကိုစည်းနော် ... "

"မချစ်ဘူး ... "

"ချစ်ပါတယ် ဆို ... "

"ဝေး ... "

ကဲ ဆည်းလည်းကလေ စည်းကို သူမရှေ့မှာပင် အဖြေပေးလိုက်သတဲ့။ ငွေပန်းဖြူရဲ့ ရင်ထဲမှာ မိုးတွေရွာချသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးစုတို့က နောက်နေ့လည်း သင်တန်းမတက်နိုင်ကြ။ ဒီတော့ သင်တန်းမှာ စောပြီးရောက်နေသော ဆည်းလည်းဟာ ငွေပန်းကိုပဲ စကားတွေ လာပြောနေပါသည်။

"တကယ်ဆို ငါ သူ့ကိုမချစ်ဘူး ငွေပန်းရဲ့ ..."

"ဟင် ..."

"ဟုတ်တယ် ... အချစ်ဆိုတာ ဘာလဲ ငါမသိဘူး ... ဒါပေမဲ့ ကိုကိုက အစစအရာရာမှာ ပြောစရာမရှိဘဲ လူတော်တစ်ယောက် ဖြစ်နေလို့ ငါရွေးလိုက်တာ ..."

"ကိုကို"

"ဟုတ်တယ် ... ဟီဟီး ... သူက အဲဒီလိုခေါ်ခိုင်းလို့"

"မနေ့က အဖြေပေးပြီး နင် ငါနဲ့အတူ လိုက်ပြန်တာလေ၊





ဘယ်အချိန် ခေါ်ခိုင်းလိုက်တာလဲ ..."

"ဩော် ... မနေ့ညနေက ငါတို့လမ်းထိပ်က စာအုပ်ဆိုင်မှာ ငါ စာအုပ်အပ်မယ့်အချိန် လာစောင့်နေတာဟာ ... အဲဒါ အအေးဆိုင်ထိုင်ဖြစ်ကြတယ်လေ ..."

"ဩော် ... ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် နင် ပျော်တယ်မို့လား"

"ကိုကိုက ငါ့ကိုစိတ်ညစ်အောင် မလုပ်ဘူးလို့တော့ ယုံကြည်တယ် ..."

"ကောင်းပါတယ်"

"ငွေပန်း ကိုကိုပြောပြောနေတဲ့ ချစ်တယ်ဆိုတာကြီးကရော ဖြစ်နိုင်ပါ့မလားဟင် ... ယောကျ်ားလေးတွေမှာ အဲဒီလို အချစ်ဆိုတာ တကယ်ကောရှိလို့လား ..."

"ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ... အချစ်ဆိုတာ ရှိတယ်၊ နင့်ကို သူ တကယ်ချစ်တဲ့ပုံပါ ..."

"နင်ရော အချစ်ဆိုတာကို ယုံကြည်လား ..."

"ယုံတယ် ... သွေးမတော် သားမစပ် သူစိမ်းပြင်ပြင်နှစ်ယောက် တစ်သွေးတည်းတစ်သားတည်းဖြစ်အောင် ဖန်တီးနိုင်တာ ... အချစ်ပဲရှိတယ် ... မွေးထုတ်ထားတဲ့မိဘနဲ့ သားသမီးတောင် ငါးရာ့နှစ်ဆယ့်ရှစ်ပဲ ချစ်တာဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်ရော အဲလို ချစ်တဲ့သူရှိလား ... "

ရော် ... ဒီကလေးမနှယ် ... ငါချစ်နေတာ နင့်ရဲ့ ချစ်သူလို့ ငါ ဘယ်လိုပြောရမှာလဲကွယ်။

"ရှိနိုင်ပါတယ် ... "

"ငါကတော့ မချစ်တတ်ဘူး ... ချစ်တတ်ခဲ့ရင်လည်း အဲဒီ အချစ်ကို ထက်ပိုင်းချိုးပြီး မြစ်ထဲမျှောလိုက်မယ် ...တကယ် တော့ အချစ်ဆိုတာ ဘဝရဲ့သေးငယ်တဲ့ အစိတ်အပိုင်းပဲဟ။ အဲဒီအစိတ်အပိုင်းရဲ့ လွှမ်းမိုးမှုကို ဘဝကြီးနဲ့ချိုးပြီး အလွှမ်းမိုး မခံနိုင်ဘူး ... ငါ ကိုကို့ကို ရွေးခဲ့တာဟာ ငါ့အတွက် ကိုကို ဟာ အရိပ်ကောင်းတစ်ခု ဖြစ်နေလို့ပဲ ... တကယ်လို့ သူ ဟာ ငါ့အတွက်အရိပ်တစ်ခု မဖြစ်နိုင်တဲ့ အခြေအနေဆိုရင် တော့တာပဲ ... ငွေပန်း ... ငါ လုံးဝငြင်းမှာသေချာတယ်... တကယ်လို့ ငါ့ကို Propose လုပ်တဲ့သူဟာ ကိုစည်းမဟုတ်ဘဲ ကိုထိုက် ဆိုရင်လည်း ငါလက်ခံမှာပဲ"

ငွေပန်းက ခေါင်းယမ်းနေသည်။

"ခေါင်းမယမ်းနဲ့ ငွေပန်း ... ဘဝဆိုတာ လက်ါတွေ့ကျတယ် စိတ်ကူးယဥ်မဆန်ဘူး ... "

"လူတစ်ကိုယ် စိတ်တစ်မျိုးပေါ့ဟာ ... ခံယူတဲ့ပေါ်မူတည်





မှာပေါ့ ... ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝကို ကိုယ့်ခံယူချက်အတိုင်း ရွေးတာ ကောင်းပါတယ် ... "

"နင်ဆိုရင် အချစ်ကို ယုံကြည်တယ်ဆိုတော့ ... ဘဝကို အချစ်နဲ့ရွေးမယ် ထင်တယ်နော် ... "

"ဟုတ်တယ် ... ငါက ငါ့ဘဝကို ငါချစ်တဲ့သူရဲ့ ရင်ခွင်ထဲမှာ ပဲ မြှုပ်နှံချင်တယ် ... အဲဒီလို ဖြစ်ခွင့်မရရင် ငါ့ဘာသာ တစ် ယောက်တည်းပဲနေမယ် ... ငါ့ခံယူချက်က တစ်မျိုးလေ၊ လူဆိုတာ တစ်ခါတလေ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်တောင် အဆင်ပြေချင်မှ ပြေတတ်တာ ... ငါ မချစ်တဲ့သူနဲ့ တစ်ခု သက်လုံး အပေးအယူမျှဖို့ဆိုတာ မသေချာဘူး ... ငါ အဲဒီ လောက် မစွန့်စားရဲဘူး ... "

"အေးလေ ... နင်ချစ်တဲ့သူ တွေ့ပါစေလို့ ဆုတောင်းပေး ပါတယ် ... "

ဆည်းလည်းက အချစ်ရှေ့မှာ ဒူးထောက်ချင်တဲ့ ...ငယ်ချင်းမလေးကို သနားနေမိသေးရဲ့။

ဘဝဆိုတာ စိတ်ကူးယဥ်သလို အကောင်းတွေချည်း ... မဟုတ်တာ။

ဒီလမ်းကိုသွားမယ်လို့ စိတ်ကူးလိုက်တာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းကို ချွေးဒီးဒီးကျအောင် တကယ်သွားလိုက်

ရတာနဲ့

ဘယ်လောက်ကွာသလဲဆိုတာ

ငွေပန်း နားမလည်သေးပါလား။

အချစ်နဲ့မှ ပျော်စရာကောင်းမယ်ထင်ပြီး အချစ်နဲ့ ရွေးခဲ့တဲ့ ဘဝတွေမှာ အချစ်တွေပစ်ပြီး ပျောက်ကွယ်သွားတဲ့ အိမ်ထောင်ရေးတွေ စစ်တမ်းကောက်ရင် ငါးဆယ်ရာခိုင်နှုန်းကျော် လောက်တယ်ဆိုတာ ငွေပန်း နားလည်အောင် ဘယ်လိုပြောပြ မလဲ။

တကယ်တမ်း လူတစ်ယောက်အသက်ရှင်ဖို့အတွက် အချစ်ဟာ ထမင်းတစ်နပ်စာလောက်တောင် အထောက်အကူ မဖြစ်ဖူးတာကို ငွေပန်းကို ဘယ်လိုလက်တွေ့ချပြရမလဲ။

အချစ်ဆိုတဲ့ စိတ္တဇနာမ်ကြောင့် ကိုယ့်ကိုယ်ကို သက်သေတဲ့အထိ ပျက်စီးဆုံးရှုံးမှုတွေသာရှိခဲ့ပေမယ့်၊ အချစ်ကြောင့် မီလျှံနာဖြစ်သွားတဲ့သူ ဘယ်နှစ်ယောက်များ ရှိပါသလဲ။

အချစ်ကြောင့် ကမ္ဘာကျော်ခဲ့တယ်ဆိုတဲ့ ရိုမီယိုနဲ့ ဂျူးလီယက်တောင် ကောင်းသောကမ္ဘာကျော်ခြင်းနဲ့ မဟုတ်ဘဲ ပျက်စီးဆုံးရှုံးခြင်းတွေနဲ့ ကမ္ဘာကျော်ခဲ့ရတာလေ။





ကမ္ဘာဦးအစက ဧဝရဲ့ပန်းသီး ခိုးစားမှုမှဖြစ်ပေါ်လာ တဲ့အချစ်ကြောင့် ဒီနေ့ ကမ္ဘာပေါ်မှာ အချစ်တွေ မျိုးစေ့ကျန်ခဲ့တဲ့ အတွက် ဆည်းလည်းကတော့ ဧဝကို အပြစ်တင်ချင်တယ်။

ပြီးတော့ အချစ် အချစ်နဲ့ အော်ဟစ်နေတဲ့သူတွေကို ရယ်ချင်တယ်။

ဒါပေမဲ့ ...

ဆည်းလည်းဟာ လူထဲက လူတစ်ယောက်မို့ ကိုကို့ ကို ဆည်းလည်း ညာခဲ့တယ်။

ချစ်တယ်လို့ ညာခဲ့တယ်။ ဆည်းလည်းက

အချစ်ကို မယုံပေမယ့် ကိုကိုက အချစ်ကိုကိုးကွယ် တယ်လေ။ အဲဒါကြောင့် လူပီသစွာ ဆည်းလည်း ညာခဲ့ပါတယ် ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဆည်းလည်းကို သိပ်ချစ်ခဲ့တယ်
အဲဒီအတွက် သူမကို ပိုင်ဆိုင်ချင်တယ်
သူမ ကျွန်တော့်ဘဝထဲမှာ ရှိနေမှ
ကျွန်တော့်ဘဝကြီး ပြီးပြည့်စုံမှာလေ
အဲဒီတော့
သူချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ
ဘာအတွက် ဘာကြောင့်ပဲဖြစ်ဖြစ်
သူမလေး ကျွန်တော့်ဘဝထဲမှာပဲ ရှိရမယ်
သူမဘက်က သူချစ်ကိုရွေးခဲ့တယ်ဆိုရင်လည်း
ကျွန်တော့်ဘက်ကတော့ ကိုယ်ချစ်တဲ့သူလေးကို
ကိုယ့်ရင်ခွင်ထဲမှာ ပိုက်ထွေးခွင့်ရနေမှာပဲလေ

စည်း





စည်းတစ်ယောက် မိုးလင်းလို့ မျက်စိနှစ်လုံးပြိုင်တူ ...တာနဲ့ ဆည်းလည်းကို သတိရပြီ။

မိုးလင်းတာနှင့် ချစ်သူမျက်နှာလေး မမြင်ရရင် ...ာင်မှ ချစ်သူအသံလေးတော့ ကြားချင်သည်။

အဲဒီတော့ စည်းက သူမလေးကို Mobileဖုန်းတစ်လုံး ...ယ်ပေးထားလိုက်သည်။

ဆည်းလည်းတို့က သာမန်ဝန်ထမ်းမိသားစုမို့ အိမ် ...ရှိသော်လည်း တစ်မိသားစုလုံး ဟန်းဒ်ဖုန်းကိုယ်စီ မကိုင်နိုင်ကြ။ ...က်စောစောစီးစီး အိမ်ဖုန်းခေါ်ဖို့ကလည်း အဆင်မပြေ။ ဒီတော့ ...အတွက် ဖုန်းဝယ်ပေးလိုက်တာကသာ အကောင်းဆုံးနည်းလမ်း ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ခုတင်ဘေးကို စမ်းလိုက်တော့Nokiaဖုန်းကလေး ပါလာသည်။ ခလုတ်ကိုးခုပေါ် တစ်ချက်စီထိပြီး ချိန်။

"လူကြီးမင်းခေါ်ဆိုသော GSM တယ်လီဖုန်းမှာ စက်ပိတ် ထားပါတယ်ရှင် ... "

"ဟာကွာ ... ကျွတ် ... "

မျှော်လင့်မထားသည့် အဖြစ်အပျက်ကိုစုတ်သပ်ရင်း စိတ်ပျက်စရာကောင်းသည့် နံနက်ခင်းတစ်ခု အစပြုလိုက်ရသည်။

ဆိုင်ရောက်လို့ ထိုက်ကိုပြောပြတော့ ...

"ကောင်းတယ် ငါပြောသားပဲ ... မင်းဟာလေးက သူ့ အိပ် ရေးပျက်ခံပြီး မင်းဖုန်းကို စောင့်မှာမဟုတ်ဘူး ... "

"ကျွတ် ... အိပ်ရေးပျက်ခံစရာမှ မလိုတာ ... ငါက ခေါ်တာ နဲ့ သူ့ဆီမှာ ဖုန်းသံမြည်မှာပဲ ... အဲဒါဆို သူနိုးလာမှာပဲလေ ပြီးတော့ ... ငါခေါ်ဘဲ့အချိန်ကလည်း မနက်ခုနစ်နာရီခွဲပါ ကွာ ... "

"ညကရော ... ဘယ်အချိန်ထိ ပြောဖြစ်လဲ ... "

"ကိုးနာရီ ... အဲဒါတောင် မမက တဝါးပါးသမ်းနေပြီး အတင်းကို ဖုန်းပိတ်သွားတာ ... "

"မင်းလည်း ဒုက္ခပဲ ... "





"ချစ်ဒုက္ခကွ ... ချိုတယ် ... "

"ခုနေတော့ ... ထင်နေလို့ကောင်းတုန်းပေါ့ကွာ ... "

"အေးကွာ ... ဖုန်းဝယ်ပေးထားပေမယ့်လည်း ဒုံရင်းက ဒုံရင်းပါပဲကွာ ... "

ထိုက် ပခုံးတွန့်ပြသည်။

"အဲဒါ ကိုယ်ချစ်ကိုရွေးခြင်းရဲ့ ဒုက္ခတွေကွ ... "

ထိုက်ခွန်က စည်းရဲ့ခါးကိုတို့ပြီး ...

"ရင်ဘတ်စည်တီး ... ရင်ဘတ်စည်တီး ... "

စည်းက သူ့လက်နှစ်ဘက်ဖြင့် ရင်ဘတ်ကို တဘုန်း ဘုန်းထုနေ၏။ ခဏနေမှ လက်ကိုရပ်ပြီး သူ့ကိုဆဲတော့သည်။

"ဟား ဟား ... မင်းတကယ် အဲလိုဖြစ်လာမှာစိုးလို့ ... ယတြာကြိုချေပေးထားတာကွ ... "

ထို့နောက် စည်းက အမှတ်မရှိစွာ ဆည်းလည်းဆီ ဖုန်းခေါ်လိုက်ပြန်သည်။ သူမခေါ်ရင် ဘယ်တော့မှ စမခေါ် သော ဆည်းလည်းကို စည်းကပဲ အမြဲအလျှော့ပေးရသည်။

"ဟဲလို ကိုကို မောနင်း ... "

ချိုအီအီ အသံလေးကြားလိုက်ရရင် ရင်ထဲမှာ ခုနက ပွားခဲ့သော မကျေနပ်ခြင်းတွေ အတောင်ပံတပ်ပြီး ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပြီ။

ထိုက်ကတော့ ကြည့်မရစွာ တစ်ချက်ပိတ်ထိုး
လိုက်ပြီး အရောင်းကောင်တာတွေ လိုက်ကြည့်ရန်ထွက်သွားသည်

သူတို့ဆိုင်က ဆိုင်လို့သာပြောရတာ သုံးထပ်တော
ရှိတာမို့ ပြီးတော့ အထပ်တိုင်းမှာ သူ့သက်ဆိုင်ရာ Cash Coun
တွေ ကိုယ်စီနဲ့ စနစ်တကျမို့ အားကစားပစ္စည်းကုန်တိုက်တစ်ခုပ
ဖြစ်နေတာပါ။

မြန်မာပြည်အနေအထားအရ ချိုင်းကြည့်ရင် အ
ကစားလိုက်စားသူ နည်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း တက
တမ်းကျတော့ သူတို့ တစ်ဆိုင်တည်းမှာ လိုချင်တာမှန်သမျှရနိုင်
ဈေးသက်သာသဖြင့် တော်တော်လေးကို ရောင်းရသည့်အဆင့်
ရှိပါသည်။

အရောင်းကောင်တာတွေကိုကြည့်ပြီး ရုံးခန်းဘ
ထွက်လာကာ Account ကိုင်သည် နီလာကို ...

"နီလာ လချုပ်မရသေးဘူးလား ..."

"ဟုတ်ကဲ့ ရပါပြီဆရာ ... ဆရာ့စားပွဲပေါ် သွားတင်ထ
လိုက်မယ်နော် ..."

"ကျေးဇူး နီလာ ... ညြော် ကိုထွန်းမြင့် ကျွန်တော် စက်





က မှာထားတာတွေ ဒီနေ့ရောက်မယ်နော် ..."

"ဟုတ်ကဲ့ ... ခဏနေ ဆိပ်ကမ်းမှာ ကျွန်တော် သွားရွေး
လိုက်ပါ့မယ် ဆရာ ... စာရွက်စာတမ်းတွေ အဆင်သင့်ဖြစ်
နေပါပြီ ..."

"အိုကေ ... အိုကေ ... ကျွန်တော်က မေ့နေမှာစိုးလို့သတိ
ပေးတာ ..."

သူ ဆိုင်ကိုတစ်ပတ်ပတ်ပြီးတာတောင် စည်းကမ်း
ယာက် ဖုန်းပြောလို့ မပြီးသေးဘူး။

"အဟမ်း ..."

ထိုက်အသံကြားမှ ဖုန်းချတော်မူသည်။ ဒါတောင်
က်နှာက မကောင်းဘူး။

"မင်းကလည်းကွာ ... ခုပဲ ကောင်မလေးနဲ့ စကားပြော
ထားတယ် ... ရုပ်ကြီးက မသာမယာနဲ့ ဘာလဲဖွမ်းနေပြန်
ပြီလား ..."

"မဟုတ်ဘူးကွ ... သူ ငါ့ကို စိတ်မကောက်လို့ ..."

"ဟင် ဘာလို့ စိတ်မကောက်တာလဲ ... မင်းက ဘာလုပ်
ထားလို့လဲ ..."

"မဟုတ်ဘူး ... ဘာလုပ်လုပ် စိတ်ကောက်တာ ဘာညာကို



www.burmeseclassic.com

www.burmeseclassic.com



မရှိတာကွာ ... သဝန်တိုဖို့ဆိုတာတော့ ဝေလာဝေး‌ပဲ”

“မင်းနှယ်ကွာ ... သူများတွေက စိတ်ကောက်လို့ စိတ်ညစ်ရတာ ... မင်းကျမှ စိတ်မကောက်လို့ စိတ်ညစ်ရတယ်လို့”

“ဟုတ်တယ်ကွာ ... သူ့ကို စိတ်ကောက်စေချင်တယ် ... ငါကလည်း ချော့ချင်တယ် ... ဒါပေမဲ့ သူက ဘယ်လိုမှန်း မသိဘူး ... စိတ်ကို မကောက်တတ်တာလား ... မသိတော့ပါဘူး ... ”

ထိုက်က ခေါင်းတညိတ်ညိတ်ဖြင့် ခပ်တိုးတိုးရေရွတ်သည်။

“ဩော် ... ဦးဘညွန့် ... ဦးဘညွန့်”

“ချစ်ဒုက္ခက ချိုတယ်ကွ”

“အေးလေ ... ငါဆို ခံစားချင်တာတောင် မခံစားရဘူးဆိုတော့ ... မင်းရဲ့ချစ်ဒုက္ခတွေကိုတောင် အားကျနေရဦးမှာပေါ့ကွာ ... ကဲ ... သူငယ်ချင်း ဟို Fitness Center ကို ဖုန်းဆက်ရမယ် သူတို့မှာထားတဲ့ပစ္စည်းတွေ ဒီနေ့ရောက်ပြီလို့”

☘





ကျွန်မကလေ ပြီးပြည့်စုံတဲ့ဘဝမျိုး မပိုင်ဆိုင်ဖူးခဲ့ဘူး
ဒါပေမဲ့ ... အဲဒီ မပြည့်စုံမှုတွေက ကျွန်မ မွေးကတည်းက
အသားကျခဲ့ပြီးသားမို့ ထူးပြီးလည်း မခံစားရဘူး
ရုပ်ပိုင်းဆိုင်ရာ (ရုပ်ရည်ကအစ) မပြည့်စုံလို့
ဘာမှမဖြစ်ခဲ့ပေမယ့်
စိတ်ပိုင်းဆိုင်ရာ မပြည့်စုံမှုကိုတော့ ခံနိုင်ရည်မရှိခဲ့ဘူး
ကျွန်မရဲ့စိတ်တွေကို တစ်စစီ တစ်ဖွဲ့စီ ခွဲယူတိုက်စားသွားတဲ့
စည်း တစ်ခုကို ကျွန်မလေ .........

ငွေပန်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... "

အချိန်အခါမဟုတ် ရွာချင်သလို ရွာတတ်သော ရန်ကုန်မိုး။ ခုလည်း ထီးမပါလာသော ငွေပန်းကို ကောင်းကောင်းကြီး ဒုက္ခပေးပြီ။

ငွေပန်း နီးစပ်ရာဆိုင်ရဲ့ အမိုးအောက်ကို ကမန်းကတမ်း ဝင်ခိုလိုက်ရသည်။

ထို့နောက် ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်သည်။ ထီးမပါတာ သေချာသည်။ ထီးဝယ်ဖို့ ပိုက်ဆံပြည့်မပြည့် မသေချာ။

မိုးတိတ်အောင် စောင့်လို့လည်း မဖြစ်။ ငွေပန်း အလုပ်ဝင်အင်တာဗျူးတစ်ခုကို သွားရမှာ။ နောက်ကျလို့မဖြစ်သလို မိုးရေစိုစို ကြွက်စုတ်ရုပ်နှင့် သွားလို့လည်း မဖြစ်ပါ။





ပိုက်ဆံက အိတ်ထဲမှာ ထီးတစ်လက်စာသာသာ ရှိသည်။ မတတ်နိုင် ဝယ်ရတော့မည်။

ငွေပန်း မိုးဝင်ခိုမိသော စတိုးဆိုင်မှာက ထီးပါရောင်းတာမို့ ဈေးသက်သာဆုံးတစ်လက် ဝယ်လိုက်ရတော့သည်။

ပြီးမှ မျက်စောင်းထိုးမှာ မြင်နေရသည့် ဆောက်လုပ်ရေး ကုမ္ပဏီကို တက်ကြွသော မိုးရေစိုခြင်း ခြေလှမ်းများ ဖြင့်

—

ကုမ္ပဏီရောက်တော့ ကိုယ့်ရှေ့မှာ လူတော်တော်များတာမို့ စိတ်ဓာတ်က ပြုတ်ကျသည်။ လှတပတ ကောင်မလေးတွေ ကြည့်ပြီး ကိုယ်မရနိုင်တော့ဟု မာန်လျော့မိသည်။

ထို့နောက် Reception ကို စာရင်းသွားပေးလိုက်သည်။

"ကျွန်မ ... ငွေပန်းဖြူပါ"

"သြော် ... ဟုတ်ကဲ့ ... မငွေပန်းဖြူ ရောက်ပြီနော် ... ခဏထိုင်စောင့်ပါ ... မငွေပန်းဖြူ နောက်ဆုံးမှရောက်လာတာဆိုတော့ နောက်ဆုံးမှဖြေရလိမ့်မယ်"

"ဟုတ်ကဲ့ ... "

ဒီလောက် ဝီရိယထားပြီး အချိန်အတိအကျလာတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် ကိုယ်က နောက်ဆုံးဖြစ်နေ၍ မျက်ခုံးရှုံ့လိုက်မိသည်။

တကယ်ပါ။ ငွေပန်း ရှေ့မှာ ထိုင်နေတာ အယောက် သုံးဆယ်ခန့်တော့ အနည်းဆုံးရှိနိုင်သည်။ အားလုံးဟာ ရုပ်ရည်အား ဖြင့်တော့ ငွေပန်းထက် သာသူချည်း။

ချိန်းထားသည့် အချိန်အတိကျပဲ။ အင်တာဗျူးစ သည်။ တစ်ယောက်ကို မိနစ်နှစ်ဆယ်လောက်တော့ကြာသည်။ ဘုရားရေ တစ်နာရီသုံးယောက်နှုန်းဆိုရင် ငွေပန်း အလှည့်က ဘယ် နှစ်နာရီမှ ရောက်မှာလဲ။ ထို့နောက် ခဏနေတော့ တစ်ပြိုင်တည်း နှစ်ယောက်ဝင်ရသည်။ ပြန်ထွက်လာသူတွေ ... ပြောပုံအရ နှစ် ယောက်အတူဖြေရတာတော့ မဟုတ်။ အခန်းထဲမှာ ဗျူးတဲ့ အဖွဲ့ နှစ်ဖွဲ့ရှိပြီး တစ်ဖွဲ့စီမှာ ဖြေရတာဖြစ်သည်။

ငွေပန်း အလှည့်ရောက်တော့ ညနေ လေးနာရီခွဲ ဗိုက်လည်းဆာလှပြီ။ ထိုင်ရတာလည်း ခါးညောင်းနေပြီ။ ငွေပန်းနဲ့ အတူ ဝင်ဖြေရတဲ့ ကောင်မလေးလည်း ရှုံ့မဲ့နေပြီ။

အခန်းထဲမှာ စားပွဲနှစ်လုံးရှိပြီး ထိုစားပွဲနှစ်လုံးဟာ အခန်းရဲ့ ထောင့်တစ်ခုစီမှာ နေရာယူထားသည်။ စားပွဲရဲ့ နောက် ဘက်မှာ အင်တာဗျူးမယ့်သူ နှစ်ဦးစီရှိပြီး သူတို့ရှေ့မှာ ခုံတစ်လုံးစီ ချထားသည်။





"ထိုင်ပါ ... ဟင် ... ငွေပန်းဖြူ"

ကိုထိုက်ပါလား။ ကိုထိုက်က ဒီကုမ္ပဏီနဲ့ ဘယ်လို ပ်ဆက်နေလို့လဲ။

"ဒါ ကျွန်တော်တို့ သူငယ်ချင်း ကိုကျော် ... ကျွန်တော် မမေးတော့ဘူး ... ကိုကျော်ပဲ မေးတော့"

ကိုကျော်ဆိုသူကလည်း ပြုံးပြုံး ပြုံးပြုံးနှင့် သဘော ောင်း မည့်ပုံရသည်။

"ဒီအချိန်ဆိုတော့ ဗိုက်ဆာနေပုံရတယ်နော် ... ကျွန်တော် တို့တောင် တော်တော်ညောင်းနေပြီ ... ဒီမှာ ကော်ဖီနဲ့မုန့် အရင် သုံးဆောင်လိုက်ပါဦး ... "

"ဒါဟာ ကိုထိုက်ရဲ့ သူငယ်ချင်းမို့လို့ အခွင့်အရေးဆိုရင်တော့ ကျွန်မ မသောက်တော့ပါဘူး ... "

"နိုးနိုး ... ဒါဟာ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ဧည့်ဝတ်ပြုမှုပါ ... စိတ်ချ ... ဒီကုမ္ပဏီမှာ ဟိုလူအသိ ဒီလူနဲ့ ပတ်သက်ရာပတ် သက်ကြောင်းဆိုတာတွေထက် ... ဝန်ထမ်းတစ်ယောက်ရဲ့ အရည်အချင်းနဲ့ ကုမ္ပဏီစည်းကမ်းကိုပဲ အဓိကထားပါ တယ်"

ကိုကျော်က သူမ CV From ကို သေချာဖတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ညီမက LCCI Level 3 ဖြေထားတာနော် ... "

"ဟုတ်ကဲ့ Result မ out သေးပါဘူး"

"အရင်က လုပ်ငန်းအတွေ့အကြုံမရှိဘူးနော် ... "

"ဟုတ်ကဲ့ ... "

"ဘာပဲဖြစ်ဖြစ် အလုပ်စလုပ်ပြီးဆိုကတည်းက ကိုယ်က လု
ကြီးစိတ်မွေးရပြီ ... ပြီးတော့ အလုပ်လုပ်တာနဲ့ ကျောင်း
သားဘဝဆိုတာလည်း တခြားစီကို ဖြစ်သွားပြီ ... နောက်
တစ်ချက်က ကိုယ်တို့ ကုမ္ပဏီက ဆောက်လုပ်ရေး ကုမ္ပဏီ
ညီမကို Site တွေထဲ ထိုင်ခိုင်းရင်ရော လုပ်နိုင်ပါ့မလား
Site ဆိုတာက သိတဲ့အတိုင်းနော် ... ယောကျ်ားတွေများ
မယ် ... အလုပ်သမားတွေကို နိုင်နိုင်နင်းနင်း ကိုင်တွယ်
ဆက်ဆံနိုင်ရမယ် ... ပြီးတော့ နေပူ မိုးရွာမရှောင် Site ထဲ
မှာပဲ နေရမယ် ... ဖုန် သဲ ခဲတွေ ဘိလပ်မြေနံ့တွေနဲ့ အနေ
ဆင်းရဲမယ် ... လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့ ... Construction ကုမ္ပဏီကို အလုပ်လျှောက်
စဉ်းစားတကည်းက ကျွန်မ အဲဒါတွေကို ထည့်စဉ်းစား
တယ် ... "





"ကွန်ပျူတာပိုင်းနဲ့ ပတ်သက်ရင် အင်တာနက်နဲ့ အီးမေးလ် သုံးတတ်ရမယ် ... Excel ကောင်းကောင်းကျွမ်းကျင်ရမယ် ... ဒါက ရုံးပိုင်းအတွက်ပေါ့ ... လုပ်ငန်းပိုင်းအတွက်ဆိုရင် Auto Cad ကောင်းကောင်းကျွမ်းကျင်တတ်ဖို့လိုတယ် ... ဒီမှာ ညီမတင်တဲ့ Certificate တွေအရဆိုရင်တော့ Excel နဲ့ Auto Cad ကျွမ်းကျင်တယ်လို့ ယူဆရမှာပေါ့ ... "

"ဟုတ်ကဲ့ ... "

"အိုကေ ... "

ထို့နောက် အင်္ဂလိပ်စကားပြော တစ်ခွန်းနှစ်ခွန်းစစ်
... ။

"အိုကေ ... ညီမ Second Interview ပါရင် ကိုယ်တို့ ... အကြောင်းကြားပေးမယ် ... "

"ဟုတ်ကဲ့ရှင့် ... ခွင့်ပြုပါဦး"

"ငွေပန်းဖြူ ... ခဏလေးနေပါဦး"

တစ်ချိန်လုံး ငြိမ်နေသော ကိုထိုက်က ... ဝင်ပြော
ည်။ ငွေပန်း လှည့်ကြည့်လိုက်တော့ ...

"ကိုလည်း အရမ်းညောင်းပြီး ဗိုက်လည်းဆာနေလို့ ငွေပန်းဖြူကို ဒီနားက တစ်ဆိုင်ဆိုင်မှာ လိုက်ညှေ့ခံပါရစေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ရှင် … ကျွန်မမှာ သွားစရာရှိနေလို့ပါ … ခွင့်ပြု
ဦး … "

ကိုထိုက်မှာ နေရာမှပင် မကြွလိုက်ရ။ ငွေပန်း
ကျောပြင်ကို ငေးကြည့် ကျန်ရစ်ခဲ့တော့သည်။

ကိုကျော်က ပခုံးလာပုတ်သည်။

"သူ့ကို ဘယ်နေရာမှာ ထားမှာလဲ … "

"Secretary ခန့်ပေးပါ … ကိုကျော် သူလုပ်နိုင်မှာပါ"

"အိုကေလေ … ကိုထိုက်ပဲ စည်းကို ပြောလိုက်တော့နော်"

"ဟုတ်ကဲ့ ကိုကျော် … ကျေးဇူးပါ"

"ရပါတယ် ဆရာသမားရယ် … တကူးတက လာကူညီတာ
တောင် ကျွန်တော်တို့က ကျေးဇူးတင်နေတာ … "

"မလိုပါဘူးဗျာ … "

ထို့နောက်မှာ သူမက … Second Intrview အခေါ်
လိုက်ရပြီး Intrview အပြီးမှာ တစ်ခါတည်း သူမကို သူဌေး၏ အတွင်း
ရေးမှူး ခန့်လိုက်ကြောင်းပါ တစ်ခါတည်း ပြောလိုက်သဖြင့် သူမ
အံ့သြဝမ်းသာသွားသည်။ သို့သော် တစ်ဘက်က ပြန်တွေးရင်လည်း
ကိုထိုက်ကြောင့် ရတာလားဆိုပြီး သံသယဖြစ်သည်။





ပတ်သက်စရာ ပတ်သက်ကြောင်းမရှိဘူးဆိုပေမယ့်
ထိုက်ဟာ ဒီကုမ္ပဏီမှာ ဘယ်လောက်အရေးပါသလဲ ဘယ်သူ
ဘာမှတ်လို့ …

မပတ်သက်ချင်ပေမယ့် ကိုယ့်ဝမ်းနာကိုယ်သာသိမို့
မ ဒီအလုပ်ကို မစွန့်လွှတ်နိုင်။

အဲဒီလိုနဲ့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ သူဌေးက အသက်ငါးဆယ်ခန့်တော့ ရှိ
သည်။ ရုပ်ရည်ကအစ သားနားသန့်ပြန့်ပြီး သူဌေးရုပ်ထွက်သော
သူမ သူဌေးဟာ သဘောကောင်းသလို စည်းကမ်းတိကျပြီး အ
လေးစားတတ်သူဖြစ်ကြောင်း ကိုကျော်က ပြောပြထားသည်။

ကိုကျော်က ဒီကုမ္ပဏီရဲ့ အထွေထွေ မန်နေဂျာ
တော့ MD နဲ့ ဒါရိုက်တာကလွဲရင် အဖွဲ့ဝင်တွေပြီးရင် ကိုကျော်
ဆုံးဖြတ်ပိုင်ခွင့် အရှိဆုံးလူပေါ့။

"ငွေပန်းရေ ... အန်ကယ် နှစ်ချုပ်ဖိုင်တွေ မနက်ဖြန်အ
လိုချင်တယ်လို့ Account ကို လှမ်းပြောလိုက် ... "

"ဟုတ်ကဲ့ပါ ... "





နောက်တစ်နေ့မှာ Account က နှစ်ချုပ်ဖိုင်တွေ လာ
ပို့တော့ အလျင်စလို လုပ်ထားတာတွေမို့ အမှားမှား အယွင်းယွင်း။

ငွေပန်းက အန်ကယ် မစစ်ခင် ကြိုစစ်ပြီး

"အန်ကယ် နှစ်ချုပ်တွေအတွက် သုံးရက်လောက် အချိန်ပေး
မှရမယ် ... အခု သူတို့ထင်တားတာ ကတိုက်ကရိုက်တင်
ထားလို့လား မသိဘူး ... တချို့ဟာတွေ လတွေ မှားနေ
တယ်"

"အိုကေ ... ဒါဆို နောက်သုံးရက်မှာ အပြီးရပါစေ ... ငွေ
ပန်း ဒီကိစ္စကို ဆက်တာဝန်ယူလိုက် ... အန်ကယ် အခု
Project အသစ်တစ်ခု ချမလို့ ... မနှစ်က အခြေအနေကို
ကြည့်ပြီးမှ ဒီကောင်ကို လုပ်သင့်မလုပ်သင့် စဉ်းစားရမှာ
မြန်မြန်လေကောင်းလေပဲ ... "

"ဟုတ်ကဲ့ အန်ကယ်"

"သြော် ... ကိုကျော်ကို ခေါ်လိုက်ပါဦး"

ကိုကျော် ရောက်လာတော့ ... ။

"သား ... ဘယ်အချိန်ပြန်လာမှာလဲ"

"သနေ လေးနာရီ ဖလိုက်နဲ့ပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကားလွှတ်ဖို့ မမေ့နဲ့ဦး ... ဪ ... ပြီးရင် ဒီကိုတန်းလာ
ခိုင်းလိုက် ... "

"ဟုတ်ကဲ့ အန်ကယ် ... "

ကိုကျော် ပြန်ထွက်သွားသည်။

"ငွေပန်းကို ... သားအကြောင်း ပြောရဦးမယ် ... အန်ကယ်
ရဲ့ တစ်ဦးတည်းသော သားက ဒီကုမ္ပဏီ ဆက်လုပ်မှာ
နောက်ပိုင်းဆို အန်ကယ်က သိပ်ပြီး လာမှာမဟုတ်ဘူး
ခုက သားကို လွှဲလို့မရသေးလို့ ... ကောင်းကောင်းလွှဲလို့
ရရင်တော့ လွှဲပေးလိုက်တော့မှာ ... ဒါပေမဲ့ ငွေပန်းဟာ
အခု အန်ကယ့် အတွင်းရေးမှူးဆိုပေမယ့် သားဆက်ခံရင်
သားရဲ့ အတွင်းရေးမှူးပေါ့ ... သားမှာက တခြားလုပ်ငန်း
တွေ ရှိသေးတယ် ... ဒါပေမဲ့ ငွေပန်းအနေနဲ့ သားရဲ့ အတွင်း
ရေးမှူးဖြစ်တဲ့ အချိန်မှာ ငွေပန်းက ဒီကုမ္ပဏီကိစ္စတွေ
အတွက်ပဲ တာဝန်ရှိတယ် ... ဒီအလုပ်နဲ့ မပတ်သက်တဲ့ သား
ရဲ့ စီးပွားရေးတွေမှာတော့ ငွေပန်း ကဏ္ဍမပါဘူး ... ဒီ
ကုမ္ပဏီရဲ့ အတွင်းရေးမှူးပဲ အန်ကယ်ပြောတာ သဘော
ပေါက်လား ... "





"ဟုတ်ကဲ့ ... သဘောပေါက်ပါတယ် ... အန်ကယ်"

"ဒီညနေ သားနဲ့ ဆုံရတော့မှာပါ ... ငွေပန်း အန်ကယ်က
ငွေပန်းရဲ့ အရည်အချင်းကို သဘောကျတယ် ... အဲဒီတော့
သားနဲ့ လက်တွဲတဲ့အခါ လူငယ်အချင်းချင်းဆိုတော့ အဆင်
မပြေတော တစ်ခုခုရှိခဲ့ရင် အန်ကယ့်ကို အသိပေးနိုင်တယ်
ကိုကျော်တို့ကို တင်ပြနိုင်တယ် ... "

"ဟုတ်ကဲ့ ... "

"ကောင်းပြီ ... ငွေပန်း လုပ်စရာရှိတာ ဆက်လုပ်"

"ဪ ... အန်ကယ် ... ဒီနေ့ည ( ) ဘဏ်က ဦးသက်တင်
နဲ့ ချိန်းထားပါတယ် ... အန်ကယ်မေ့နေမှာစိုးလို့"

"ဟာ ကျေးဇူး ... ငွေပန်းရေ ... တကယ်မေ့နေတာ ...
သက်တင်တော့ မေတ္တာပို့တော့မှာပဲ ... အင်း ဒီည သက်
တင်နဲ့ ဘီယာလေးဘာလေးသောက်ရင်း သားရေးသမီး
ရေး ဆွေးနွေးစရာရှိတယ် ... အင်း သားကညာလည်း အခါ
လင့်လို့ မဖြစ်ဘူး ... ဒီခေတ်ကြီးက လွယ်တာမဟုတ်ဘူး"

သူဌေးက သူမကို ပြောသလိုလိုနှင့် သူ့ဘာသာ
ဆက်လက်ရေရွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ငွေပန်း ... သားနာမည်ကို ကဒ်လုပ်ထားပြီးပြီလား လို့ ကိုကျော်ကို မေးပါဦး ... ပြီးရင် သူ့အတွက် ပြင်ထားတဲ့ အခန်းထဲက သူ့စားပွဲမှာ ကဒ်ထောင်ထားလိုက်လို့"

ကိုကျော်ကို သူဌေးပြောခိုင်းတာ သွားပြောတော့။

"ပြီးပြီ ... ငွေပန်းရဲ့ ... ကတ်ကရလာပြီ ... ဒီမှာ ညည်း လည်း ကြည့်ပါဦး ... ငါလည်း ... အတတ်နိုင်ဆုံးတော့ အကောင်းဆုံးလုပ်ထားတာပဲ ... အိုကေလား ... မိန်းက လေးအမြင်နဲ့ ဝိုင်းကြည့်ပေးပါဦး ... "

ကိုကျော် တောင်းဆိုမှုကြောင့် သူဌေးသား သူဌေး လောင်းရဲ့ အခန်းကို ဖွင့်ကြည့်လိုက်တော့ ... ။

အရင်ဆုံး မြင်ရတာက စားပွဲပေါ်မှာ ထောင်ထား သော နာမည်တစ်ခု ...

"စည်း (CEO) "

သုခကမ္ဘာကြီး ချာချာလည်သွားသည်။ သူမအလုပ် လုပ်နေတာ စည်းရဲ့ ကုမ္ပဏီတဲ့လား။ သူမ အတွင်းရေးမှူးလုပ်ရ မှာက စည်းအတွက်၊ စည်းရဲ့ အတွင်းရေးမှူးတဲ့လား။

ကံကြမ္မာက လှပတဲ့ လက်ဆောင်တစ်ခု သူမကို ပေးသတဲ့။ ချစ်သူသိသိ မသိသိ ချစ်သူအနားမှာ ရှိခွင့်ရရင်ကို သူမ





ျနုပ်နေပါပြီ။ ညနေဆို ချစ်သူရောက်လာတော့မည်တဲ့လား။

ခုခုတော့ စိုးရိမ်ရပါသည်။ သူမအပေါ် ဘယ်တုန်းကမှ မကြေ ည်ခဲ့တဲ့ စည်းဟာ သူမကို သူ့ရဲ့အတွင်းရေးမှူးအဖြစ်နဲ့ ကြည်ဖြူ ပါ့မလား။ မတော် သူစိတ်အခန့်မသင့်လို့ သူမကို အလုပ်ဖြုတ်ရင် ာ့ ဒီတစ်သက် ဆွေးကြောပဲ။

ဘာပဲဖြစ်ဖြစ် ဒီညနေ သူမ ဘဝမှာ ရှိခဲ့ဖူးသမျှသော နေ့တွေထဲမှာ ရင်အတုန်ရဆုံး ရင်အခုန်ရဆုံး ညနေဖြစ်နေခဲ့ပါ ည်။

ညနေ ကိုကျော် လေဆိပ်သွားကြိုတော့ သူမလည်း ်သွားပြီး ကြိုချင်လိုက်တာ။ ချစ်သော စည်းနဲ့ မတော်တဆနီး ရခဲ့တဲ့ ကံကြမ္မာကို ကျေးဇူးထပ်တင်ရင်းက သူဌေး ပြောသွား ာ ဦးသက်တင်နှင့် သားရေးသမီးရေး ဆွေးနွေးမှာကို သွားသတိ ည်။

ဘုရားရေ၊ သူဌေးက စည်းကို သူ့စိတ်တိုင်းကျ အိမ် ာင်ဘက်ရှာပေးတော့မည် ထင်ပါရဲ့။ ဒါဆိုရင် ဆည်းလည်း စိတ် ်ရမှာပေါ့။ ပြီးတော့ စည်း ... စည်းက ဆည်းလည်းကို သိပ်ချစ် လေ ... စည်းဂုလေး စီဝံညစ်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်း ဆိုတာကလည်း သူမဘဝနဲ့ သိပ်မ…
ခြားသေး။ သူလိုငါလို အဆင့်ထဲကလေ။ ဘဏ်သူဌေး သမီးနဲ့ …
ဘယ်ယှဉ်နိုင်မှာလဲ။ ကဲ ဘယ်လိုဆက်ဖြစ်ကြဦးမှာလဲ။

သူမကတော့ စည်းကို ချမ်းသာ ပျော်ရွှင်နေတာ…
မြင်ချင်သည်။ သူမ မပိုင်ဆိုင်ရရင်တောင်မှလေ …

☘





"စည်း"တစ်ယောက် ကိုယ့်မျက်လုံးကို မယုံနိုင်။ စည်းရဲ့ အတွင်းရေးမှူးက သူမတဲ့လား။ ဘုတစ်ရာရယ်လေ။ တစ်တမ္ဘာလုံး သူ့လုပ်စာ စားနေရသလို နှုန်းတင်နေတတ်သော သူမမျက်နှာဟာ အလုပ်ခွင်ထဲကျတော့လည်း ဖော်ရွေမွှန်ရည်သော အပြုံးတစ်ခု စွန်းလို့ပါလား။

ဒီကိစ္စ ထိုက် လက်ချက်ပဲဖြစ်ရမည်။ သူ့ အခန်းထဲဝင်ပြီး တံခါးကို လော့ခ်ချကာ ထိုက်ဆီ ဖုန်းခေါ်လိုက်သည်။

"သက်ရင်းပြော သက်ရင်း … "

"ဟိတ်ကောင် … မင်း ဘာတွေလျှောက်လုပ်ထားတာလဲ"

"ဘာလုပ်လို့လဲ … "



www.burmeseclassic.com

www.burmeseclassic.com



"ဘာမသိချင်ယောင်ဆောင်နေတာလဲ ... ဘုတစ်ရာက ဖျဲ အတွင်းရေးမှူး ဖြစ်နေတယ် ..."

"ဟုတ်လား ..."

"ဘာ ဟုတ်လားလဲ ... မင်းကို အင်တာဗျူး ထိုင်ပေးဖို့ အကူ အညီတောင်းမိတာ မှားပြီထင်တယ် ..."

"ဟာ ဟိတ်ကောင် ... အဲဒါ ငါခန့်တာမဟုတ်ဘူးကွ ... ကိုကျော် ခန့်တာ ... ကိုကျော်ကို သေချာမေးကြည့်ဦး"

"ကျွတ် ... ထိုက်ရာ"

"မယုံသက်ကြီးနဲ့ ပြောနေမယ့်အစား ကိုကျော့်ကို မေး ကြည့်လိုက်ပါဦးကွာ"

"ပြီးရော ပြီးရော ... မင်းခန့်တာမဟုတ်ရင် ငါဖြုတ်ပစ်မယ် ဒါပဲ"

"ဟာ ဟိတ်ကောင် ... မင်းကလည်း အလုပ်လုပ်တာပဲကွာ ပုဂ္ဂိုလ်ရေးတွေ နှယ်နေပြန်ပြီ"

"ဟာ ... ငါမှ သူ့ကို ကြည့်မရတာ"

"သဘောပဲကွာ ... ဒါပေမဲ့ ငါကတော့ ငါနဲ့ နီးစပ်ဖို့က မင်း ကုမ္ပဏီမှာ သူရှိမှဖြစ်မှာ ... မင်းဖြုတ်ချင်တော့လည်း ဘယ် တတ်နိုင်ပါ့မလဲ"





"အဲဒီလို စောစောဝန်ခံတာ မဟုတ်ဘူး ... မင်း ကိုကျော့်ကို လာဘ်ထိုးထားတယ်မို့လား ..."

"ငါ ကျိန်ကျလွန်းလို့ပါကွာ ... ပြီးတော့ ... ငွေပန်း ကိုယ်တိုင် ကလည်း အရည်အချင်းရှိပါတယ် ... မင်း တွဲလုပ်ကြည့်ပါဦး ကွာ ..."

"တော်တော် ဇယားနောက်တဲ့ကောင်ပဲကွာ ... ဒါပဲ ဟိတ် ကောင် ..."

ဖုန်းပြောပြီးတော့ စားပွဲပေါ်က အင်တာကွန်းက ညီလားပြန်သည်။ ခလုတ်နှိပ်လိုက်တော့ ...

"သူဌေးလေး ... ကန်ထရိုက် ဦးမြဝင်းတို့ ရောက်နေပါတယ် သူဌေးနဲ့တွေ့ချင်လို့တဲ့ ... ဧည့်သည် လက်ခံမှာလားရှင်"

အံမယ်။ သူမ အသံ ဒီလောက်ချိုမှန်းတောင် သူ မသိခဲ့။

"ဘာကိစ္စလဲ ..."

"သူဌေးလိုချင်တဲ့ မြေကွက် အကြောင်းပြောချင်လို့တဲ့ ... လှည်းတန်းဈေးနားလို့ ပြောပါတယ် ..."

"သြော် ... ဟုတ်ပြီ ... ကိုယ့်အခန်းကို လွှတ်လိုက်"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ အခန်းတံခါး ထဖွင့်လိုက်တော့ ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်ပြီး ရွှေလက်ပတ်ကြိုးကြီး တဝင်းဝင်းနဲ့ ဦးမြ ဝင်းကို တွေ့ရသည်။ အသားမည်းမည်း၊ ထိပ်ပြောင်ပြောင်၊ ဗိုက်ပူ နှင့် ထို ဦးမြဝင်းဟာ ရွှေအတုံးလိုက် အတစ်လိုက်ဝတ်ရတာ တော် တော်ဝါသနာပါပုံရသည်။

ဦးမြဝင်းတို့ကို လိုက်ပို့ရင်း ငွေပန်းပါ အထဲဝင်လာ သည်။ အေးလေ သူမက သူ့ အတွင်းရေးမှူးပေပဲ။

"ကိုစည်း ... လှည်းတန်းနားက ကိုစည်းလိုချင်တဲ့ အကွက် ကို တစ်ကွက်ရထားတာ ... ဒါပေမဲ့ အန်ကယ့်မှာ ထခြ တစ်ခု ဆောက်လက်စဖြစ်နေတော့ ငွေမနိုင်တော့ဘူး ... ဒီအကွက်ကိုလည်း အကြာကြီး မအောင်းချင်ဘူး"

"ဟုတ်ကဲ့ ... "

"အန်ကယ် ပြန်ရောင်းရမှာလည်း နှမြောတယ်ကွယ် ... အဲဒီတော့ ကိုစည်းနဲ့ ရှယ်ချင်တယ် ... "

"ကျွန်တော်က ဖြစ်နိုင်ရင် တစ်ယောက်တည်းပဲ လုပ်ချင် တာ ... အန်ကယ် အဲဒီနေရာကိုလည်း ကျွန်တော် တော် တော်ကြိုက်တယ် ... ဖြစ်နိုင်ရင်တော့ ပြန်ဝယ်ချင်တယ်"

"အပြတ်ရောင်းဖို့တော့ စိတ်ကူးမရှိဘူး ... ကိုစည်းရဲ့"





စီးပွားရေးသမားဆိုတော့လည်း ကိုယ့်အတွက်ရ သည့် အခွင့်အရေးကို ဘယ်လက်လွှတ်ခံမလဲလေ။ ထိုနေရာက ... ကိုယ့် အကွက်အကွင်းနေရာ။ ပိုက်ဆံအမြတ်ထက် ထိုနေရာမှာ ဆက်ဆောက်လိုက်နိုင်ခြင်းဖြင့် ကိုယ်နာမည်ပါ ကျန်နေမှာမို့ စီးပွား ရေးသမားတွေပီပီ နာမည်ရဖို့ကိုလည်း မက်ပါသည်။

စည်းက နားထင်ကို လက်မဖြင့် ဖိပြီး ခဏစဉ်းစား နေသေးသည်။

"ကျွန်တော် စဉ်းစားလိုက်ဦးမယ် ... အန်ကယ် ... ကျွန် တော် အကြောင်းပြန်ပေးပါ့မယ်"

"အိုကေ ... ကိုစည်း ... အဆင်ပြေပါစေလို့ ဆုတောင်းရ တော့မှာပဲ ... ကဲ ... ဒါဆို အန်ကယ့်ကို ခွင့်ပြုဦး ... "

"ကော်ဖီ သုံးဆောင်သွားပါဦး အန်ကယ်"

ငွေပန်းဖြူက ကော်ဖီနှစ်ခွက်ယူလာပြီး စည်းနဲ့ ဦးမြ ဝင်းရှေ့ ချပေးလိုက်သည်။

ဦးမြဝင်းနဲ့စည်း ကော်ဖီသောက်ရင်း ခဏတဖြုတ် စကားပြောနေကြသေးသည်။ ပြီးမှ ဦးမြဝင်း ထပြန်သွားသည်။

"ဘုရွှေလေး ... "

"နိုးနိုး ... ငွေပန်းဖြူ ... အခေါ်အဝေါ်ပြင်ပါဦး ... ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကိုစည်းပဲခေါ်ပါ ... ”

“ဟုတ်ကဲ့ပါ ... အလုပ်နဲ့ပတ်သက်ပြီး စိတ်တိုင်းမကျတာ ရှိရင်လည်းပြောပါ ကိုစည်း ... ”

ငွေပန်းဖြူက ချစ်သူ့အမိန့်ကို နာခံစွာ ပြောလိုက်သည်။ စည်းကတော့ အရင်ကနှင့် တခြားစီဖြစ်နေသော သူမရဲ့ အံ့ဩတကြီး။ သူတွေ့ဖူးတဲ့ ငွေပန်းဖြူဆိုတာ ဒီပုံစံမှ မဟုတ်တာ အေးလေ သူက ခုချိန်မှာ သူမရဲ့ အလုပ်ရှင်ဖြစ်နေလို့ အချိုးပြောင်း သွားတာနေမှာပေါ့။ ဘာပဲဖြစ်ဖြစ် သူမဘက်က ပြောင်းလဲပြီး ဆက် ဆံတော့လည်း စည်းက သိပ်ပြီး မခါးသီးတော့ပါ။

“ငွေပန်းဖြူ ... ကိုယ် ဆိုင်ကို သွားလိုက်ဦးမယ် ... ဒီနေ့ အဖို့ ကိုယ် ကုမ္ပဏီပြန်မလာတော့ဘူး ... ကိစ္စရှိရင် ကိုယ့် ဖုန်းကို လှမ်းဆက်ပါ။ Account ကို မရမ်းကုန်းဆိုင်ရဲ့ စာရင်း လုပ်ခိုင်းထားတာ ပြီးပြီလားလို့ ... ပြီးရင် ကိုဖယ့်စားပွဲပေါ် တင်ထားပေး ... မနက်ဖြန် စစ်မယ် ... ”

“ဟုတ်ကဲ့ရှင့် ... ”

စည်း ထွက်သွားတော့ စည်း စားပွဲပေါ်က ဖိုင်တွေ ကို ရှင်းလင်းပေးရင်း တစိမ့်စိမ့်ကြည်နူးနေမိသေးသည်။ ချစ်သူနဲ့ ခုလို အနီးကပ်နေရလိမ့်မည်ဟု ဘယ်တုန်းကမှ စိတ်ကူးယဉ်ဖူးတာ





မဟုတ်။ ဝေယျာဝစ္စတွေကို လုပ်ပေးခွင့်ရလိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့။ ခုတော့ သူမဟာ ချစ်သူရဲ့ စက္ကထရီဘဝကို လခစား ဝန်ထမ်းအဖြစ်ထက် ပိုစွာ နှလုံးသားညွတ်နူးစွာ လုပ်ပေးဖြစ်ပါ သည်။

ဖိုင်တွေစီပြီးတော့ သူ ဖြစ်သလိုချွတ်ထားခဲ့သော အပေါ်ဝတ် ကုတ်အင်္ကျီကို သေသပ်ကျနစွာ ခေါက်လိုက်သည်။ သူ့အင်္ကျီမှာ ရေမွှေးနံ့မဟုတ်သော လတ်ဆတ်သည့် ရနံ့တစ်မျိုးရ သလိုပဲ။ ဒါပေမဲ့ ဆည်းလည်းဆီက သိရသမျှ သူက ရေမွှေးတွေ အမွှေးအကြိုင်သုံးရတာ ဝါသနာမပါပါတဲ့။ ဒါကို သူမရတဲ့ ရနံ့ဟာ သူ့ ကိုယ်သင်းနံ့လား။ သူမ ပခုံးတစ်ချက် တွန့်လိုက်ပြီး သူ့အင်္ကျီ လေးကို တစ်ချက် ဖွဖွကလေး နမ်းရှိုက်လိုက်မိသည်။ သူ့အင်္ကျီရဲ့ ဘယ်ဘက်ရင်အုံနေရာကိုလေ ...

ကဲ ... ချစ်သူကို မပိုင်ဆိုင်ရပေမယ့် ချစ်သူရဲ့ နှလုံး သားကိုတော့ နမ်းရှိုက်ခွင့်ရလိုက်တာပဲလေ။

ကိုယ့်ဘာသာ ရူးသွပ်ရင်း ငွေပန်း မျက်ရည်တွေ စီးဝဲလာမိသည်။ ထိုစဉ်မှာပင် စားပွဲပေါ်က ဖုန်းက မြည်လာသည်။

“ဟယ်လို ... ”

“ငွေပန်းဖြူ စားပွဲပေါ်မှာ အနီရောင် အိတ်တစ်အိတ်ကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လား ... ကြည့်ပေးပါ ... ”

“မကျန် ... သြော် ... စားပွဲပေါ်တော့ မဟုတ်ဘူး ... ဗီရို ပေါ်မှာတော့ အနီရောင် ပလတ်စတစ် အိတ်တစ်လုံးတွေ့ တယ် ... ကိုစည်း”

“ဟူး ... အိုကေ ... အိုကေ”

ခဏကြာတော့ ဖုန်းက မြည်လာပြန်သည်။

“ငွေပန်းဖြူ အဲဒီအိတ်ကို ယူပြီး ကားပါ့ခ်ကင်ကို လာပေး ပါ ... ကိုယ် အခုပြန်လှည့်လာနေပြီ ... ”

“ဟုတ်ကဲ့ ... ”

စက္ကူပူ အမှတ်တံဆိပ်ပါသော အိတ်ထဲမှာ ဘူးလေး တစ်ဘူးတော့ပါသည်။ ဘာဘူးလဲတော့ မသိပါ။

သူ့ကားလေးက ကားပါ့ခ်ကင်ကို တစ်ရှိန်ထိုး ကွေ့ ဝင်လာကာ ဘရိတ်ခ်ကို ကြမ်းတမ်းစွာ ဆွဲလိုက်သည်။

သူမ အိတ်ကို လှမ်းပေးတော့ ...

“Thank You ”

စက်မသတ်ထားသော ကားကို ကွေ့ဖို့ပြင်သည်။

“ကိုစည်း ... ”

စည်းက သူမကို လှည့်ကြည့်သည်။





“ကားကို ဖြည်းဖြည်းမောင်းပါ ... ကိုစည်းရယ်”

စည်းက ခေါင်းညိတ်ပြီး ထွက်သွားသည်။ သူမ ကားကို သာမန်ကာလျှံကာ ပုံစံမျိုးပဲ သဘောထားပုံရပါသည်။

ကားလေးက ဝေါခနဲ စက္ကန့်ပိုင်းအတွင်း။ နောက်ပြီး မြင်ရတော့။ သူမနေရာမှာ ဆည်းလည်း သာဆိုရင်တော့ သူ့ပြော ကား နားထောင်ချင် နားထောင်မှာပေ့ါလေ။

ခုတော့ သူမက ဆည်းလည်းမှ မဟုတ်တာ။

သူမက ... ငွေပန်းဖြူ ငွေပန်းဖြူမှ သူသိပ်အမြင် ကြည်တဲ့ ငွေပန်းဖြူရယ်လေ။ ငွေပန်းကို သူ့အတွင်းရေးမှူး အဖြစ် ဆက်ပြီး လက်ခံထားတာကိုပင် တော်တော် ကျေးဇူးတင်ရမည်။

ချစ်သူ ချစ်ရတဲ့သူ။ တစ်ဖက်သက်ချစ်ရသူ၏ သက် ငြင်းရှိုက်သံသဲ့သဲ့။

☘



www.burmeseclassic.com

"ဆည်းလည်း ..."

"ဟော ကိုစည်း"

"ဆည်းလည်းရယ် ... ကိုယ် လွမ်းလိုက်တာ"

"ဆယ်ရက်လောက်သွားတာများ ကိုစည်းရယ် ... ပိုပြန်

"ဟာကွာ ... ဆယ်ရက်လောက်မဟုတ်ဘူးဗျ ... ဆယ်

တောင်သွားရတာ"

"အဲလောက် လွမ်းရင် ပြန်လာပေါ့ ... နေနိုင်လို့ပဲ နေ

ပြီဟာကို ..."

ဆည်းလည်းဟာ တော်တော်ကိုခံစားချက်မဲ့ပါသည်

အားမနာလျှာမကျိုး ပြောနေလိုက်တာများ စည်း မျက်နှာကို

တစ်ချက်ငဲ့မကြည့်။ စည်းကတော့ ရင်ထဲမကောင်းသော်လည်





ချစ်ညှစ်ပြုံးပြလိုက်ပါသည်။ အစကတည်းက ဆည်းလည်း သူ့ကို

ချစ်တာ သူ သိပြီးသားပဲလေ။

ခုမှ ထူးပြီး ကြေကွဲစရာ အကြောင်းမရှိတော့။

"ဒီမှာ ဆည်းလည်းဖို့ ... နာရီဝယ်လာတယ်"

ဆည်းလည်းက နာရီလေးကိုထုတ်ကြည့် Rolax

နာရီလေးက ကြိုးပါးပါးပြားပြားလေး။

"ဟယ် ချစ်စရာလေးတော့ ..."

"ကြိုက်လား"

"ကြိုက်တာပေါ့ ... ကိုစည်းက ရွေးတတ်လိုက်တာ"

"ပေး ... ကိုယ်ပတ်ပေးမယ်"

ဆည်းလည်း လက်ဖြူဖြူလေးမှာ နာရီလေးက ပို

လှနေပါသည်။ ဆည်းလည်း အပြုံးလေးကလည်း ချိုကြည်လို့။

ချစ်သူမျက်နှာ လမင်းသာလို့ မမြင်ချင်တဲ့သူ ဘယ်သူရှိမတဲ့လဲ။

စည်းတစ်ယောက်လည်း ဆည်းလည်းအပြုံးကို မြင်ရရုံနှင့် ခုနက

ခံစားရတာတွေ ပျောက်သွားသည်။

"ဟိတ် ကိုစည်းနော် ... နာရီပတ်ပေးပြီး ညာတာ ပါတေးနဲ့

ဆက်ကိုင်ထားတာ တော်တော်ကြာနေပြီနော် ..."

"ဟာကွာ ... ကိုယ့်ချစ်သူသက်ကို ကိုင်တာပဲကွာ"

www.burmeseclassic.com



"ကလေးမနော် ... လက်ကိုင်တာလေးတောင် တွန့်တို
ရင် ဖက်နမ်းခံရမယ်နော် ... "

"ဟာ ... ကိုစည်း ... အဲလို အခွင့်အရေးမယူပါနဲ့ကွာ
ဆည်းလည်း မကြိုက်ဘူး"

စည်း စိတ်လျှော့လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် ကို
က ချစ်ရသူလေ။

"ပြောပါဦး ... ကိုယ်မရှိတဲ့ ဒီဆယ်ရက်အတွင်း က
ဘာတွေလုပ်ဖြစ်လဲ ... ဘယ်သွားလဲ"

"သင်တန်းသွားတယ် ... အိမ်မှာနေတယ် ... ဒီလော
လေ ... ဩော် ... ကိုစည်းကို ပြောရဦးမယ် ... ငွေ
တောင် ... အလုပ်ရသွားပြီ သိလား ... ဆောက်လုပ်
ကုမ္ပဏီပဲ"

"ဟုတ်လား ... ဘယ်ကုမ္ပဏီလဲ ... "

"မသိဘူး ... သူဌေးရဲ့ အတွင်းရေးမှူးတဲ့ ... မိုက်တယ်
"မမိုက်ပါဘူး ... "

"ဟင် ... ကိုစည်းကလေ ... ငွေပန်းကိုဆို အကောင်း
မထင်ဘူး"

"လူကို မကောင်းမြင်ဝါဒများ မှတ်နေလား ... ဒေါ်ဆ





လည်းလေးရဲ့ ... သူ ဘယ်ကုမ္ပဏီမှာ အလုပ်လုပ်ရလဲ သိလို့
လား ... "

"ဆောက်လုပ်ရေး ကုမ္ပဏီပါဆို ... "

"ဆောက်လုပ်ရေး ကုမ္ပဏီက ဘယ်သူ့ကုမ္ပဏီလဲ"

"ဩော် ... ဆောက်လုပ်ရေး ကုမ္ပဏီနာမည်တောင် မသိ
တာ ... ပိုင်ရှင်ကို ဘယ်လိုလုပ်သိမှာလဲ ... "

"အင်း ... မသိဘဲနဲ့ ကိုယ့်ကုမ္ပဏီမှာ မမရဲ့ ... ကိုယ့်
အတွင်းရေးမှူးက ငွေပန်းဖြူပဲ ... "

"ဟယ် ... ဟုတ်လား ... အဲလိုဆို ကောင်းတာပေါ့ ... ကိုယ့်
လူရင်းတွေပဲ"

"ကဲ ... ငွေပန်းအကြောင်းပဲ ပြောနေတော့မှာလား"

"တိုက်ဆိုင်တာကို အံ့သြနေတာပါ ... ဒါနဲ့ ကိုစည်းက ...
ဆောက်လုပ်ရေး ကုမ္ပဏီလည်း ပိုင်သေးတယ် ဆိုတော့
သူဌေးကြီးပေါ့... "

"ကိုယ့်မိဘတွေ ပိုင်တာပါကွာ... "

ငွေပန်း အကြောင်းကနေ သူ့ရဲ့ ပိုင်ဆိုင်မှုဘက်ကို
က ရောက်ဖြစ်၏။ ဆည်းလည်းချိုဟာ ငွေမက်သည်ဟု မဆို
သော်လည်း ချစ်သူက တကယ့်သူဌေးတစ်ယောက် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက်တော့ ကျေနပ်သလိုလိုပင်။ ခုဆို မိုဘိုင်းလ်ဖုန်းလေး တကိုင်ကိုင်နှင့်ပင် တော်တော်ဟုတ်နေတာလေ။ နောက်ဆို ဆည်းလည်းတို့ ကိုယ်ပိုင်ကားတစ်စီးနှင့် ကျော့မော့မနေပါဘူးလို့ ဘယ်သူပြောနိုင်မလဲ။

ပိုက်ဆံဆိုတာ တစ်ခါတစ်ရံ လူတစ်ယောက်ရဲ့ စိတ်ကို အမည်းမှ အဖြူသို့ ပြောင်းလဲသွားစေတတ်တယ်လေ။

ခုလည်း ဆည်းလည်းရဲ့ စိတ်တွေ တဖြည်းဖြည်း အရောင်ပြောင်းစပြုလာပြီ။ ပြီးတော့ စိတ်ထဲမှာလည်း စည်းကိုလက်ထပ်ဖို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက်ကျသွားခဲ့သည်။ ကဲ ... ဘယ်လိုချစ်သူမျိုးလဲကွယ် ... ။

☘





အားလုံးစုံအောင် ဖန်တီးသူက ထိုက်ခွန်။ ပြီးတော့ လုံးစုံမှ ငွေပန်းဖြူပါလာမှာလေ။ ခုချိန်မှာ စည်းက သူ့ရဲ့အလုပ်ဖြစ်နေတာမို့ စည်းက ခေါ်ရင် ငွေပန်းဖြူက မဖြစ်မနေပါလာရဝင်။ အလုပ်နဲ့မသက်ဆိုင်ပေမယ့် အလုပ်သဘောနဲ့ ဆက်နွယ်တဲ့ လူမှုရေးကို ငွေပန်းဖြူ သဘောပေါက်ပါသည်။

ထိုက်ခွန် မွေးနေ့တဲ့။ သူမတို့ ... သူငယ်ချင်းလေး တက်ရယ်၊ ကိုထိုက်ခွန်ရယ်၊ စည်းရယ်၊ မနက်အစောကြီးတည်း ဘုရားတက်ကြသည်။

ဘုရားလာတာဆိုတော့လည်း မိန်းကလေးတွေက မာဝတ်စုံကိုယ်စီနှင့် ယဉ်တစ်ကိုယ်မယ်တွေဟန်ရေးပြနေသလား ာက်မေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်နှင့် စည်းက ပိုးတွဲပုဆိုးနှင့် စတစ်ကော်လံနှင့်

ထိုက်ကတော့ ငွေပန်းဖြူကိုပဲ ငေးနေသည်။ ငွေပန်းက သူမဆံပင်ရှည်တွေကို အပြာနုရောင် ပဝါစလေးဖြင့် စည်းထားသည်။

ဝက်ခြံဘုတွေပေါ်မှာ သနပ်ခါးမှုန့်လေးတွေ သီနေသော ပါးပြင်လေးကို ငေးပြီး အချစ်တွေ တိုးနေသူက ထိုက်ရယ်လေ ...

အားလုံး ကိုယ့်မွေးနေ့ထောင့် ကိုယ်စီ ရှိနိုးကြပြီးတော့ ထိုက်က ...

"အောင်မြေမှာ အဲ့းလုံးစုပြီး ကန်တော့ရအောင်"

အောင်မြေမှာ ကန်တော့ပြီး အားလုံးမတ်တတ်ပြန်ရပ်တော့ ထိုက်က စည်းနားကပ်သွားကာ ခါးတို့ပြီး ...

"အောင်ပြီကွလို့ အကျယ်ကြီးအော် ... "

"အောင်ပြီကွ ... ဟာ ... ဟာကွာ ... ထိုက် 'မင်းကွာ"

ဆည်းလည်းတို့ အဖွဲ့အပါအဝင်အောင်မြေမှာ ဘုရားရှိခိုးနေသူအားလုံး အထိတ်တလန့်ဖြစ်ပြီး လှည့်ကြည့်ကြသည်။ ဆည်းလည်းက ...

"ကိုစည်း ... ဘာဖြစ်တာလဲ"





"ဟို ... ဘာမှမဖြစ်"

"ဘာကို ဘာမှ မဖြစ်တာလဲ ... ဒီလောက်အကျယ်ကြီးထအော်ပြီးတော့ ... ဘာဖြစ်တာလဲပြော ... ဘာတွေလုပ်ထားလို့ ဘာ့တွေယောင်နေတာလဲ"

"ထိုက် လုပ်လိုက်တာ"

"ကိုထိုက် ... ကိုထိုက်က ဘာလုပ်လို့လဲ"

ထိုက်က စည်းခါးကို ထပ်တို့လိုက်ပြီး ...

"အောင်ပြီ ... အောင်ပြီလို့ သုံးခါအော်"

"အောင်ပြီ"

"အောင်ပြီ"

"အောင်ပြီ"

ယောင်နေရာမှ ရပ်သွားတော့ ထိုက်ကို ပက်ပက်စက် လိုက်ထိုးတော့သည်။ လက်သီးမိုးတို့ လက်ဖဝါးဒိုင်းဖြင့် ကာရင်း ထိုက် တဟီးဟီး တဟားဟား သဘောတွေကျနေသည်။

ခုမှပဲ ဆည်းလည်းတို့ သဘောပေါက်သွားကာ ...

"သြော် ... ဒီလိုကိုး ... ကိုစည်းက ယောင်တတ်တာပေါ့"

"ထိုက် ... မင်း တော်တော်ဆိုးနေ ... မင်းက ငါ့အထုပ်ကို ဖြေပြတာပေါ့လေ ... ဟေး ... ဒီနေ့တော့ မင်းမွေးနေ့မို့



www.burmeseclassic.com

www.burmeseclassic.com



လျှော်ပေးလိုက်မယ် ... ဟဲဟဲ ... ငါ့အလှည့်ကျရင်တော့ ဆရာမခေါ်ကြေးပေါ့ကွာ... ”

“ထိုက်တို့က ဘာအားနည်းချက်မှ မရှိတည်းကကွ ... ငှဲငှဲ”

“ထိုက် ... ထိုက် ... ခန္ဓာကိုယ်အားနည်းချက်ထက် စိတ်ရဲ့ အားနည်းချက်က ပိုပြီး ဆိုးတယ်ကွ ... ဥပမာကွ ငါ့မှာ သိပ်ချစ်စရာကောင်းတဲ့ ချစ်သူလေးတစ်ယောက်နဲ့ သာယာနေချိန်မှာ ... ဟင်း ဟင်း ... မောင်ထိုက်တို့ တစ်ကောင်တည်း ငေါင်နေရှာရတာကို သနားလို့ ... ငါလျှော်လိုက်ပါတယ်”

“ဟင်း ... လျှော်ပေလို့ပဲ ပြောလိုက်တာ ... ချက်ကောင်းကို ပျစ်ပျစ်နှစ်နှစ်ပဲ”

ဆည်းလည်းက ပြုံးစိစိ။ ငွေပန်းကတော့ စည်းရဲ့ ယောင်တတ်တဲ့ အကျင့်လေးကို ချစ်စနိုးဖြစ်နေမိသေးသည်။

ပိုးစုနဲ့ မြတ်နုက ဆည်းလည်းကို မျက်စပစ်ကာ ဆည်းလည်းကို ချွန်းတွန်းလုပ်တော့သည်။

“ဆည်းလည်းရေ ...ကိုယ်လိုချင်တာရှိရင် ခါးသာတို့လိုက်ပေ့”

“ဆည်းလည်းရေ ... ရန်ဖြစ်ချင်လည်း ခါးသာတို့ သိလား





နင်တော့ နိုင်ကွက်ရပြီ ဆရာ”

ငွေပန်းရင်ထဲမှာ ငိုသွားသည်။ ငွေပန်းသာ ဆည်းည်းလို အခွင့်ရမယ်ဆိုရင်လေ ဆည်းလည်းလို နိုင်စားမှာမဟုတ်ူးကွယ်။ တကယ်သာ အဲလို အခွင့်ရမယ်ဆိုရင် ‘ငွေပန်းကို ချစ်ယ်’ဆိုတဲ့ စကားလေးကို ကြားချင်တိုင်း ခါးတစ်ချက်လောက်မယ်ထင်တယ်။ စိတ်ကူးရုံနဲ့တင် ငွေပန်းရဲ့ နှုတ်ခမ်းထက်မှာ ည်မြစ်တစ်စင်း ဖြတ်သန်းစီးဆင်းသွားသတဲ့။

“ဟိတ် ... တစ်ယောက်တည်း ဘာတွေပြုံးနေတာလဲ”

အတွေးကမ္ဘာထဲမှာ နစ်မျောနေတုန်း ထိုက် အသံ ကြားလိုက်ရသဖြင့် ဗီလင်တောင် ပျက်သွားရသည်။ ဘေးမှာ တ် တစ်ယောက်ပဲ ရှိတော့သည်။ ကျန်တစ်ဖွဲ့လုံး ဘယ်ပျောက်ားလဲ မသိ။

“ဆည်းလည်း တို့ရော ... ”

“ဟိုဘက် ထွက်သွားတယ် ... ငွေပန်းက ကိုယ့်ဘာသာ မျက်လုံးမှိတ်ပြီး ပြုံးနေတာကိုး ... ပြောပါဦး ... ဘာတွေ သဘောကျနေတာလဲ... ”

“ဘာမှ မဟုတ်ပါဘူး... ”

ပြောပြီး ဆည်းလည်းတို့ ထွက်သွားသည်ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ထွက်လာခဲ့လိုက်သည်။ ထိုက်က ပခုံးတွန့်လိုက်သည်။

"ဆည်းလည်း နင်တို့ကလည်း ငါ့ကိုတောင် မစောင့်ကြဘူး"

"အံမယ် ... သွားမယ်လို့ခေါ်နေတာဖြင့် မကြားဘဲ ပြိုးစိစိ ကြီးလုပ်နေပြီးတော့ ... "

"အို... "

ငွေပန်းမှာ ... စိတ်နှင့်ကိုယ် ကင်းကွာသွားရသည့် အဖြစ်ကို ရှက်သွားကာ ဆည်းလည်းကို လှမ်းရိုက်နေသည်။

"ကဲ ... အားလုံးကို Signature မှာ မနက်စာ လိုက်ကျွေးမယ်... "

"သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ကွာ... "

ထိုက်နှင့်စည်း ကားတစ်စီးစီဖြင့် လာတာမို့ ဆည်းလည်းက စည်းကားပေါ် တက်သွားပြီ။ ပိုးစုနှင့် မြတ်နုက ထိုက်ကားပေါ် ခပ်တည်တည်တက်ထိုက်ကာ ယောင်နေသော ငွေပန်းကို ...

"ဟဲ့ ... ငွေပန်း ... ဒီကိုလာလေ ... သူများအတွဲကားပေါ် သွားမစီးနဲ့"

ပိုးစုနဲ့ မြတ်နုက ကားနောက်ခန်းမှာ နေရာယူပြီး သူမက နောက်ခန်းတံခါးကိုပဲ သွားဖွင့်တော့ ...





"ဟိတ် ... နောက်က မတက်နဲ့လေ ... ကိုထိုက်ကို အားနာစရာကောင်းတယ် ... Lover seat မှာပဲ ထိုင်လိုက်တော့"

"ဟာ"

"ဟဲ့ ... ဘာဟာလဲ ... ကိုထိုက်က ဒရိုင်ဘာမှ မဟုတ်တာ"

ဒီလိုနဲ့ပဲ သူမ ထိုက်ဘေးကို ရောက်ရတော့သည်။ ထိုက် စိတ်ထဲက ပိုးစုတို့ ညီမကို ကျေးဇူးတင်လျက် ...

Signature ရောက်တော့ မနက်စာအတွက် အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်း အစားအစာ၊ မြန်မာ့ရိုးရာ အစားအစာ မျိုးစုံမှာကြရင်း ထိုက်က ဘာမှမမှာရသေးသော ငွေပန်း ဘက်လှည့်ကာ ...

"ငွေပန်း ... ဘာစားမလဲ... "

"ပဲပြုတ်ထမင်းဆီဆမ်း"

"ဟာ ... တခြားဟာ စားပါလားကွာ"

"အဲဒါ ... ကျွန်မ မနက်တိုင်းစားနေကျပဲ"

"အေးလေ ... မနက်တိုင်းစားနေကျဆိုရင် တခြားဟာ ... ပြောင်းစားပါလား ... ဒီမှာ မျိုးစုံရတာကို"

"မစားချင်ပါဘူး ... ပါးစပ်အကျင့်ပျက်မှာစိုးလို့ ... မစားဖူးတာတွေ မစားချင်ဘူး ... စားဖူးလို့ကောင်းမှန်းသိရင် ထပ်



www.burmeseclassic.com

www.burmeseclassic.com



စားချင်နေမှာစိုးလို့"

မင်းက တစ်မျိုးလေးပဲ ငွေပန်းရယ် ...

စားစရာမှာပြီးတော့ စည်းက ...

"ရော့ သူငယ်ချင်း ... မင်းအတွက် မွေးနေ့လက်ဆောင်"

အင်္ကျီထည့်သည့်အိတ်တစ်လုံးကမ်းပေးလိုက်သည်။ ဆည်းလည်းက နက်ခ်တိုင်ပေးသည်။

"ဟာ ... ကျွန်တော် မိန်းကလေးတွေဆီက မယူချင်ဘူး... တစ်ခါမှလည်း မရဖူးတော့..."

"ကြော်ငြာခမပေးရတိုင်း စွတ်ကြော်ငြာနေတယ်... ကိုထိုက် မယူရင် ဆည်းလည်းတို့ မစားတော့ဘူး..."

ပိုးစုနှင့် မြတ်နုက ... နက်ခ်တိုင် ရင်ထိုးလေးနှင့် ဘောလ်ပင်။

"တိုင်ပင်ပြီးများ ဝယ်လာကြလား မသိဘူး ..."

"သေချာတာပေါ့ ... ကိုစည်းက အင်္ကျီဝယ်ပေးမှာ... အင်္ကျီ ပဲ ဝယ်ပေးနေကျဆိုလို့ ကိုစည်း အင်္ကျီနဲ့ လိုက်ဖက်တာလေး တွေ ရွေးဝယ်လာတာ..."

ငွေပန်းက ချစ်စရာ Photo Stand လေးတစ်ခု လက် ဆောင်ပေးသည်။





"ကဲ အားလုံးကို ကျေးဇူး ... အားပါးတရသုံးဆောင်ကြပါ ခင်ဗျာ"

"Happy Birthday to you!"

"Happy Birthday to you!"

ဆုတောင်းသံတွေအဆုံးမှာ ထိုက်ကပြုံးစပ်စပ်နှင့်...

"အဲဒီ ဆုတောင်းသံအစား တခြားဆုတောင်းလေး တောင်း ပေးပါလားဟင်"

"ဘာလဲ"

"ရည်းစား မြန်မြန်ရပါစေလို့ ..."

ထောပနာပြုသံတွေ ဘက်ညံလို့ ... ။



www.burmeseclassic.com

www.burmeseclassic.com



"စည်း" ယောင်တတ်မှန်း သိသွားပြီနောက်ပိုင်း
ဆည်းလည်းဟာ စည်းကို အမြဲပဲ ခါးတို့လေ့ရှိသည်။ တစ်ခုခု မ
နပ်စရာရှိရင်လည်း ခါးတို့ပြီး တောင်းပန်ခိုင်းသည်။ တစ်ခုခု လို
တာရှိလို့ ပူဆာရင်လည်း ခါးတို့ပြီး ခေါင်းညိတ်ခိုင်းသည်။
စည်းမှာတော့ သူမရဲ့ ထိုအပြုအမူတွေကို ချစ်
ဖြစ်လို့မဆုံး ...
တစ်ခါလည်း ဆည်းလည်းက ကုမ္ပဏီကို လိုက်
သည်။
"ငွေပန်း ... "
"ဩော် ... ဆည်းလည်း ပါလာတာကိုး ... ဘာသော
မလဲ ဆည်းလည်း ... အပူလား အအေးလား"





"ရပါတယ် မသောက်တော့ဘူး ... ခုပဲ စားလာတာ ဗိုက်
တင်းနေလို့"
"အရည်တစ်ခုခုသောက်လေ"
"တော်ပြီ ... မသောက်နိုင်တော့ဘူး"
"ကိုစည်း ... ဦးမြဝင်း ရောက်နေတယ်"
"အာ ... ဟုတ်တယ် ... သူ ကိုယ့်ကို ကြိုပြီး ဖုန်းဆက်ထား
တယ် ... မေ့နေတာ ... ဦးမြဝင်း ဘယ်မှာလဲ"
"ဧည့်ခန်းမှာ ကိုစည်း"
"အိုကေ ... ကိုယ့်အခန်းထဲမှာပဲ တွေ့မယ်"
"ဟုတ်"
ငွေပန်းက Reception ကို ဖုန်းလှမ်းဆက်ပြီး ... ။
"ဦးမြဝင်းကို CEO အခန်းကို လွှတ်လိုက်နော် ... "
စည်းက ဆည်းလည်းကို ငွေပန်းရဲ့ စားပွဲကို ခေါ်
သွားပြီး ...
"ဆည်းလည်းလေး ဒီမှာ ခဏနေဦးနော် ... ကိုယ် ဧည့်သည်
နဲ့တွေ့စရာရှိလို့"
"ကြာမှာလား"
"မကြာပါဘူး ... နာရီဝက် လေးဆယ့်ငါးမိနစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အကြာကြီးပဲ ... မရဘူးကွာ ... ဆယ့်ငါးမိနစ်ပဲ ပြော ... "

"ဟာ ... ဒီကောင်မလေးတော့ ဆိုးနေပြီ ... အဲလို မဆိုးရ ဘူးလေ ... အလုပ်ကိစ္စရှိလို့ကို ... "

ငွေပန်းက သူတို့နားမသွားဘဲ စည်း အခန်းထဲကို ကော်ဖီပို့ပေးဖို့ ပြင်နေသည်။

"မရဘူးကွာ ... "

ပြောပြီး ဆည်းလည်းက သူ့ခါးကိုတို့ကာ ...

"ဆယ့်ငါးမိနစ်ပဲ"

"အင်း ဟင်း ... ဆယ့်ငါးမိနစ်"

"ဟေး ... ကိုစည်း ... ကတိပေးပြီးပြီ ... ဒါပဲနော် ... ဆယ့်ငါးမိနစ်ပဲ ... "

စည်းက ရယ်နေသော်လည်း ငွေပန်းကတော့ ... ဆည်းလည်း အပေါ် ပထမဆုံးအကြိမ် စိတ်ပျက်သွားခဲ့သည်။

လုပ်ငန်းကိစ္စ ပြောနေချိန်မှာလည်း ... ။

ဦးမြဝင်းက သူတို့နှင့် ပူးပေါင်းချင်ကြောင်းပဲ ပြော နေသည်။

"အန်ကယ်လည်း တခြား ဆိုဒ်တွေရှိသေးတော့ ငွေမနိုင်





တော့လို့ပါ ... ကိုစည်းရယ် ... ပြန်ရောင်းဖို့လည်း နှမြော တယ် ... အောင်းထားဖို့လည်း အဆင်မပြေဘူး ... အဆောက် အအုံပါမစ်တွေကကျနေပြီ ... ပြီးတော့ ဒီနေရာကိုရအောင် မနည်းကြိုးစားပြီးဝယ်ထားရတာဆိုတော့ ပြန်တော့မရောင်း ချင်ဘူး ... "

ဦးမြဝင်း အဖြစ်က ကျဉ်းထဲကျပ်ထဲမှာပါ။ ရောင်း ...တ်ရင် အဆင်ပြေရဲ့သားနဲ့ ရောင်းဖို့နှမြောပြီး သူ့ဆီရောက်လာရ ...ာ သူနားလည်သည်။ စီးပွားရေးသမားပီပီ အရဝယ်ဖို့စဉ်းစား ...က်သည်။

"ကျွန်တော်တို့ ကုမ္ပဏီက ဘယ်သူနဲ့မှ တွဲမဆောက်လို့ပါ အန်ကယ် ... ကုမ္ပဏီကလည်း ကျွန်တော်တစ်ဦးတည်းပိုင် မဟုတ်ဘူးဆိုတော့ ကျွန်တော် ဆုံးဖြတ်လို့မရလို့ပါ ... ဒါရိုက်တာ အဖွဲ့ဝင်တွေရဲ့ ဆုံးဖြတ်ချက်အရ ဘယ်သူနဲ့မှ ပူးပေါင်းမလုပ်ရဘူးဖြစ်နေတာ ... ဘာလို့လဲဆိုတော့ ကျွန် တော်တို့ ကုမ္ပဏီက ရှယ်ယာတွေ အများကြီးနဲ့ လုပ်ထားရ တာမို့လို့ပါ ... အန်ကယ် စိတ်တော့ မရှိပါဘူးနော် ... ကျွန် တော်လည်း အဆင်မပြေလို့ပါ ... "

ဦးမြဝင်းသာ အဆောက်အအုံပါမစ်မကျထားဘူး



www.burmeseclassic.com

www.burmeseclassic.com



မြေကို အောင်းထားလို့ရတယ်ဆိုရင်တော့ သူ ဦးမြဝင်းနဲ့ ပေါင်းလိုင် မှာပင်။ ခုတော့ တစ်ဘက်က ငွေမနိုင်မှန်းသိပြီး တင်းကြည့်လိုင် သည်။

"ကြိုက်တဲ့ဈေးသာခေါ်ပါ အန်ကယ် ... အန်ကယ်က ကျ တော်ကို ဦးစားပေးပြီး လာပြောတဲ့အတွက်လည်း တကင ကျေးဇူးတင်တယ် အန်ကယ် ... "

အချီအချနှင့် တော်တော်အတိုက်အခံပြောပြီးမှ ဦး မြဝင်းက မတတ်သာဟန်ဖြင့် ဈေးခေါ်လေသည်။ သူ့ကြိုက်ဈေး ကြေးနည်းနည်းမြင့်တာမို့ နည်းနည်းပါးပါး ထပ်ဆစ်ပြီး အရောင် အဝယ်ကိစ္စကို ဖြစ်မြောက်သွားတော့သည်။

"ကဲ ... အရောင်းအဝယ်ကတော့ မနက်ဖြန်မှာပဲ လုပ်တ ပေ့ါ အန်ကယ် ... စာချုပ်စာတမ်းရော ... ငွေရော ပြင်ဆင် ရဦးမှာဆိုတော့ ... "

"အိုကေ ... ကိုစည်း ... ဒါဆို မနက်ဖြန်မနက်မှဘဲ ထပ် တာပေ့ါ ... "

ဦးမြဝင်း ပြန်သွားတော့မှ စည်းက ဆည်းလည်း ရောက်လာသည်။ စုစုပေါင်း ကြာမြင့်ချိန် တစ်နာရီခွဲ။ ဆည်းလည် မျက်နှာက ရှုပုပ်စပ်နေပြီး ...





"ဆည်းလည်းလေး ... ဆောရီးကွာ ကြာသွားတယ် ... ဒါပေမဲ့ အလုပ်ဖြစ်သွားတယ် ... ဆည်းလည်းလေး လိုက် လာတာ လပ်ကီးပဲ ... ခုမှ ကိစ္စပြတ်သွားတာ ... "

"ဒါဆို စောင့်နေခရော ... ကိုစည်းကို အလုပ်ဖြစ်စေတဲ့ အတွက်ရော ... နှစ်ခုပေါင်းလိုက်ရင် တော်တော်လေးကို ပူဆာလို့ရပြီနော် ... "

"ပူဆာပါ ခင်ဗျာ ... ကဲ ... ပြော ဘာလိုချင်လဲ"

ဆည်းလည်းက သူမရဲ့ လက်ချောင်း ဖြူသွယ်သွယ် ...းကို ပြန်ကြည့်ရင်း ...

"ဆည်းလည်း စေ့စပ်လက်စွပ်ဝတ်ချင်တယ် ... ကိုစည်း"

စည်းက ဆည်းလည်းခေါင်းကို ဖွဖွပုတ်ပြီး ...

"ဖြစ်ရမှာပေ့ါ ဆည်းလည်းရဲ့ ... ဒါ တောင်းဆိုနေစရာမှ မဟုတ်တာ ... "

"ဒါဆို တောင်းဆိုစရာကို တောင်းဆိုမယ်လေ ... စေ့စပ် လက်စွပ်ကို စိန်အပွင့်ကြီးကြီး သန့်သန့်နဲ့ ရှယ်လုပ်ပေးရ မယ် ... ဒါပဲ ... "

"ကောင်းပါပြီ ခင်ဗျာ ... "

"ဒါကြောင့် ... ကိုစည်းကို ချစ်တာ ... ရွှတ်"



www.burmeseclassic.com

www.burmeseclassic.com



စည်းကို ဖျတ်ခနဲ နမ်းလိုက်တာက စည်းရဲ့ အခန်း ထဲမှာဆိုပေမယ့် ထိုအခန်းထဲမှာ ငွေပန်း တစ်ယောက်လုံးရှိနေ သေး၏။ ငွေပန်း စိတ်ထဲမှာ ပထမဆုံး ဆည်းလည်းကို စိတ်ပျက် သွားခဲ့သည်။ မနာလိုခြင်း ကင်းတာတော့ ကိုယ့်ကိုယ်ကိုယ် သေချာ ပါသည်။

☘





စည်း စိတ်ထဲမှာ ဆည်းလည်းနဲ့ ခေ့စပ်ဖို့ဆိုတာ နေ ...ယူထားပေမယ့် ကုမ္ပဏီကို လွှဲယူကာစမို့ စိတ်ရောလူပါ မအား ...နေကာ စိတ်ကသာရှိပြီး လူက မလိုက်နိုင်ဖြစ်ကာ မျက်နှာက ...သာမယာပါ။

ဦးမြဝင်းဆီက ဝယ်လိုက်သော ခြံကွက်ကိုလည်း ...စ်ခါတည်း အကောင်အထည်ဖော်နေတာမို့ ထိုအတွက်လည်း ...ည်းမှာ အချိန်ပေးရပါသေး၏။

ဒါတောင် အားကစားဆိုင်ဘက် လုံးဝမလှည့်ရဘဲ ...ိုက်က ကြည့်ပေးနေ၍ တော်သေးသည်။ ထိုက်ကလည်း အား ...တော့ မဟုတ်ပါ။ ထိုက်မှာလည်း သူ့စက်ရုံတွေက ရှိသေးသည် ...သာ။ ထိုက် ကြည့်ပေးသည်ဆိုပြီး ကြာကြာလွှဲထားလို့ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စေ့စပ်ခြင်းဆီသို့ မရောက်ဖြစ်ဘဲ တဝဲလည်လည်။

"ကိုစည်း ... ခုတလော မျက်နှာမကောင်းဘူးနော်"

ငွေပန်းက ဂရုတစိုက်မေးရှာသည်။ စည်းကလည်း အချိန်ကြာလာသည်နှင့်အမျှ ငွေပန်းကိုကြည့်မရတာတွေက ပျောက်ကုန်ပါပြီ။ ငွေပန်းရဲ့ အရိပ်ကြည့် အလိုက်သိမှုတွေက သူ့ကို အနိုင်ယူသွားတာလည်းပါတာပေါ့။

"ဟုတ်တယ် ... ငွေပန်းဖြူ ... ဆည်းလည်းက စေ့စပ်ချင်ပြီလို့ ကိုယ့်ကိုပြောထားတာ ... ဒါပေမဲ့ ကိုယ့်က အဲဒီကိစ္စအတွက် မလှုပ်ရှားနိုင်သေးဘူး ... အဲဒါကြောင့် စိတ်ညစ်နေတာ"

"သြော် ... ကိုစည်းရယ် ... အဲဒီအတွက်များ စိတ်ညစ်မနေပါနဲ့ ... ကိုစည်း ဘာဖြစ်ချင်လဲသာပြော ... အားလုံးအဆင်ပြေစေရမယ် ... အားလုံး ငွေပန်းလုပ်ပေးမယ် ... စေ့စပ်ပွဲကို ဘယ်လိုလုပ်ချင်တာလဲ ... ဘယ်မှာလုပ်ချင်တာလဲ ... အကျဉ်းလား ... အကျယ်လား ... အကျယ်ရဲ့မှာဆိုရင် ဖိတ်စာရိုက်ဖို့တွေလုပ်ရမယ် ... ဟိုတယ်မှာ ဒီထဲယူရမယ် ... အဝတ်အစားကိစ္စ အားလုံး ငွေပန်းလုပ်ပေးရ





မယ်"

"ကိုယ် အကျယ်တော့ မချဲ့ချင်ပါဘူး ... တစ်ဘက်မိဘတွေနဲ့ အသိမိတ်ဆွေ လေးငါးယောက်လောက်ပဲပေါ့ ... ပြီးရင် သတင်းစာထဲ ကြော်ငြာလိုက်မယ်လေ ... ဒါဆို ပြီးတာပဲပေါ့ ... ဟိုတယ်မှာ အခန်းတစ်ခန်းယူပြီး လုပ်လိုက်မယ် ... အဲဒါဆို အစားအသောက်ကိစ္စပါပြီးရော ... ကဲ ဒါဆိုအားလုံး ငွေပန်းဖြူပဲ တာဝန်ယူပေးတော့ ... သြော် ... ကိုယ် နောက်တစ်ပတ် စက်ာပူသွားရင်လက်စွပ်ဝယ်ခဲ့လိုက်တော့မယ် ... စေ့စပ်လက်စွပ်လေ ... အဲဒါ ဆည်းလည်းရဲ့ လက်အတိုင်း ယူထားပေးဦး ... "

"ဟုတ်ကဲ့ ... ကိုစည်း ... အားလုံး စိတ်တိုင်းကျစေရမယ်"

ခုမှပဲ စည်းမျက်နှာ တိမ်စင်လနှယ် ဝင်းပသွားတော့သည်။

"So Thinks ငွေပန်းဖြူရယ် ... ကိုယ် အဲဒီကိစ္စ အုန်းကိုက်နေတာ"

ငွေပန်းက သူမ ထမင်းဘူးထည့်ထားသော ခြင်းလေးထဲက ပန်းအိုးပုလေးတစ်လုံးနှင့် ပန်းနုရောင် ရေမွှေးနှင်းဆီတစ်စီးကို ထုတ်လိုက်ပြီး လှပသော ပန်းအိုးလေး တစ်အိုးကို ဖန်



www.burmeseclassic.com

www.burmeseclassic.com



တီးလိုက်ကာ ...

"ငွေပန်း ... ဒီပန်းအိုးလေး ကိုစည်း စားပွဲမှာ ထားမယ်နော် ရင် ကိုစည်းကို စိတ်အနှောင့်အယှက် မဖြစ်နိုင်ပါဘူးနော်"

"မဖြစ်ပါဘူး ... ပန်းနံ့လေးနဲ့ လူက ပိုတောင် စိတ်ကြည် လာသေးတယ် ... ကဲ ... ဒါဆို ... ကိုယ် ဆည်းလည်းနဲ့ ဖုန်းဆက်လိုက်ဦးမယ် ... "

အဲဒီနေ့ကစပြီး စည်းရဲ့ စားပွဲမှာ ပန်းနုရောင် မွေးနှင်းဆီလေးတွေ အချိန်မရွေး လန်းဆန်း မွှေးပျံ့နေခဲ့သတဲ့ ကွယ်...

ဆည်းလည်းနှင့် ကိုစည်းတို့ရဲ့ စေ့စပ်ပွဲအတွက် အစစအရာရာ တာဝန်ယူပေးနေရသော်လည်း ရင်ထဲမှာတော့ ဘုရား ဘဏ္ဍာတော်ကို တာဝန်ယူသယ်ဆောင်ပေးရသော ကျန်စစ်မင်း ပမာ ခံစားနေရသည်။

အချိန်တန်ရင် ချစ်သူ မဏိစန္ဒာကို အနော်ရထာ ဆက်သရမယ့် မင်းကျန်စစ်ခမျာ သေလုနီးပါး ခံစားရမှာကို ကိုယ် ချင်းစာနိုင်သွားသည်။ ကိုယ့်ကိုယ်တိုင် သေလုနီးပါး ခံစားနေရတာ ကိုး။

စေ့စပ်ပွဲကိစ္စအကြောင်း စည်းက ဆည်းလည်းကို





ပြောပြတော့ ...

"ဟင် ... အကျဉ်းချုံးလုပ်မှာလား"

"မင်္ဂလာဆောင်တာမှ မဟုတ်တာကွာ ... ပွဲကြီးတစ်ပွဲကို မလုပ်တော့ဘူးလေ ... သတင်းစာထဲပဲ ကြော်ငြာလိုက် တော့မယ်လေ"

"ဆည်းလည်းတို့က ဆင်းရဲလို့ အဲလိုပဲ လုပ်ပေးတာပေါ့ ... ဟုတ်လား ကိုစည်း ... ဆည်းလည်းသာ ကိုစည်းနဲ့ ဂုဏ်တူ ဒြပ်တူဆိုရင် ဆည်းလည်းကို အဲလိုဆက်ဆံမှာ မဟုတ်ဘူး"

"ဟာကွာ ... မဟုတ်ပါဘူး ... ဆည်းလည်းရယ် ... တကူး တကပွဲကြီးလမ်းကြီးလုပ်ရမှာ ... စိတ်ရှုပ်စရာကောင်းလို့ပါ ပြီးတော့ မင်္ဂလာဆောင်တာမှ မဟုတ်ဘဲ ... မင်္ဂလာပွဲဆိုရင် ဆည်းလည်းလေး အံ့သြရလောက်အောင် ရှယ်ကိုလုပ်ပေး မှာ စိတ်ချ ... စေ့စပ်တာကိုတော့ အကျယ်မချဲ့ပါနဲ့တော့ ကွာ ... လူမသိ သူမသိလည်း မဟုတ်ဘူး ... သတင်းစာထဲ ထည့်မှာပဲလေနော် ... ခု စေ့စပ်ဖို့တောင် ကိုယ်မအားလို့ အစစအရာရာ ... ငွေပန်းဖြူကို လွှဲထားရတာ ... စိတ် မကောက်နဲ့ကွာ ... ကိုယ် နောက်တစ်ပတ်ထဲ စင်္ကာပူသွား ရင် စေ့စပ်လက်စွပ် ဝယ်ခဲ့မယ် ... ဒီမှာ စင်္ကာပူကို လှမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ Catalog တွေ အဲဒီအထဲက ကြိုက်တဲ့ပုံကိုပြော ... ကို ဝယ်ခဲ့မယ် ... ဟုတ်ပြီလား ... "

Catalog ကို ... တဖျတ်ဖျတ်လှန်ရင်း ဆည်းလည်း ခေါင်းညိတ်လိုက်၏။

"စင်္ကာပူကို ဘာသွားလုပ်မှာလဲ ကိုစည်း ... "

"အလုပ်ကိစ္စပါ"

"လက်ထပ်ပြီးရင် ကိုစည်း နိုင်ငံခြားသွားတိုင်း ဆည်းလည်း လိုက်မှာနော်"

"စိတ်ချ ... လက်ထပ်ပြီးရင် ဘယ်သွားသွား ... တစ်ဖဝါး မခွာခေါ်သွားမှာ ... "

"ပြီးရော ... "

ထို့နောက် ဆည်းလည်းက နာမည်ကြီး ဟိုတယ် တစ်ခုမှာ နေ့လယ်စာလိုက်ကျွေးဖို့ ပူဆာသဖြင့် လိုက်ကျွေးရပြန် သည်။ လိုက်ကျွေးပြန်တော့လည်း တပူမှောင့်ပြန်၏။

"ကိုစည်း ... ဒီဟိုတယ်ကြီးရဲ့ အနေအထားနဲ့ ဆည်းလည်း ဝတ်လာတဲ့ အဝတ်အစားတွေက လုံးဝမအပ်စပ်ဘူးနော်"

No Problem တံဆိပ် တီရှပ်ကလေးနဲ့ ဂျင်းစကတ် ဒူးအထိလေး ဝတ်ထားသော ဆည်းလည်းဟာ နဂိုက ရုပ်ရည်အခံ





လေးလည်း ရှိနေတာမို့ လင်းလက်နေပြီးသားပါ။ သို့သော် မီလျှံနာ ချစ်သူကို ပိုင်ဆိုင်ထားရမှန်း သိသွားတဲ့အခါ ရလေ ရလေ အိုတစ္ဆေ ဖြစ်နေပြီလေ။

စည်းကတော့ ချစ်သူပူဆာသမျှဟာ ပန်းနှင့်ပေါက် သလောက်ပဲရှိတာမို့ အပြုံးပင်မပျက်။ သူ့ကြောင့် ဆည်းလည်း ဘဝ လေး ပိုပြီး အရောင်တောက်လာခဲ့ရင် သူက ပိုတောင် ကျေနပ်ဦး မှာလေ။

"ဒီတစ်ခေါက် စင်္ကာပူသွားရင် ဆည်းလည်းဖို့ အဝတ်အစား တွေဝယ်ခဲ့မယ်ဗျာ ... "

"တကယ်နော် ကိုစည်း ... အဲဒါကြောင့် ... "

"ဆက်ပြောလေ ... အဲဒါကြောင့် ဘာဖြစ်လဲ"

"ကိုစည်းကို ချစ်တာလို့"

"အား ... ကြားရတာ နားဝင်ချိုလိုက်တာကွာ ... Once More ချစ်လေး ... နောက်တစ်ခေါက်"

"တော်ပြီကွာ ... နောက်တစ်ခါပြောဖို့ ချန်ထားဦးမယ်"

"ကလေးဆိုးလေး"

"ကိုစည်း"

ဆည်းလည်းက သူမရဲ့ Sony Erisson Hand Set



www.burmeseclassic.com

www.burmeseclassic.com



လေးကို လှည့်ပတ်တော့ကစားရင်း ...

"ဆည်းလည်းနဲ့ ကိုစည်း Hand Set ချင်းလဲရအောင်လေ"

စည်း Hand Set က Nokia တံဆိပ် မော်ဒယ်လ်အမြင့်ဆိုတော့ ထိုဖုန်းကို ကိုင်ချင်ပြန်ပြီ။

"ကဲ ... လဲ လဲ ကြိုက်သလိုလုပ် ... ဆည်းလည်း စိတ်ချမ်းသာဖို့ပဲ အရေးကြီးတယ် ... ..."

ထို့နောက် ဆည်းလည်းကို ပြန်ပို့ပြီးတာနဲ့ စည်းက မရောက်ဖြစ်တာကြာပြီဖြစ်သော အားကစားပစ္စည်းဆိုင်ဘက် ထွက်လာလိုက်သည်။ ထိုက်ကလည်း ရှိနေသည်။

"ဟာ ... စည်း ... ဘယ်က မျက်စိမှားလာတာလဲ"

"ဟေး ... ဒီနေ့ နည်းနည်း အချိန်ရတာနဲ့ ဝင်လာတာ ... ငါလည်း ဖယားတွေကျပ်နေတယ် ... ပရောဂျက် အသစ်တစ်ခုရထားလို့ ... ပြီးတော့ ... ငါ စေ့စပ်တော့မယ်"

"ဟာ ... မြန်လှချည်လား ... အိုတော့မယ်ပေါ့"

စည်းက ရယ်ပြီး ထိုက်ကို လက်ကာပြကာ ...

"ခဏလေး ... ဖုန်းဆက်လိုက်ဦးမယ်"

ရုံးခန်းကို ဖုန်းပြန်ဆက်လိုက်သည်။

"ငွေပန်းဖြူလား ... "





"ငွေပန်းဖြူကို အကူအညီတောင်းရဦးမယ် ... ဆည်းလည်းနဲ့လိုက်မယ့် ဝတ်စုံလေးတွေ သွားဝယ်ပေးပါလား ... ငွေပန်းဖြူ Please အကူအညီတောင်းတာနော် ... ရုံးကဲ ကားတစ်စီးယူသွား ... ပိုက်ဆံကို Casher မှာထုတ်သွား ... ကောင်းကောင်းလေးတွေပဲနော် ... Brand upပဲလိုချင်တယ်"

"ဪ သူ့ကို ကိုယ်ဝယ်လာပေးတယ်ဆိုတဲ့ ပုံစံမျိုး ဖြစ်စေချင်လို့လေ ... အဲတော့ ... သူ့ကို ခေါ်သွားလို့ ဘယ်ဖြစ်မလဲ ... ကိုယ်ပြောတာ သဘောပေါက်လား ... ကိုယ်မဝယ်တတ်လို့ ငွေပန်းဖြူကို အကူအညီတောင်းတာပါ ... Personal ဖြစ်နေတော့ အားတော့နာတယ် ... ဒါပေမဲ့ ကိုယ့်မှာ အကူအညီ တောင်းစရာကလည်း ငွေပန်းဖြူပဲရှိတာဆိုတော့လေ ...

အိုကေ ... အိုကေ ... ကျေးဇူးပဲ ... ငွေပန်းဖြူ"

သူ ဖုန်းချလိုက်တော့ ထိုက်က သူ့ကို စိုက်ကြည့်နေ

"ဆည်းလည်းအတွက်တော်တော်အကုန်အကျများနေပြီ ... စည်း ... "

"ကျွတ် ... မင်း အဲလို ပြောလိုက်တာဟာ ... ငါ့ဇနီးလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို စော်ကားသလိုဖြစ်နေတယ် ... ထိုက်"

"သူ မင်းကို တကယ်ချစ်တယ်လို့ ထင်နေလား"

"အမိက,က ... ငါတကယ်ချစ်တာ သူလေ"

ထိုက်က အနာဂတ်အတွက် သက်ပြင်းတစ်ခု အု[illegible] မြစ်ချလိုက်သည်။

☘





ငွေပန်းမှာ ပိုက်ဆံအထပ်လိုက်ကိုင်ပြီး ဆည်းလည်းအတွက် ဈေးဝယ်ထွက်ရပါသည်။ ဆည်းလည်းနှင့် လိုက်ဖက်မည့် ဆင်တာလေးတွေ ဝယ်ရင်း။ ရင်ထဲမှာတော့ တဆစ်ဆစ်နာကျင်မိသည်။ သို့သော်လည်း မင်းကျန်စစ်ထုံး နှလုံးမူပြီး တာဝန်ကျေရဦးမယ်လေ။

ငွေပန်း ချစ်သော ကိုစည်း စိတ်ချမ်းသာဖို့အတွက် ပြည့်ဆည်းပေးရဦးမယ်လေ။

ငွေပန်းဟာ ဘယ်လောက်မိုက်မဲလိုက်သလဲ။ ကိုယ့်ချစ်သူရဲ့ ဥပေက္ခာပြုမှုကို ရင်ဆီးခံပြီး နှလုံးသားကို တစ်စစီအဖွဲ့ ပြီး ချစ်သူကို လိုတရစေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဩော် မေတ္တာတရားသာ အသွားနဲ့အပြန်ရှိခဲ့မယ်

ရင်လေ ... ။

"အစ်မ ... ဘာအလိုရှိသလဲ"

အို ... ငွေပန်း MK Fashion Shop ထဲမှာ ငွေ

ဝိုင်နဲ့ အတွေးခေါင်နေခဲ့တာ တော်တော်ကြာသွားပြီ ထင်ပါရဲ့

ထို့နောက် ငွေပန်း ဝတ်ထားသော ခါးတိုရင်ဖုံး

ဆံပင်ရှည်ရှည် သနပ်ခါးစတမ့်မှုံ ပုံစံကလည်း MK နှင့် လားလား

မသက်ဆိုင်။

ဒီတော့ ဆိုင်က အရောင်းဝန်ထမ်းလေးတွေက

မြန်းစူးစမ်းကြပြီး ငွေပန်းက ဆည်းလည်း ကြိုက်တတ်သော ခေ

ကာလာ ဒီဇိုင်းဆန်းဆန်းလေးတွေချည်း ရွေးဝယ်လိုက်သည်။

ပန်းပုံစံနှင့် ဝယ်လိုက်သော တနင့်တပိုးမို့ ဆိုင်ထဲက ဝန်ထမ်း

က အံ့သြသလို ကြည့်ပြီး ကျန်ရစ်၏။

ဒင်္ဂါစင်တာနှင့် လပြည့်ဝန်းကို နှံ့နှံ့စပ်ပြီးချိန်မှာ

ငွေပန်း လက်ထဲက ပိုက်ဆံလည်း ပြောင်ပြီ။ အထုပ်အပိုးတွေ

ပြီး ကားထဲထည့်တော့ ဒရိုင်ဘာက မျက်လုံးပြူးသည်။

"ငွေပန်း ... ဝယ်လှချည်လား"

"ကိုစည်း ... ဝယ်ခိုင်းတာ ... သူ့ကောင်မလေးဖို့တဲ့"





"ဩော် ... ဒီလိုလား"

တစ်လက်စတည်း ဟိုတယ်ကိုဝင်ပြီး ... ညစာစပ်ပွဲ

အတွက် တစ်ခန်းယူဖို့နှင့် အစားအသောက်တွေ စီစဉ်ရန် ဝင်ကြည့်

ခဲ့မည်။ တစ်ခါတည်း လုပ်စရာရှိတာ အကုန်လက်စသတ်လိုက်

သည်။

ငွေပန်း ရုံးခန်းပြန်ရောက်တော့ ကိုစည်းက ရောက်

နေပြီ။

"အဆင်ပြေလား ငွေပန်း ... "

"ဟုတ်ကဲ့ ... ကိုစည်း ... ကြိုက်မကြိုက် ကြည့်ပါဦး"

"မိန်းကလေး အဝတ်အစား မကြည့်တတ်ပါဘူး ... ကောင်း

ရင် ပြီးတာပဲ ... "

စည်းနဲ့အတူ ပါလာသော ထိုက်က ငွေပန်းကို ငေး

နေသည်။

စည်းက သူ့ဇနီးလောင်းအတွက် ဝေယျာဝစ္စကို ငွေ

ပန်းကို ခိုင်းနေသည်။

သူ့ရင်ထဲ မချိပေမယ့် ဘာပြောလို့ ရမှာတဲ့လဲ။ ငွေ

ပန်းက စည်းရဲ့ ဝန်ထမ်းလေ။ ဒီတော့လည်း စည်းမှာ ခိုင်းခွင့်ရှိနေ

တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စည်းက ဆည်းလည်းကို ဖြည့်ဆည်းပေးသလို
လည်း ငွေပန်းကို ဖြည့်ဆည်းပေးခွင့်ရရင် သိပ်ကောင်းမှာပဲ။

"ကိုထိုက် ... အပူသောက်မလား ... အအေးလား"

"နေပါစေ ... ငွေပန်း ... မသောက်တော့ဘူး"

ထို့နောက် ငွေပန်းက ဟိုတယ်မှာ စုံစမ်းလာ
တွေကို ပြောပြနေသည်။

"ကိုစည်း ... လက်စွပ်က ဟိုကလုပ်လာမှာဆိုတော့ အ
အစားအတွက်ရော ဟိုမှာပဲ ဝယ်ခဲ့မှာလား"

"အင်း ... ကိုယ်မဝယ်တတ်ဘူးကွာ ... ဟိုမှာ သူငယ်
တစ်ယောက်တော့ရှိတယ် ... သူ့ကို အကူအညီတော
ကြည့်မယ် ..."

"ဟုတ် ... ပရောဂျက်အတွက် လိုအပ်တဲ့ ပစ္စည်းတွေ စာ
လုပ်ပြီးပါပြီ ... ကိုစည်း ... အင်ဂျင်နီယာခန်းက အ
ဖျင်းတွက်ပြီး လာပေးပါတယ် ... အဲဒါ ကိုစည်း La
ထဲမှာ ထည့်ပေးထားတယ် ..."

"အိုကေ Thank you"

ထိုက်က သူတို့ စကားပြောပြီးတာနဲ့။

"ငါလည်း လစ်မယ် ... ပစ္စည်းတွေ ဝင်လာမယ်ပြော





သွားကြည့်ရဦးမယ် ..."

"ဘာတွေလဲ ..."

"မဟုတ်ပါဘူး ... ငါ့ အချိုရည် စက်ရုံအတွက် လိုတာတွေ
မှာထားတာ ..."

"ဪ ..."

ထိုက်က စည်း ခါးကို တစ်ချက်တို့ပြီး ...

"မိုက်ကယ်ဂျက်ဆင်နဲ့ လေဘာတီမမြရင် ပေါင်းပြီး ကပြ"

စည်းက ကပြားအကကို ကတ်သီးကတ်သတ် ကပြ

အယောင်ရပ်သွားတော့ ထိုက်ကို လိုက်ပြီး လက်
ထိုးသည်။ ထိုက်က ကြော့ကော့ပြေးကာ တာ့တာပြသွား

ငွေပန်းမှာ ဝါးလုံးကွဲမရယ်ရဲသဖြင့် ပြုံးရုံပဲ ပြုံးလိုက်

ချစ်ရသူ ...

☘



www.burmeseclassic.com

www.burmeseclassic.com



စည်းက သူ လက်ထပ်မည့် အကြောင်း မိဘတွေ
ဖွင့်ပြောတော့ စည်း ဖခင်က ဘာမှမပြောပေမယ့် မိခင်ကတေ
ငြိုငြင်ချင်သည်။

“သားရယ် ... သားလက်ထပ်မှာက ဘာမဟုတ်တဲ့ ကော
မလေးပါ ... သား အဆင့်နဲ့ဆိုရင် မဖြစ်သင့်ဘူး ထင်တယ်

“လူလူချင်းမှာ အဆင့်ဆိုတာ ရှိသေးလို့လား ... မေမေ
ရှိတယ်ဆိုရင်တောင် အဲဒီအဆင့်ဟာ ကိုယ်ကျင့်တရား
ပတ်သက်ပြီး တိုင်းတာတဲ့ အဆင့်မျိုးပဲဖြစ်ရမယ် ... ကို
ကျင့်တရားနဲ့ ပတ်သက်တဲ့ အဆင့်ဆိုရင်တော့ သူနဲ့သား
တန်းတူပါပဲ မေမေ ... ”





“အေးလေ ... မအေထက် သားက တစ်လပိုပြီး ကြီးနေ
တော့လည်း လုပ်ကြပေါ့ ... မပြောတော့ဘူး ... ”

အဲလို အောင့်သီးအောင့်သက်လက်ခံထားတာပါ ...
ပ်ကြောင်းလမ်းဖို့ နေ့ကောင်းရက်သာ ရွေးတော့လည်း စည်း
ာ ငွေပန်းကိုသာ တိုင်ပင်ပြီး လုပ်ရသည်။ ပြီးမှ မရွှေဆည်း
ည်းဘက်ကို ကြောင်းလမ်းရက် ပြောရမည်လေ။

ရက်ရွေးပြီး ဆည်းလည်းကိုပြောတော့ အိုကေ။

ဟိုတယ်မှာ ဒိတ်ယူပြီး စည်းက စက်ာပူ ထွက်သွား
ည်။

ပြန်လာတော့ စိန်လက်စွပ်နှင့် ဆည်းလည်း ဝတ်ဖို့
ဇာစတွေပါလာသည်။

ဇာ အဆင်အခက်တွေက မြန်မာနိုင်ငံမှာ ရှားမှရှား
ာ ဒီဇိုင်းမျိုး။ ဒေါ်လာရာနှင့်ချီပြီး ပေးထားရသည်မို့ လှရက်ပါ
ဆိုတာတွေတောင် သူ့လောက်လှမှာမဟုတ်။

ဆည်းလည်းကတော့ ဆွေ့ဆွေ့ခုန်ပျော်ရွှင်လို့ ...
ျာ်နိုင်သူတစ်ယောက်မှာတော့ အိပ်မက်ညတွေများကာ စိတ်
ည်အားတွေယိုင်နဲ့။ သို့သော်လည်းပေါ့လေ။ ချစ်သူ အဆင်ပြေဖို့
ွက် နှလုံးသားကို လမ်းခင်းပြီး အနင်းခံလိုက်သည်။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အေးမြဖို့အတွက်ဆိုရင် မျက်ရည်ကို မိုးအဖြစ် ရွာချပေးလိုက်မည်။ ကိုယ့်ရင်ဘယ်လောက် ကွဲစေတော့။

စည်းက ကုမ္ပဏီအလုပ်တွေ ရှုပ်တာတစ်ဖက် ဆိုင်ကတစ်ဖက် လုပ်ငန်းပိုင်းဆိုင်ရာ ပါတနာတွေနဲ့ Golf ရိုက်သွားရတာမျိုးတွေလည်း ရှိတာမို့ ဆည်းလည်းကို သိပ်အချိန်မပေးနိုင်ပါ။

ဆည်းလည်း စေ့စပ်ဝတ်စုံသွားအပ်တော့လည်း ငွေပန်းပဲ လိုက်ပို့ရသည်။ ဘယ်သွားသွား ငွေပန်းသည်သာ ပါတနာ။

ထို့ကြောင့် ...

ဆည်းလည်းအကြောင်းကို အစအဆုံးသိလာသူက ငွေပန်း ... ရင်ထုလို့တောင် မနာချင်တော့ လောကကြီးကို ဩချပါရဲ့ကွယ်။

ဆည်းလည်းဟာ စည်းဝယ်ပေးထားသော ဖုန်း ... စည်းဆင်ထားသော အဝတ်အထည်အဆောင်အယောင်တွေဖြင့် ... အထက်တန်းလွှာ မိန်းကလေးတစ်ယောက်ပုံစံ ပေါက်နေရတာက သူ့နဂို ရုပ်ခံရှိတာကြောင့်လည်း ဖြစ်နိုင်ပါသည်။

ထိုသို့ အရောင်အဝါတောက်ပသော ဆည်းလည်းနားမှာ ပျားတွေ ဝိုင်းလာပြီး ဝတ်မှုန်ကူးချင်တဲ့ လိပ်ပြာတွေလည်း ဝဲလာကြပြီ။





ထိုထဲမှာမှ ... ဦးနယုန်ဆိုသည့် စိန်တိုက်ပိုင်ရှင်ကို ဆည်းလည်း မျက်နှာသာပေးလေပြီ။

ဦးနယုန်က ဆည်းလည်း စေ့စပ်တော့မည်ဆိုတာကိုလည်း မသိသလို၊ ဆည်းလည်းမှာ စည်း ရှိတာကိုလည်း မသိချင်ယောင်ဆောင်နေခဲ့သည်။

ဒီနေ့လည်း ဆည်းလည်းက စေ့စပ်မည့်နေ့အတွက် မိတ်ကပ်ဖန်တီးရှင်တစ်ယောက်ကို စရန်သွားချေရန် လိုက်ခဲ့ပါဆို၍ စည်းက ငွေပန်းကို ဆည်းလည်းနှင့် ထည့်ပေးလိုက်သည်။ ကားပါပေးလိုက်သဖြင့် စည်းရဲ့ Cygnus ကားကြီးနှင့် ဆည်းလည်းက သူဌေးမပုံ အလိုလိုပေါက်ကာ ငွေပန်းကတော့ သူမရဲ့ တပည့် ဝန်ထမ်းပုံစံ အလိုလိုပေါက်လျှက် ...

မိတ်ကပ်ဖန်တီးရှင်ဆီမှ ပြန်လာတော့ ဆည်းလည်းက လပြည့်ဝန်းကို ခဏဝင်မည်ဆိုလာသည်။ သွားပေ့ါ။ ဘာတတ်နိုင်မှာလဲ။

လပြည့်ဝန်းမှာရှိတဲ့ Revlon ကောင်တာမှာ Lotion ဝယ်နေတုန်း အပေါ်ထပ်မှ ဆင်းလာသော ဦးနယုန်နှင့် တွေ့သည်။

"ဟာ ... မီးလေး"

"သြော် ... ဦး ... ဘယ်ကလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မိတ်ဆွေတစ်ယောက်ဆီ ခဏဝင်လာတာ ... ဘာတွေဝယ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး ... Window Shopping လေ"

"I see Baby ... မီးလေးကို တစ်ခုခုကျွေးချင်တယ် ... ထရိတ်ဒါးစ်မှာ ကော်ဖီသွားမသောက်ချင်ဘူးလား"

"ညနေစောင်း လေးနာရီဆိုတဲ့ အချိန်ဟာ တကယ့်ကို ကော်ဖီချိန် (Coffee Time)ပဲနော် ... သောက်ချင်သားပဲ ဦး ... "

"အိုကေ ... "

နို့နှစ်ရောင် Cygnus နှစ်စီး ထရိတ်ဒါးစ် ရှေ့သို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့သည်။

ဦးနယုန်က ဆည်းလည်းဘက်ကို ကားတံခါးလာဖွင့်ပေးသည်။ ငွေပန်းပါ လိုက်ဆင်းတော့ ငွေပန်းရဲ့ အပြင်အဆင်ကို ကြည့်ကာ ...

"မီးလေး ... သူငယ်ချင်းလား ... "

ဟု မဖြစ်နိုင်သလို မေးသည်။

"ဟုတ် ... "

"ဩော်"





ဦးနယုန်က နှုတ်က ဖွင့်မပြောပေမယ့် ငွေပန်းကို ဆည်းလည်း သူငယ်ချင်းဟု ထင်နေပုံမရဘဲ မေးလိုက်ရာ တကယ်သူငယ်ချင်းဖြစ်နေ၍ အံ့သြသွားပုံရသည်။ အသွင်အပြင်က မိုးနဲ့မြေဖြစ်နေတာကိုး။ ဆည်းလည်းရဲ့ အဖိုးထိုက်တန်သော အရေခွံကို ကြည့်ကာ ငွေပန်းနှင့် ဆည်းလည်းကို ဆက်စပ်မရဖြစ်နေပုံရသည်။ ပြီးတော့ ငွေပန်းကို အပေါ်ကိုခေါ်လာတာကိုလည်း စိတ်အနှောင့်အယှက်ဖြစ်နေပုံပင်။

ဆည်းလည်းကလည်း ငွေပန်းကို မထားခဲ့ရဲ။ ငွေပန်းက သူမအကြောင်း စည်းကို ပြန်ပြောလိုက်မှာ ကြောက်သည်။ လှေနံနှစ်ဖက်နင်းမိလို့ ရေထဲပြုတ်ကျတာမျိုး အဖြစ်မခံနိုင်သေး။

ငွေပန်းကလည်း အလိုက်သိသိနေခဲ့ဖို့ စိတ်ကူးထဲတောင်မရှိ။ မကြာခင်မှာ စည်းနဲ့ စေ့စပ်တော့မည့် ဆည်းလည်းဟာ တခြားသော အမျိုးသားတစ်ဦးနှင့် နှစ်ယောက်တည်း မသွားသင့်ဟု ထင်မိသဖြင့် သူမဟာ ဦးနယုန်နှင့် ဆည်းလည်းကြားကို တမင်ဝင်ဖြစ်အောင် ဝင်သည်။ ဒါဟာလည်း တစ်ဖက်က ပြန်ပြောရရင် ချစ်သူအတွက် သူမ တတ်နိုင်သလောက် လုပ်ပေးတာပင်။ စည်းကို ရွေးချယ်ခြင်းမှာ အချစ်လုံးဝမပါသော ဆည်းလည်းဟာ အချိန်မရွေး ဦးနယုန်နောက် ပါသွားနိုင်သည်။ ထိုအခါ ချစ်ရသူ စည်း ကြေကွဲရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။ စည်းရဲ့ ကြေကွဲခြင်းဟာ သူမအတွက် ငရဲတွေပဲ။ ဒီတော့ စည်းအတွက် သူမ ဆည်းလည်းကို ကာကွယ်ရမယ်။

ဦးနယုန်က ဆည်းလည်းရဲ့ ကော်ဖီခွက်ကို မွှေပေးဖို့ ပြင်ရုံနှင့် ငွေပန်းက ...

"ဟာ ... ဦးနယုန် မလုပ်ပါနဲ့ ... အားနာစရာကြီး ... ငွေပန်းပဲ လုပ်ပေးလိုက်ပါ့မယ် ... ဦးနယုန်မသိလို့ ဆည်းလည်းက ငွေပန်းဖျော်ပေးတဲ့ ကော်ဖီမှ သဘောကျတာ"

"ဒီဟာက မွှေရုံပဲလေ ... ဖျော်စပ်နေတာမှ မဟုတ်တာ"

ဦးနယုန်က အံ့သြလို မျက်ခုံးပင့်ကာ ...

"သြော် ... အဲဒီ မွှေရုံပဲကို ငွေပန်း မွှေပေးမှကြိုက်တာ"

"ဟုတ်လား မီးလေး ... အံ့သြစရာပဲ"

"ဟုတ်တယ်နော် ... ဆည်းလည်း"

ဆည်းလည်းမှာ အီလည်လည်နဲ့ ခေါင်းညိတ်လိုက်ရသည်။ စိတ်ထဲမှာတော့ ဦးနယုန် ဟူသော လမ်းကြောင်းတွင် ငွေပန်းဖြူကို ချန်ထားဖို့ ဆုံးဖြတ်ချက်က တစ်ထိုင်တည်းကျသွားသည်။

ငွေပန်းဟာ တဆိတ်တော့ စွက်ဖက်လွန်းသည်။ ထိုစွက်ဖက်မှုဟာ သူမရဲ့ သူငယ်ချင်း အနေအထားနဲ့လား။ ဒါမှမဟုတ် စည်းရဲ့ အတွင်းရေးမှူးအနေနဲ့လား။ ဘာပဲဖြစ်ဖြစ် ငွေပန်း





စွက်ဖက်တာကို သူမ မကြိုက်။ သူမဘဝကို သူမဘာသာ ရွေးချယ်ပိုင်ခွင့် ရှိရမည်လေ။ ဘာပဲဖြစ်ဖြစ် ဆည်းလည်း ရင်ထဲမှာ ငွေပန်းကို မြင်ပြင်စပြုလာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ ဆည်းလည်းက ငွေပန်းကို အဖော် မခေါ်တော့။ စည်း လွှတ်ပေးသော Cygnus ကိုတော့စီးသည်။ စည်းရဲ့ ယာဉ်မောင်း 'ကိုပါ'က ဆည်းလည်း အကြောင်းတွေ အကုန် သိသည်။ ဆည်းလည်း ငွေပန်းကို ဘာကြောင့် မခေါ်တာလဲ မသိ ပေမယ့် ဆည်းလည်းနဲ့ ဦးနယုန် အကြောင်းကိုတော့ သိသည်။

သို့သော် စည်းကို ပြောသင့် မပြောသင့်ကို စဉ်းစား လို့မရသေး။ ထို့ကြောင့် ငွေပန်းကိုသာ တိုင်တည်ဖြစ်သည်။

"ငွေပန်းရယ် ... ကျွန်တော် ဘယ်လိုလုပ်ရမလဲ ... ဆည်း လည်းက ဟိုလူကြီးနဲ့ တော်တော် တွေ့ဖြစ်နေကြတယ် ... ကျွန်တော် ကိုစည်းကို ပြောရမလား ... မပြောရဘူးလား သိဘူး"





"ကိုစည်းကို မပြောပါနဲ့ဦး ... ငွေပန်းတို့က မသေချာဘဲပြော ရင် စိုးရိမ်သလိုဖြစ်လာရင် ပြောရတာ ကောင်းတယ်လေ... ကြိုသတိပေးရာကျတာပေါ့နော် ... ကတယ်လို့ မဖြစ်ခဲ့ရင် ကိုစည်း စိတ်ပူရတာပဲ အဖတ်တင်မယ်လေ ... ငွေပန်းတို့ စောင့်ကြည့်သေးတာပေါ့ ကိုပါရယ် ... တကယ်လို့ ရှေ့ ဆက်လာခဲ့ရင်လည်း ငွေပန်း သူငယ်ချင်းကို ငွေပန်း ကြည့် ထိန်းပါ့မယ် ... ကိုပါသာ အခြေအနေအားလုံး ငွေပန်းကို ပြောပြပေးနော် ... ခုနောက်ပိုင်း ငွေပန်းက သူ့နောက် မလိုက်ဖြစ်တော့ မသိရဘူးလေ ... ကိုပါပဲ ကြည့်ပြီး အခြေ အနေပြောပြပေး ... ဘာမှ ဖြစ်မလာစေချင်ဘူး ... ကိုပါ ရယ် ... အထူးသဖြင့် ကိုစည်းကို စိတ်မညစ်စေချင်ဘူး"

ငွေပန်းမှာ ကိုယ့်အရှိန်နှင့်ကိုယ် ခံစားချက်အပြည့် နှင့် ပြောပြီးမှ လျှာတစ်လစ်ဖြစ်သွားသည်။ ကိုစည်းအပေါ် သံယော ဇဉ်ကြီးမိသည့် အဖြစ်ကို ကိုပါ ရိပ်မိသွားပြီ။

"အေးပါ ... ငွေပန်းကို ကျွန်တော် အမြဲတမ်းသတင်းပို့ပါ့ မယ် ... ကိုစည်းကလည်း ကျွန်တော့်အတွက် ကျေးဇူးရှင်ပဲ လေ ... ကလေးတွေနဲ့ လူမမာဇနီးသည်တစ်ဖက် ဗျာများ နေရတဲ့ ကျွန်တော့်ကို ကိုစည်း ကြည့်ရှုထားလို့သာ အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှုချောင်နေရတာ ... ကိုစည်းကလည်း ဆည်းလည်းချို
မိန်းကလေးကို ဘာလို့များတန်းတန်းစွဲ ဖြစ်နေလဲမသိတော
ပါဘူးဗျာ ... ”

ကိုပါ ညည်းမယ်ဆို ညည်းစရာပါ။ ကိုစည်းက ရု
ရည်အားဖြင့် အချောအမောကြီး မဟုတ်ပေမယ့် သူ့ဟာနှင့် သူ
တော့ ကြည့်ကောင်းနေသားပင်။ ပြီးတော့ ကြွယ်ဝချမ်းသာမှု အ
လည်းရှိသည်။ ကိုစည်းရဲ့ ပတ်ဝန်းကျင်မှာလည်း ဥစ္စာခနချ
ညီမျှခြင်း ထိုး၍ရသော မိန်းကလေးတွေ ဒုနဲ့ဒေး ... ရုပ်ရည်အ
ဖြင့်လည်း သာယာကြပါသည်။ ကဲ ဘာကြောင့် ကိုစည်း ဆည်
လည်းကိုမှ ရွေးပါသလဲ။ အချစ်ကြောင့်ဆိုတာ လုံးဝမမှားသေ
အဖြေပဲမှေ့ါကွယ်။ ထိုကြောင့် အချစ်ကို အချစ်ဖြင့် ကိုယ်ချင်း
သော ငွေပန်းက ကိုစည်း နှလုံးသားဖြစ်သော ဆည်းလည်းကို
ကွယ်စောင့်ရှောက်ရမည်။

ထိုစဉ်မှာပဲ ရုံးထဲကို ဆည်းလည်း ဝင်လာသည်

“ကိုပါနဲ့ ငွေပန်း ... ဘာတွေပြောနေကြတာလဲ”

သာမန်ပုံစံဖြင့် မေးလိုက်ပေမယ့် ထိုမေးခွန်းနော
ကွယ်မှာ အဓိပ္ပာယ် ဖွင့်ဆိုချက်ရှိမှာ သေချာသည်။

“ကိုစည်းရော ... ”





“ကိုစည်း မရှိဘူး ... ဆည်းလည်းရဲ့ ... အားကစားဆိုင်သွား
တယ်”

“ဟွန်း ... အဲဒီ ကိုစည်းကလည်း ပြောတော့ဖြင့် တစ်နေ
ကုန်ရှိမယ်လေး ဘာလေးနဲ့ ... ”

“ဩော် ... သူ ဒီနေ့ တစ်နေကုန်နေဖို့ပဲ ... အားကစားဆိုင်
မှာ အလုပ်သမားတစ်ယောက် ပစ္စည်းသယ်ရင်း လှေကား
က ချော်ကျလို့လေ ... အဲဒါ အခြေအနေသွားကြည့်တာ”

“ဟင်း ... ကိုစည်းမရှိတော့ ... ငါက လာမောဖြစ်တာပေါ့
ဟာ ... ကဲပါ ကိုစည်းကို ဖုန်းလှမ်းဆက်လိုက်ဦးမယ်”

သူမဘာသာ ပြောပြီး ဖုန်းလေးထုတ်ကာ စတိုလ်
ဖြင့် ရုံးခန်းထဲ ဟိုလျှောက်ဒီလျှောက်လုပ်ကာ ဖုန်းပြောနေလေ
သည်။

“ကိုစည်း ... ငါးပုလင်းလောက်ပါ ... ဟုတ် ... ကျောင်း
တုန်းက သူငယ်ချင်းတွေ ဝိုင်းညှစ်နေလို့ Cygnus စီးထားပြီး
ဒီလောက်မကျွေးချင်ဘူးလား ဖြစ်နေတယ် ... သိလား”

“တကယ်နော် ကိုစည်း ... အဲဒါကြောင့် ... ”

“အဲဒါကြောင့် ကိုစည်းကို ... ဟင်း ဟင်း ... နောက်ဆက်
တွဲကို နောက်တစ်ခေါက်မှ ဆက်ပြောမယ် ... ဘယ်နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်လဲဆိုတော့ နောက်တစ်ခေါက် မုန့်ဖိုးပေးရင်ပေ
နောက်တစ်ခေါက်ကို တစ်ခါတည်း ထုတ်သွားရမယ်... ဇေ
ကိုစည်းကို အဲဒါလေးတွေကြောင့် ပိုချစ်နေရတာ သိလား"

သူမ မကြားချင်တော့ ဆည်းလည်းနှင့် ဝေးရာမှာ ထိုင်ပြီး အလုပ်လုပ်နေလိုက်သည်။ ခဏနေတော့ ဆည်းလည်းက လက်ထဲကို ဖုန်းလာထည့်ပေးသည်။

"ငွေပန်းလား ... ငွေပန်းရေ Casher ဆီကနေ ပိုက်ဆံငါး
သောင်း ထုတ်ပြီး ဆည်းလည်းကို ပေးလိုက်ပါ ... ကျွန်
တော့်စာရင်းထဲကို ထည့်လိုက်လို့ ... "

"ဟုတ်ကဲ့ ကိုစည်း ... "

ထိုနေ့က ဆည်းလည်းက ကိုပါ မောင်းသော Cy-nus ကိုပါ ယူသွားပါသည်။ ပြန်လာတော့ ကိုပါက သတင်းပို့သည်။ သူမ ဦးနယုန်အတွက် မွေးနေ့လက်ဆောင် ဝယ်ပေးသည်တဲ့ ... ကောင်းသေးရဲ့လား။ သူနှင့် မဆိုင်ဘူးလို့ပြောရင် ရပေမယ့် ဆိုင်တယ်ဟု သတ်မှတ်ရင်လည်းရတဲ့ အခြေအနေမို့ သူမ ဆည်းလည်းနှင့် သွားတွေ့ဖြစ်သည်။

"ဆည်းလည်း နင်နဲ့ စကားနည်းနည်းပြောချင်တယ် ... "

"ကိုစည်း ဘာမှာလိုက်လို့လဲ"





"မမှာပါဘူး ... ငါ့ဘာသာ ပြောစရာရှိလို့"

"ပြောလေ ... "

ဆည်းလည်းတို့ အိမ်ကို မရောက်စဖူး ရောက်လာသော ငွေပန်းကို ကြည့်ပြီး ဆည်းလည်းကလည်း ရိပ်မိနေပါပြီ။ ဦးနယုန် ကိစ္စကလွဲလို့ ဘာများဖြစ်လာဦးမှာလဲတဲ့။

"ငါတို့ တစ်ဆိုင်ဆိုင်မှာ သွားပြောရင် ပိုပြီး အဆင်ပြေမယ်
ထင်တယ် ... ဆည်းလည်း"

"သွားလေ ... လမ်းထိပ်မှာ အအေးဆိုင်ရှိတယ်"

အအေးဆိုင်မှာ အအေးသောက်ရင်း ကိုယ့်အပူနဲ့ကိုယ် ချွေးစို့နေသော မိန်းမနှစ်ယောက် ...

"ဆည်းလည်း ... ငါ မေးစရာရှိတယ် ... ဒါပေမယ့် ...
ဘယ်ကစမေးရမှန်း မသိဘူး ... "

"စချင်တဲ့ဆီက စလေ ... "

"ဟို ဦးနယုန်ဆိုတဲ့ လူကြီးအကြောင်း မေးချင်တာ"

"သြော် ... သူလား သူက စိန်တိုက်ပိုင်ရှင်ကြီးလေ ... ပြီး
တော့ သဘောထားပြည့်ဝတဲ့ လူကြီးလူကောင်း တစ်
ယောက် ... ငါ့ကိုလည်း တကယ်ခင်ရှာတယ် ... "

"အဲဒါတွေထက်ပိုပြီး တိကျတဲ့ အချက်ကို ပြောပါလား..."



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်း … နင်နဲ့ကိုစည်းအကြောင်းကို ဦးနယုန် သိလား”

“သိတယ် … ”

“နောက်တစ်ပတ်မှာ စေ့စပ်တော့မယ်ဆိုတာရော သိလား”

“သိသိမသိသိ … နင်ဘာလုပ်မလို့လဲ ငွေပန်း … ”

“မဟုတ်ဘူးလေ … နင့်အပေါ် မရိုးသားပုံပြနေတဲ့ သူမို့လို့ ပြောနေတာ … တကယ်ဆို နင်ဟာ နောက်တစ်ပတ်မှာပဲ စေ့စပ်ရတော့မှာလေ … ဦးနယုန်က မသိဘဲ နင့်ကိုမျှော်လင့်နေတယ် … နင်ကလည်း ဘာမှမပြောဘဲ တွဲသွားတွဲလာလုပ်ပြီးမှ ကိုစည်းနဲ့ စေ့စပ်လိုက်ရင် နင့်ရဲ့ မိန်းကလေးသိက္ခာကို ထိပါးလာနိုင်တယ်နော် … ပြီးတော့ ကိုစည်းသိသွားရင်လည်း မကောင်းဘူး”

“နင်က သိအောင်ပြောချင်နေတာမို့လား … ငွေပန်းဖြူ”

“စည်း … သိစေချင်မှဖြင့် နင့်ကိုတောင် လာပြောမနေဘူး ငါက မဖြစ်စေချင်လို့ ပြောနေတာ … ကိုစည်းက နင့်ကို ဘယ်လောက်ချစ်ရှာလဲ … နင် လက်ညှိုးညွှန်ရာ ပေးနေတာပဲမို့လား … ဒီလောက်ကောင်းနေတဲ့ ကံကြမ္မာကို ဘာလို့ နတ်ဆိုးတွေဘက် တွန်းပို့ချင်နေတာလဲ … ”





“ဟင်း … ဟင်း … ငွေပန်း … ငွေပန်း … ဒီလောက်ကောင်းတဲ့ အခြေအနေတွေ ဖြစ်မလာနိုင်ဘူးလို့ နင်က ထင်ထားတာကိုး … ငါ့ရဲ့ကံကြမ္မာက စိန်ကိုဇယ်တောက်တမ်းကစားနိုင်တဲ့ ကံကြမ္မာမျိုးဖြစ်နေရင်တော့ ငါနဲ့ကိုစည်း ရေစက်ဆုံမယ် မထင်ဘူးနော် … ”

“ဘာရယ် … ဆည်းလည်း … ”

“ငါ … စိန်တိုက်ပိုင်ရှင် ဖြစ်ချင်တယ် … ငွေပန်း”

“နင်ရူးနေလား … နင့်နဲ့ ကိုစည်း နောက်တစ်ပတ်ထဲ စေ့စပ်တော့မယ်လေ … နင့်ရဲ့စေ့စပ်သတင်းကိုဖတ်ပြီးရင် ဦးနယုန်က သူ့ဂုဏ်သိက္ခာအမဲ့ခံပြီး နင့်ကို ဆက်သဘောကျနိုင်မယ်ထင်လို့လား … အမေကျော် ဒွေးတော်မလွမ်းချင်စမ်းပါနဲ့ … ဆည်းလည်းရဲ့ … နင့်ကို ဦးနယုန် သဘောကျတဲ့ အထဲမှာ Cygnus နင်စီးနေတဲ့ Cygnus လည်း ပါကောင်း ပါနိုင်သလို နင့်ရဲ့ အရေခွံအတုကို စိတ်ဝင်စားခြင်းလည်း ပါမှာပဲ … နင်ပိုင်တဲ့ဖုန်း … စီးတဲ့ကား … အသုံးအဆောင်အားလုံးဟာ ကိုစည်းရဲ့ပံ့ပိုးမှုတွေဆိုတာ နင်မမေ့နဲ့ … နင့်ကို ကိုစည်းတကယ်ချစ်လို့သာ ဒီအဆင့်အတန်းကနေ အောက်ကိုဆင်းပြီး တန်းမြှင့်ပေးဖို့ ကြိုးစားပေမယ့် ဦးနယုန်လို လူမျိုးက



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုသာ ဘာမှမရှိတဲ့ မိန်းကလေးလို့သိကြည့် ဆက်တွဲ မလား ... မတွဲဘူးလားဆိုတာ အောင်ဘာလေထိုးတာ ထက်တောင် ဆိုးသွားဦးမယ် ... "

"ဟွန်း ... "

"ငွေပန်း ... နင် ဘာလို့ ဒါတွေလာပြောနေတာလဲ"

"သူငယ်ချင်းကို ဒုက္ခမရောက်စေချင်လို့ပေါ့ ... နင် အမှန်ကို မြင်စမ်းပါ ဆည်းလည်းရယ် ... "

"ဦးနယုန် ငါ့ကို စိတ်ဝင်စားလာဖို့ဟာ ငါမျှော်လင့်ခဲ့ ဆု ဖြစ်နေပြီ ... ငွေပန်း"

"ဘာ ... နင် နင် ... တော်တော်အသိခေါက်ခက် အဝင်နက် တာပဲ ... ဆည်းလည်း ... အေး ... နင့်ကြောင့် ကိုစည်း စိတ်ညစ်ရတယ်ဆိုရင် နင်လည်း ဘယ်တော့မှ စိတ်ချမ်းသာ မှာ မဟုတ်ဘူး ... "

ငွေပန်း ပုံစံက သူမကို စေတနာရှိလို့ထက် ကိုစည်း အတွက် ကိုစည်းဘက်ကို ကြည့်ပြီး ပြောနေပုံက အထင်းသားမို့ ...

"ဘာလဲ ... ငွေပန်း ... နင်က ... နင်ရတဲ့ လခအတွက် နင့် အလုပ်ရှင်ဘက်က ဆတ်ဆတ်ခါနေတာပေါ့ ... ဒီမှာ ငွေပန်း ... နင် ကိုစည်း ဘက်ကနေ နင်ဆုတောင်းနေ _





ဦးနယုန် ငါ့ကို Propose မလုပ်ပါစေနဲ့လို့ ဟုတ်ပြီလား"

ဆည်းလည်းက ထွက်သွားပြီ။ တော်ပါသေးရဲ့ ဆည်း လည်းဟာ ငွေပန်း ကိုစည်းဘက်နေ အမှန်အတိုင်း မသိသေးလို့ ... ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတုန်းကသာ စည်းဟာ ငွေပန်းကို ကြည့်မ
ဖြစ်ပေမယ့် ခုဆို ငွေပန်းအပေါ် အမြင်တွေကြည်လင်လိုက်သ
တစ်ဖက်ကမ်းကို ခတ်နေသည်။

ငွေပန်းက လိုလေသေးမရှိအောင် တာဝန်ကျေ
၏။ အတွင်းရေးမှူးတစ်ယောက်ရဲ့ တာဝန်ထက် ဆွေမျိုးရင်း
တစ်ယောက်လို စေတနာထားပါ၏။ အလုပ်နဲ့ ပတ်သက်ရင်လည်း
တာဝန်ကျေ၏။ တိကျ၏။ အခြားသော ဝေယျာဝစ္စအဝဝကိုလည်း
ဖြည့်ဆည်းပေးနိုင်၏။

စားသောက်ချိန်မေ့အောင် အလုပ်ထဲမှာ စျာန်
တတ်လွန်းသည့် စည်းကို ထမင်းစားချိန် ကော်ဖီသောက်ချိန် စ





တို ငြိမ်သက်စွာ ငါးမိနစ်တိတိ အနားပေးချိန် စသည်ဖြင့် အသေး
အမွှားကအစ အချိန်ဇယားဖြင့် အတိအကျ။

အပြင်က ပြန်လာရင် သစ်သီးဖျော်ရည်တစ်ခုခုက
အဆင်သင့်။ အပြင်ထွက်မည်ဆိုရင် ကားနားအထိ လိုက်ပို့ရတာ
အမော။ အရာရာကို ငွေပန်းက ဂရုတစိုက်လုပ်ပေးသောအခါ စည်း
ရင်ထဲမှာ ငွေပန်းကို အသိအမှတ်ပြုလာခဲ့ရင်း ...

မေတ္တာဆိုတာ အသွားအပြန်ရှိမရှိ သေချာမသိပေ
မယ့် အမုန်းတွေမှာတော့ အသွားအပြန် မရှိတာ သေချာသည်။
သူက ငွေပန်းကို အမြင်ကတ်သလောက် ငွေပန်းကတော့ သူ့အပေါ်
ကောင်းလွန်းသည်။

ဘုတစ်ရာဟု ရက်ရက်စက်စက် စွပ်စွဲတတ်သော
ငွေပန်း မျက်နှာကို ခင်မင်နှစ်လိုမိလာပြီ။ ငွေပန်းဆီက သနပ်ခါး
စစ်စစ်ရနံ့တွေကလည်း Air.cond အခန်းထဲမှာ မွှေးပျံ့နေတာကို
လည်း သဘောကျလာပြီ။

ဆည်းလည်းနှင့်တောင် သိပ်ပြီး မတွေ့ရဘဲ ငွေပန်း
ကသာ တစ်ချိန်လုံး အနားမှာရှိနေသဖြင့် ငွေပန်းကို လိုအပ်တတ်
လာတာလား?

ဆည်းလည်းကိုဆို အလိုက်လိုက်ရလွန်းလို့ မောနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပြီး ငွေပန်းရဲ့ ဖြည့်ဆည်းပေးနိုင်မှုတွေပေါ် ချွေးသိမ့်နိုင်လာတာလား? ဘာလဲ သေချာမသိပေမယ့် ငွေပန်းကို လိုအပ်နေတာကို သိစိတ်အားဖြင့် လက်မခံနိုင်သေးပေမယ့် မသိစိတ်ကတော့ ရာနှုန်းပြည့် လက်ခံနေပြီ။

ပိုပြီး သတိထားကာ ငွေပန်း နေမကောင်း၍ ခွင့်ယူစဉ်က ဖြစ်သည်။ ထိုနေ့က တိုက်တိုက်ဆိုင်ဆိုင် သူက တစ်နေ့ကုန် ရုံးမှာရှိနေသည်။ ညနေ့သည်တွေ လာတာကတစ်ဖက် ရုံးကိစ္စတွေက တစ်ဖက် လူက မှုးနောက်လာချိန်မှာ ထမင်းစားချိန်တောင် မရလိုက် ငါးမိနစ်နားဖို့ ဆိုတာဝေးရော။ ငွေပန်းသာရှိရင် အခြေအနေကို ထိန်းထားပြီး သူ့ကို ကူညီမှာပင်။

ညနေစောင်းတော့ သူ ပိုပြီး သည်းမခံနိုင်တော့။ ဒီလောက်အလုပ်ရှုပ်နေတာကို ဆည်းလည်း ရောက်လာပြီး ရှိုးပွဲလိုက်ပြဖို့ ပူဆာလာသည်။

“ဆည်းလည်းလေး ... ကိုယ် ဒီနေ့လုံးဝကို မအားဘူး ... ထမင်းတောင် ခုထိမစားရသေးဘူး ... နောက်မှကြည့်ကွာနော်”

“ဟာ ... မရဘူး ... မရဘူး ... IC ပွဲက အရမ်းကောင်းမှာ ချစ်ရင်လိုက်ပြရမှာပဲ”





“ဒီလိုလုပ် ... ကလေးရာ ... ပိုးစုနဲ့ မြတ်နုကို ခေါ်သွားပါ ... ကားပါယူသွား ... ဟုတ်ပြီလား”

“ဟာ ... မရဘူး ... ကိုစည်းပဲ လိုက်ပို့ပါ ... ကိုယ့်ရည်းစားနဲ့ပဲ သွားချင်လို့ပါဆို ... ”

“ကိုယ် တော်တော်မအားလို့ပါကွာ”

“ပြီးရော မပို့ရင် ပို့တဲ့သူနဲ့သွားမယ် ... ”

“ဟင်း ... ဟင်း ... ဆည်းလည်းကလည်းကွာ ... ကဲပါ ပိုးစုတော့ ခေါ်သွားကွာနော် ... ဘောဘီ ... လိမ္မာတယ်”

“တော်ပြီ ... တော်ပြီ ... ဆည်းလည်း တခြားအသိတစ်ယောက်နဲ့ပဲ သွားတော့မယ် ... ”

ဒီလောက် အဆင်ပြေပြေဖြစ်အောင် စီစဉ်ပေးနေပါလျက် ဆည်းလည်းက စိတ်ကောက်ပြီး ထွက်သွားသည်။ သူလည်း ဒေါသတွေ ပိုပြီး ညစ်ညူးရှုပ်ထွေးစွာ ကျန်ရစ်သည်။

ထိုက် ရောက်လာတော့ ထိုက်ကို ရင်ဖွင့်ဖြစ်သည်။

“မင်းကောင်မလေးက မဟုတ်သေးဘူး ... စည်းရာ ... မဖြစ်သင့်ဘူး ... ”

“ကလေးဆန်တော့ တစ်ခါတလေ စိတ်ညစ်ရတယ်ကွာ ... ငါလည်း လိုက်ပို့ချင်တာပေါ့ကွာ ... ဒီလောက် အလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပုံနေတာ ... ဘယ်လိုလုပ်လိုက်နိုင်မလဲ"

"ထားလိုက်ကွယ် ... နောက်နေ့မှ ပြန်ချော့လိုက် ... ဒီ

ငွေပန်း နေမကောင်းတာ သက်သာရဲ့လား မသိဘူး"

"အေးကွာ ... မနက်ဖြန်တော့ သူရုံးတက်နိုင်မှဖြစ်မယ် -

သူမလာတာ တော်တော်ကသီတာကွ ... "

"ငွေပန်းဆီ ဆက်လို့ရတဲ့ ဖုန်းရှိလား"

"မရှိဘူး ... ဖုန်းရှိတဲ့ အိမ်ကလည်း လမ်းထိပ်မှာဆိုတော့

မခေါ်ပေးဘူး ... မှာထားလို့ပဲရတယ်"

"စိတ်ပူတယ်ကွာ ... ထောက်ကြံ့တောင် လိုက်သွားချင်

တယ် ... "

"မင်းက တစ်မျိုး ... "

"ရင်ဘတ်ချင်း ကိုယ်ချင်းစာပါ ကိုယ့်လူရာ ... "

"အေး ... ငါလည်း အစကသာ သူ့ကို အမြင်ကတ်တာ

တကယ်တမ်းကျတော့ ငွေပန်းက စိတ်သဘောထားဖြူစင်

ရှာပါတယ် ... သိလည်း သိတတ်တယ် ... ဣန္ဒြေလည်းရှိ

တယ် ... မဆိုးပါဘူး ... မင်းနဲ့ သဘောတူနိုင်သွားပြီ"

"အခုလို အမှန်မြင်ပြီး အမြင်မှန်ရသွားတာ ဝမ်းသာစရာပေါ့

ကွာ ... "





"မင်း ဘိုးအေ ... "

"လူ့လောကထဲ မရှိတော့တဲ့ ငါ့ဘိုးအေကို ဘာကိစ္စ တနေ့

ရတာလဲ ... ကဲပါ ... မင်း အလုပ်ရှုပ်နေရင်လည်း နေခဲ့

တော့ ... ငါ ထောက်ကြံ့ကို သွားဦးမယ် ... "

"ငွေပန်း ဆီလား ... "

"အေး ... "

"ငါလည်း လိုက်ချင်တယ်ကွာ ... ဒါပေမဲ့ မြင်တဲ့အတိုင်းပဲ"

"ရတယ် ... ငါလစ်ပြီ ... "

"အေး ... မင်းပြန်လာရင် ငွေပန်း အခြေအနေ ပြောဦးနော်"

"ငါ သူ့ဆီရောက်လာတာနဲ့ မင်းဆီဖုန်းဆက်ခေါ်လိုက်မယ်

စိတ်ချ ... "

"အိုကေ ... သူငယ်ချင်း"

ထွက်သွားသော ထိုက် ကျောပြင်ကို ကြည့်ပြီး တစ်

ခုခုံစားရသလိုပင် ဘာခံစားရတာလဲ မသိပေမယ့် နင့်နေတာ

တော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ငွေပန်းက တုပ်ကွေးဖြစ်တာပါ။

ကွေးနေရင် ပိုဆိုးမှာကြောက်တာနဲ့ ခြံထဲဆင်း... အမှိုက်တွေလှဲနေရာမှ တဆတ်ဆတ်တုန်အောင် ချမ်းလာ၍ အိ... ပေါ်ပြေးတက်ပြီး အိပ်ရာထဲဝင်ကာ စောင်ခြုံကွေးနေမိသည်။

မေးခနဲ အိပ်ပျော်သွားခိုက် ...

"သမီးရေ ... ငွေပန်းရေ ... ဧည့်သည်ရောက်နေတယ်"

အဖေ့ အသံကို ကြားလိုက်ရတာမို့ စောင်ခြုံထဲ... ထွက်ပြီး ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးကာ ဘယ်သူမှန်း မသိသေး... သော ဧည့်သည်ကို မေတ္တာပို့မိသည်။ အခန်းထဲက အထွက် အိ... ရှေ့ကွပ်ပျစ်မှာ ထိုင်နေသော ကိုထိုက်ကို တွေ့လိုက်ရသည်။

"ငွေပန်း ... နေမကောင်းဘူးဆိုလို့ သတင်းလာမေးတာ"





"ရပါတယ် ... ကိုထိုက်ရဲ့ ... မအားတဲ့ကြားက လာမေးတာ အားနာစရာကြီး ... "

"အားနာစရာ မဟုတ်တာ ... ကိုယ်က စိတ်ပူနေလို့ပါ"

ထိုက်က သတိလက်လွတ်ပြောလိုက်ပြီးမှ ငွေပန်း အဖေရှိသေးတာကို သတိထားမိပြီး တွန့်သွားရသည်။

"တုပ်ကွေးလေ ... ခေတ်မီအောင်ကွေးလိုက်တာ"

"ဒါပေမဲ့ တစ်ရက်ပဲဖျားတာကို မျက်နှာတော်တော်ချောင်ကျသွားပြီ ... ဂရုစိုက်ဦး မပေါ့နဲ့ ... "

"ဟုတ်ကဲ့ပါ ... "

"ဆေးခန်းပြလား ... "

"ဟင့်အင်း ... ငန်းနီကျော်သောက်ထားတယ် ... "

"ဟာကွာ ... အဲဒီလို ဆေးမြီးတိုနဲ့ မကုနဲ့လေ ... ပိုးသတ်ဆေးတော့ သောက်မှပေါ့ ... ဆေးခန်းသွားပြသင့်တယ်"

"အဲဒါကြောင့် ဦးလေးကပြောတာ ... ဆေးခန်းသွားဆို မင်းညီမက ပြောရခက်တယ်ကွ ... ဆေးထိုးခံရမှာကိုလည်း ကြောက်မှကြောက်ပဲ ... "

ငွေပန်း အဖေက မနေနိုင်ပုံဖြင့် ဝင်ပြောသည်။ ငွေ...န်းကတော့ ဂျစ်တူးမျက်နှာပေးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း သက်သာတာပဲကို ... "

"စည်းကလည်း ... သတင်းမေးခိုင်းလို့တယ် ... သူတော်
လိုက်လာမလို့ မအားလို့ ... "

ထိုစကားကြောင့် သူမ အဖျားတစ်ဝက် ယုပစ်သလို
သက်သာသွားသည်။ ထိုက်က စည်းဆီ ဖုန်းဆက်သည်။

"ငါပါ ... အေးရောက်ပြီ ... တုပ်ကွေးတဲ့ ဆေးခန်းမပြဘူး
မင်းတပည့်ကို ကြည့်ပြောဦး ... "

ဖုန်းကို ငွေပန်း လက်ထဲ ထည့်ပေးလိုက်သည်။

"ငွေပန်း ဘာလို့ခေါင်းမာနေတာလဲ ... ဆေးခန်းသွားပြ
လေ ... အဲလို ခေါင်းမာနေရင် အဖျားက ဘယ်ပျောက်
တော့မလဲ ငွေပန်းရဲ့ ... ငွေပန်း မလာရင် ကိုယ်လည်း
အရမ်း ကသီတာပဲ ... မြန်မြန်နေကောင်းအောင်လုပ်ကွာ"

သူအလုပ်ပျက်မှာစိုးလို့ ပူတာလည်း ဖြစ်နိုင်သည်။
ဒါပေမဲ့ သူ့ဆီမှာ သူမအတွက် ပူပင်ပေးစိတ်ရှိနေတာလေးကို တော
တော်ကြည်နူးမိသည်။ ရောဂါတောင် တစ်ဝက်သက်သာသွားသ
ပင်။ အဲဒါ အချစ်ရဲ့ တန်ခိုးလား?

"ကဲ ... ငွေပန်း ဆေးခန်းလိုက်ပို့မယ်"

"ရတယ် ... ကိုထိုက် ... ပြီးမှ ကိုယ့်ဘာသာ သွားလိုက်





မယ် ... ရပ်ကွက်ထဲမှာဆိုတော့ ကိုထိုက် ကားနဲ့ ဆေးခန်း
သွားတယ်ဆိုတဲ့ အဖြစ်က မသင့်တော်လို့ပါ"

"အိုကေ ... ဒါဆိုလည်း ပြီးရော ... သွားဖြစ်အောင်သွား
နော် ... "

"ဟုတ် ... "

"ဘာစားချင်လဲ ... တစ်ခုခု သွားဝယ်ပေးချင်တယ်"

"မစားချင်ဘူး ... ပါးစပ်တွေ ခါးနေတယ် ... "

"တစ်ခုခုတော့ စားလေကွာ ... ကြက်စွပ်ပူပူလေး သောက်
မလား ... ကိုယ်သွားဝယ်ပေးမယ် ... "

ငွေပန်းက မျက်ရည်ဝိုင်းသည်။ သူမလို အညတရကို
ကိုထိုက်က ခံစားလို့လား။ ဒါမှမဟုတ် ကိုထိုက် နေရာမှာ ကိုစည်း
ဟုတ်လို့လား။ ဘာမှန်းတော့မသိ။ ဝေသီလာသော မျက်ရည်တွေ
ကို မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း သိမ်းဆည်းလိုက်ရသည်။

"ကိုစည်း ... ဒီနေ့ တော်တော်ကသီနေမှာပဲ ... ထမင်းရော
အချိန်နဲ့အခါနဲ့ စားရဲ့လား မသိဘူး"

ထိုက်က ငွေပန်း ရင်ထဲက သံယောဇဉ်ရိပ်ကို ရိပ်မိ
လိုက်သည်။ နေရာလွဲ လူလွဲတော့ ဖြစ်နေကြပြီထင်သည်။

ထို့နောက် ငွေပန်းကို စည်းအကြောင်းတွေ မသိ



www.burmeseclassic.com

www.burmeseclassic.com



မသာပြောနေမိသည်။ ဥပမာ စည်း ယောင်တတ်တဲ့ အကြောင်းကို ဟာသဆန်ဆန် ပြောပြခြင်းဖြင့် သူမလေးကို ပြုံးရွှင်စေသည်။

သူ့စိတ်ထင်လို့လားမသိ။ ငွေပန်းမျက်နှာဟာ စည်းအကြောင်းပြောလိုက်တော့မှ သွေးရောင်လွှမ်းကာ လန်းလာသည်ပင်။

ကဲ ဘယ်လို ရှေ့ဆက်ကြမလဲ?

☘



"ငွေပန်း မလာတဲ့ရက်က ကိုယ်တော်တော် ဒုက္ခ ရောက်တယ်ကွာ ... "

"နောက်ဆို အဲလို မပျက်စေရပါဘူး ... ကိုစည်း"

"ဟာ ... ကိုယ်က အဲဒီသဘောပြောတာမဟုတ်ဘူး ... နေမကောင်းလို့ မလာနိုင်တာတော့ ခွင့်ယူရမှာပေါ့ ... ကိုယ်အဆင်မပြေတာကို ပြောပြတာ ... "

ချစ်သူက သူမကို လိုအပ်တယ်ဆိုရုံနဲ့တင် ပီတိဖြာလွှန်းလှသည်။ အဖြည့်ခံ ဖြစ်ခွင့်ရတာနဲ့တင် ရူးမတတ် ပျော်ရွှင်ကြောင်း ချစ်သူသိအောင် ဘယ်လိုပြောရမလဲ။

ဆည်းလည်းက စုဖုရားလတ်ဆိုရင် သူမကတော့ ခိုင်းခင်ခင်ဖြစ်ခွင့်ရချင်ပါရဲ့။ ဖြည့်ဆည်းပေးချင်ပါရဲ့ ချစ်သူရယ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... "

"အမလေး"

"ဩော် ... ငွေပန်း ဘာတွေတွေးနေတာလဲဗျာ ... ဒုက္ခ
နေမကောင်းသေးဘူးလား"

"ကောင်းပြီ ... ကောင်းနေပြီ ... ကိုစည်း ... ဘာလိုချင်
လဲ"

"ကိုယ့်ကို မန္တလေးရုံးခွဲကို ဖုန်းခေါ်ပေးပါလို့"

"ဩော် ... ဟုတ်"

သူမ ဖုန်းခေါ်ပေးပြီးချိန်။

"ကိုစည်း ... ဖုန်းရပြီ"

"အိုကေ ... ကိုယ်လည်း မင်းအတွက် အိုဗာတင်းသွား
လာတာ ... သောက်လိုက်ဦး"

"အို မဟုတ်တာ ကိုစည်းရယ် ... ငွေပန်းက လုပ်ပေး
ကို"

"ငွေပန်းရယ် ... ကိုယ်တို့က သူငယ်ချင်းတွေပဲ ... အဲ
သူဌေးနဲ့ ဝန်ထမ်းက အများရှေ့မှာပဲ အလုပ်သဘော
ပေါ့ ... ကိုယ်တို့ဘာသာ ရှိတဲ့အချိန်မှာ လွတ်လွတ်လပ်
သာနေ ... ငွေပန်းကို ကိုယ်က ဝန်ထမ်းလို့ သဘောမ
ပါဘူး ... လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေလို သဘော





ကဲ ... အိုဗာတင်းပူတုန်း သောက်လိုက် ... ကိုယ် ဖုန်းဆက်
စရာရှိလို့ ... "

ချစ်သူ ဖျော်တိုက်တဲ့ အိုဗာတင်းဟာ ကမ္ဘာပေါ်မှာ
ညာအရှိဆုံးဆိုတာ ရှင်တို့ သိကြရဲ့လား။

ရင်ထဲက နွေးထွေးစွာ ဖြတ်သန်းစီးဆင်းသွားတဲ့
ညာဟာ အချစ်ရဲ့ အစိတ်အပိုင်း တစ်ခုပေပဲလား။

စည်းက ဖုန်းနှစ်လုံးကို တစ်ပြိုင်နဲ့ပြောနေရင်း ငွေ
န်းကို လက်ယက်ခေါ်ကာ ဟန်းဖုန်းကို ပေးသည်။

ငွေပန်းက ဘယ်သူမှန်းမသိဘဲ ကြောင်စီစီနှင့် ဆွဲယူ
ာ ...

"ဟဲလို"

"ငွေပန်းလား ... ကိုစည်းက ငါနဲ့ပြောနေရင်း ဘာလို့ နင့်ကို
ပေးလိုက်တာလဲ"

"ဩော် ... သူ Oversea ပြောနေလို့ဟာ"

"ဟွန်း ... ငါ့ထက် သူ့အလုပ်တွေက ပိုအရေးကြီးနေတာ
ချည်းပဲ ... "

"နင်ကလည်းဟာ ကိုစည်း အလုပ်လုပ်နေတာ ... နင့်
အတွက်ပဲလေ ... နားလည်ပေးလိုက်ပါဟာ"

"ငွေပန်းနော် ... နင်လည်း သူ့ဘက်သားလုံးလုံးဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



နော် ... တော်ပြီ ပြောချင်စိတ်မရှိတော့ဘူး ... ဒါပဲ"

"အေးပါဟာ ... ငါပြီးမှ ကိုစည်းကို ပြန်ခေါ်ပေးမယ်နော်"

"မခေါ်နဲ့တော့ ... ဒီနေ့ ပြောချင်စိတ်မရှိတော့ဘူး"

ကိုစည်းက ဖုန်းပြောပြီးတာနဲ့ ...

"ဆည်းလည်း ဘာမှာသွားသေးလဲ ... "

"ဟင့်အင်း ... မမှာဘူး ကောက်သွားတယ် ... "

"အင်း ... ထင်တယ် ... ကိုလည်း Oversea ပြောရင်း သူ့ဖုန်းဝင်လာတာနဲ့ ငွေပန်းကို ပေးလိုက်တာပါ ... ပြန်ချော့ရတော့မှာပေါ့ ... ဟူး သူ့ကို ချော့ရတာနဲ့ ခြသေ့တွေ အိတ်ကပ်ထဲက ခုန်ထွက်တော့မယ် ... "

စည်းက ထိုစကားကို အမှတ်တမဲ့ ပြောလိုက်ပေမယ့် သူမစိတ်ထဲမှာတော့ မိန်းမတစ်ယောက်အနေနဲ့ ဖျင်းခနဲ ဖြစ်သွားသည်။

စည်းဟာ ဆည်းလည်းကို တကယ်ချစ်တာတောင်မှ ငွေကုန်ကြေးကျများသည့် အဖြစ်ကို နှုတ်ထွက်စကား ဆိုခဲ့ပြီး မိန်းမကလေးနြှေကို လက်ဆောင် ပဏ္ဏာနှင့် လဲဝံ့သော ဆည်းလည်းကိုပဲ ဒေါသထွက်ရမည်လားကွယ်။

"ငွေပန်းရေ ခုပဲ ... ဆည်းလည်း ဖုန်းဆက်လိုက်တာ ...





ဘန်ကောက်ကို ရှော့ပင်ထွက်ချင်သတဲ့ ... ငွေပန်း အားတဲ့တစ်ရက် ဆည်လည်း Passpost လုပ်တာကို အဖော်လိုက်ပေးလိုက်ပါဦး ... ပြော် ... ငွေပန်းပါ တစ်ခါတည်း လုပ်ထားလိုက် ... ဆည်းလည်းကို ဘန်ကောက်ခေါ်သွားရင် ငွေပန်းပါ အဖောက်လိုက်ခဲ့ပေး ... ကိုယ်နဲ့ ဆည်းလည်း နှစ်ယောက်တည်းသွားရင် မသင့်တော်ဘူးလေ ... "

"အို ... ငွေပန်း မလိုက် ... "

"မသင့်တော်လို့ပါ ... ငွေပန်းရယ် ... ကူညီပါ ... Please"

ကဲ ဘယ်လောက်မြင့်မြတ်လိုက်သည့် ယောကျ်ား အခွင့်အရေးဆိုတာ ယူသင့်မှ ယူရတာကို ကောင်းစွာ ဝေဖန် ခြားတတ်သူပေပဲ။

ချစ်သူရယ်။ မင်းကို ဆည်းလည်းလို မိန်းကလေးရဲ့ ကျ်ထဲ ထည့်လိုက်ရမှာ ရင်နာတယ်။

တကယ်ပဲ ငွေပန်းပါ Passpost လုပ်ပြီး ဘန်ကောက် လိုက်ခဲ့ရသည်။ ထိုက်ပါ လိုက်လာတော့ နှစ်တွဲဖြစ်သွား၏။

ဒါတောင် ငွေပန်း ပါလာမယ်ဟု ကြိုမသိထားသော ည်းလည်းဟာ ငွေပန်း ပါလာခြင်းအပေါ် ပြဿနာမျိုးစုံရှာပါ ည်။

"ကိုစည်း ... ငွေပန်းကို ဘာကိစ္စခေါ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဆည်းလည်းလေးနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်
ဆို ဘယ်သင့်တော်မလဲ ... ဆည်းလည်းရဲ့"
"ဘာကို မသင့်တော်ရမှာလဲ ... ကိုစည်း ... မကြာခ
ဧစပ်တော့မယ့် ချစ်သူနှစ်ယောက်ပဲ ဘာဖြစ်လဲ"
"စိတ်မကောက်နဲ့ ဘေဘီ ... ကိုယ်စီစဉ်ထားတာအကု
ဘေဘီ့အတွက် ... ကိုယ်က ယောကျ်ားလေး ... ဘာမှမဖြ
ဘူး ... ဒါပေမဲ့ ကိုယ်က ကိုယ်ချစ်ရသူရဲ့ ဂုဏ်သိက္ခာ
မြှင့်တင်ပေးတာ ... ကိုယ့်ချစ်သူက တန်ဖိုးတက်လေ ကို
တန်ဖိုးလည်း မြင့်လေပဲ ... သိတယ်မို့လား ... ရှေ့ကတ
"က ဘယ်လောက်ပဲဦးဆောင်ပါစေ ... နောက်က သုည
ရဲ့ ပံ့ပိုးမှုမရှိရင် တစ်ရဲ့ တန်ဖိုးကလည်း တက်မှာမဟု
ဘူး ... ကိုယ်က ဆည်းလည်းကို တန်ဖိုးရှိတဲ့ သုညကလေ
ဖြစ်စေချင်လို့ပါ"

အာပေါက်မတတ် ရှင်းပြမှ ရွှေစိတ်တော်ပြေသည်





ဖေဖော်ဝါရီ ဆယ့်လေးဟာ ချစ်သူရှိတဲ့ သူတွေအတွက် သက်သက်ပဲလေ။

တစ်ဖက်သက် ချစ်ရသူ ငွေပန်းအတွက် ဒါဟာ ခေတ်သစ်ငရဲပဲပေါ့ ... ဘာလို့လဲဆိုတော့ ...

"ငွေပန်း ... ဒီနှင်းဆီပန်းတွေကို floral ကိုသွားပို့ပေးပါ ... ပြီးရင် ဒီပန်းစည်းကို ဆည်းလည်း အိမ်ကို သွားပို့ခိုင်းလိုက်"

ရှုံးရောက်ရောက်ချင်း ပန်းကုံးကြီးကိုင်ပြီး ပြောသော ချစ်သူစကားကို ခေါင်းညိတ်ရုံကလွဲ၍ ...

"ကိုစည်း ... ဆည်းလည်းဆီမရောက်သေးဘူးပေါ့"

"ဟင့်အင်း ... ကိုယ်က မနက်ကတည်းက ဘုရားသွားရအောင် ဖုန်းဆက်လိုက်တာကွာ ... သူအိပ်နေတာကို နှောင့်



www.burmeseclassic.com

www.burmeseclassic.com



ယုက်ရလားဆိုပြီး ငေါက်တယ် ... ပြီးတော့ အဲဒီအတွက် ဒီနေ့ သူ့ကို စိန်ရင်ထိုးတစ်ခု ဝယ်ပေးရမယ်တဲ့ ... သိပ်ဆိုးတဲ့ ကောင်မလေး ... ကိုယ်က ပလက်တီနမ်ဆွဲကြိုး ဝယ်ပေးထားတာ ... မတတ်နိုင်ဘူး ... သူလိုချင်တဲ့ စိန်ရင်ထိုးပဲ ဝယ်ပေးလိုက်တော့မယ် ... ဆည်းလည်းက သိပ်ကလေးဆန်တာကွ ... သူလိုချင်တာရသွားတဲ့ အပြုံးလေးတွေကို ကိုယ် အရမ်းချစ်တယ် ... "

ချစ်သူများနေ့မှာ ချစ်သူက တခြားတစ်ယောက်ကို သိပ်ချစ်တဲ့ အကြောင်းပြောနေတာကို သင်တို့ ကြားဖူးပါရဲ့လား။ အဲဒီအသံလှိုင်းရိုက်ခတ်မှုရဲ့ ပြင်းအားကိုရော မှန်းဆမိပါရဲ့လား။ ဒါပေမဲ့ ငွေပန်းကတော့ နားထောင်ပေးခဲ့ရသည်။ ချစ်သူက သူ့ချစ်သူကိုပေးဖို့အတွက် လက်ဆောင်ပစ္စည်းကို ပြင်ဆင်ပေးခဲ့ရသည်တဲ့လေ။

ပန်းတွေကို floral ကိုသွားပို့တော့ ...

"ကိုစည်းကသိပ်အဖြစ်သည်းတာပဲ ... တို့ဆီမှာ ပန်းမျိုးစုံရှိပါတယ်ဆိုတာတောင် မရဘူး ... ဒီပန်းတွေကို ဗန်ကောက်ကို လှမ်းမှာသတဲ့ ... မနေ့က လေယာဉ်နဲ့ ပါလာတာ ထင်တယ် ဟုတ်လား ... "





"မသိပါဘူး အစ်မရယ် ... "

ထိုစဉ်မှာပဲ ထို floral ကို ဦးနယုန် ရောက်လာခဲ့သည်။ ငွေပန်းကသာ ဦးနယုန်ကို ကောင်းကောင်းသိတာ။ ဦးနယုန်ကတော့ ငွေပန်းကို သိပုံမရ။

ဦးနယုန်က တန်ဖိုးအကြီးဆုံး ပန်းစည်းတစ်ခုပြင်ခိုင်းသည်။ ပြီးတော့ သူ့လက်ထဲမှာ ကိုင်လာသောလယ်သာ လက်ကိုင်အိတ်ထဲမှာ ကတ္တီပါဘူး အပြာရောင်လေးကို ထုတ်ပြီး ဘူးကို ငှဲ့လိုက်သည်။

ဘူးထဲက အရောင်တွေဖြာကျလာသည်။ ဆယ့်ငါး နာရီခန့် ရှိမည့်တစ်လုံးတည်း စိန်နားကပ်တစ်ရံ။ ဦးနယုန်က ဘူးကို ကျေနပ်စွာ ပြန်ပိတ်ပြီး ပန်းစည်းထဲ ထည့်စည်းခိုင်းသည်။ ပြီးတော့ အပြာရောင် အသည်းပုံ ကတ်ကလေးမှာ ...

"ချစ်သော ... ဆည်းလည်း အတွက်"

ဟု ကောက်ရေးလိုက်တာကို ငွေပန်းက မြင်ဖြစ်အောင် မြင်လိုက်သည်။ ငွေပန်း မျက်ဝန်းတွေထဲမှာ စိန်တိုက်သွားပြီး ရင်ထိုးရွေးရမည့် ကိုစည်း ပုံစံကို မြင်ယောင်မိသည်။

တစ်ယောက်တစ်မျိုး မရိုးပါလား ဆည်းလည်းချို။



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးဟာ သိမြင်နေပါရသော ငွေပန်း
လောကကြီးကို ခါးစောင်းတင်ပြီး ရယ်ချင်နေမိသည်။

ထို floral မှ အသည်းပုံ ချောကလက်တစ်ခု ဝယ်ပြီး
ပြန်လာခဲ့သည်။

ရုံးရောက်တော့ ... ။

"ကိုစည်း ဖေဖော်ဝါရီဆယ့်လေးရက်နေ့ဆိုတာ ကိုယ်ချစ်ခင်
တဲ့ သူတွေကို ပိုပြီး ချင်ခင်အောင် ... ကိုယ်ချစ်တဲ့သူတွေ
ကို ကိုယ့်ကို အမှတ်တရဖြစ်နေအောင် ချောကလက် ကျွေး
တဲ့နေ့မို့လား ... အဲဒီတော့ ကိုစည်းကိုငွေပန်း ချောကလက်
ကျွေးမယ်နော် ... ပြန်ရင် အိမ်က မေမေတို့အတွက် လည်း
ချောကလက်ကိတ် ဝယ်သွားရမယ် ... "

ငွေပန်းက စည်းကို အသည်းပုံ ချောကလက်ဘူး
လေးပေးလိုက်တော့ စည်းက ယူပါသည်။

"စားလေ ... ကိုစည်း"

ဆည်းလည်း ကျွေးတဲ့ ချောကလက်ကို မစားခင်
ငွေပန်း အရင်ကျွေးချင်မိသည်။ ဒါဟာ ဘယ်သူ့ကိုမှ မထိခိုက်တဲ့
အတ္တပါရှင် ... ။





စည်းက ပြီးပြီးရော ပုံစံဖြင့် အမှုမဲ့အမှတ်မဲ့ (အသည်း
ဆိုတာပင် သတိထားမိပုံမရ)ဖြင့် ဘူးကို ဖွင့်ပြီး တစ်ဝက်ကိုက်
ကိုက်ကာ ငွေပန်းကို ကျန်တစ်ဝက် လှမ်းပေးသည်။

"ရော့ ကျန်တာ ငွေပန်း စားလိုက်တော့ ... စားပြီးပြီ ...
အီလို့ တစ်ခုလုံး မစားနိုင်ဘူး"

ငွေပန်းက ... ဝမ်းသာအားရ ယူစားလိုက်သည်။
အသည်းပုံ ချောကလက်ကို ချစ်သူနဲ့အတူ တစ်ယောက်တစ်ဝက်
စားရတဲ့ အရသာကို ခံစားဖူးတဲ့သူမှ သိမှာပေါ့နော်။ စိတ်မကောင်း
စရာက ညနေဘက် ငွေပန်း၊ ထိုက်ပါအပါ ဆည်းလည်းနှင့် စည်းတို့
ဟန်တော်ကြီးထဲက White Rice မှာ dinner သွားစားတော့ ဆည်း
လည်းရဲ့ နားမှာ ဆယ့်ငါးရတီကိုက် စိန်နားကပ်က တဖျတ်ဖျတ်
လက်နေပြီး ရင်ဘတ်မှာတော့ အင်္ဂလိပ်အက္ခရာအက်စ်(S)ပုံသဏ္ဍာန်
စိန်ရင်ထိုးတစ်ခုက ဝံ့ကြွားစွာ နေရာယူလျက် ...

ဘယ်သူမှ မသိအောင် သက်ပြင်းခိုးချရင်း ရင်နာနေ
ရသူက ငွေပန်းပဲပေါ့ကွယ်။ ဒင်နာစားပြီးတော့ အဝေးဆုံးဖြစ်သော
ငွေပန်းကို အရင်ဆုံးပြန်ပို့သည်။ စည်း မောင်းသော ကားပေါ်မှာ
ဆည်းလည်းက Lover Seat မှာထိုင်ပြီး ငွေပန်းနဲ့ ထိုက်က နောက်
ခန်းမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ငွေပန်း ..."

"ပြောလေ ... ကိုထိုက် ရည်းစားစကားကလွဲပြီး အားလုံး ပြောလို့ရတယ်နော် ..."

"ဒီနေ့မှာ ဒီနေ့နဲ့သက်ဆိုင်သော စကားလေးတစ်ခွန်းတော့ ပြောချင်တာပေါ့ ငွေပန်းရယ်"

"ကိုထိုက်မှ ပြောချင်တာလား။ ငွေပန်းလည်း ပြောချင်တာ ပေါ့ ... ဒါပေမဲ့ ကိုထိုက်တို့ ပြောခွင့်ရှိသလို ငွေပန်းတို့ မိန်းကလေးတွေကျတော့ ပြောခွင့်မရှိဘူး ... ကိုထိုက်ရယ် ပြောချင်တဲ့ ... သူကို ပြောခွင့်မရတဲ့ နှလုံးသားက နား မထောင်ချင်တဲ့ သူဆီက စကားကိုလည်း ဘယ်ကြားချင် ပါ့မလဲ ... ငွေပန်းရဲ့ အတွက်ကို နားလည်ပေးပါနော် ..."

"ငွေပန်းရဲ့ နှလုံးသားဟာ ဦးသူ ရှိပြီးနှင့်ပြီပေါ့ ... အဲလို ဆိုလိုက်တာလား ငွေပန်း"

"ဟုတ်တယ် ... သူကို ပြောခွင့်မရှိပေမယ့် ဒီနေ့မှာ ငွေပန်း အားပါးတရပြောချင်တယ် ... ငွေပန်းကို ထိုက် အားနာပါ တယ် ... ငွေပန်းမှာ သိပ်ချစ်တဲ့သူရှိတယ် ... ကိုထိုက် ... ငွေပန်း သူ့ကို သိပ်ချစ်တာပဲ ... မပိုင်ဆိုင်ရရင်တောင်မှ သူ့ကို ချစ်နေရရုံနဲ့ ကျေနပ်နိုင်တဲ့ အချစ်မျိုးပေါ့"





ထိုက်ကို ပြောနေပေမယ့် မျက်ဝန်းအကြည့်တွေက ည်းဆီသို့ ဝေ့ဝဲလျက်။ စည်းကတော့ ဆည်းလည်းနဲ့ စကားခြွေနေ လေရဲ့။

ကိုထိုက်က အချိုပြုံးဖြင့် ...

ဆည်းလည်းတို့ နှစ်ယောက်ကို ငေးကာ ...

"ကိုယ် သူတို့ကို သိပ်အားကျတာပဲ ..."

"ကမ္ဘာပေါ်မှာ အပြည့်စုံဆုံး အချစ်ဆိုတာ ဘယ်မှာမှ မရှိခဲ့ ဘူး ... ကိုထိုက် ... သိပ်ပြည့်စုံပါတယ်ဆိုတဲ့ အချစ်တွေ ကလည်း သက်တမ်းတိုတတ်ကြတယ် ..."

"ဘာကို ဆိုလိုတာလဲ ..."

"တစ်နေတော့ ဆိုလိုရင်းကို ကိုထိုက်သိလာမှာပါ"

ထိုက်က အနီရောင် အသည်းပုံလေးတစ်ဘူး ထပ် ပေးသည်။

"ဘာလဲ ..."

"ချောကလက်ပါ ... တခြား လက်ဆောင်ပေးရင် မယူမှာ စိုးလို့ ... ဒီချောကလက်ကိုတော့ လက်ခံပေးပါနော်"

"ဆော်ရီး ကိုထိုက်ရယ် ... လက်မခံပါရစေနဲ့ ... ဒီမနက်ဘဲ ချောကလက် စားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေပန်း ချစ်သူနဲ့လား"

"အင်းပေါ့ ... တူတူစားကြတာ ... ငွေပန်း ဝယ်ကျွေးတာ
လေ"

ထိုစကားကို ဖြေလိုက်တဲ့ ငွေပန်း မျက်နှာဟာ ပြုံး
ချိုမြနေလိုက်တာ ...

ထိုက် တကယ်ပဲ ယုံလိုက်ရပါသည်။ ရင်ကွဲတေးသံ
ဆိုတာ ဘယ်အခါကများ သာယာနာပျော်ဘွယ်ရှိခဲ့လို့လဲ။

ညက ကြယ်ကြွေသံတွေနှင့် စည်းဝါးညီညီ ချီတက်
နေသည်။ ကြယ်ကြွေတိုင်းသာ ခြေတစ်လှမ်းနောက်ဆုတ်ရမယ်ဆို
ရင် အလင်းရောင်ဆီ ဘယ်ရောက်ပါ့မလဲလေ။

အဲဒီလို ညခြေလှမ်းတစ်ဝက်တစ်ပျက်မှာ ချစ်သူ
ကျွေးသော ချောကလက်ကို ငြင်းသည်။ ရင်မှာ ကြယ်တစ်စင်းထပ်
ကြွေသည်။

နေ့သစ်ကိုကြိုဖို့ ညကတော့ ခြေလှမ်းမှန်မှန်ဖြင့်
ဆက်လက်ထွက်ခွာသွားလေရဲ့။

ငွေပန်းကို ပြန်ပို့ပြီးတော့ ဆည်းလည်းကို ပို့သည်
ပြီးမှ စည်းနဲ့ ထိုက်က ဘီယာစတေရှင်တစ်ခုမှာ တစ်ထောက်နား
ကြသည်။





"ဘယ်လိုလဲ ... ထိုက် ... ငွေပန်းနဲ့ အိုကေလား"

"သူ ဒီနေ့ ... သူ့ချစ်သူကို ချောကလက်ဝယ်ကျွေးတယ်
တဲ့ကွာ"

"အမ် ..."

ထိုက် မျက်နှာက ပြုံတော့မည့် မိုးလို တိမ်ညိုတွေ
...ဖုံးလို့ ... ။

☘



www.burmeseclassic.com

www.burmeseclassic.com



စည်းက ထိုက်ပြောသွားသော စကားကို ပြန်ကြား
ယောင်ကာ မနေ့က ငွေပန်း ကျွေးသော ချောကလက်ကို စား
သောသူ့အဖြစ်ကို အမှတ်ရသည်။ ဒါပေမဲ့ ငွေပန်းက သူ့တစ်ယောက်
တည်းကိုကျွေးတာ ဟုတ်ချင်မှဟုတ်မှာပေါ့။

"ကိုစည်း ဒီမှာ လက်မှတ်ထိုးပေးပါဦး ..."

သနပ်ခါးနံ့။ သူ့နားမှာ သင်းနေသော သည်သနပ်ခါး
နံ့ကို သူတော်တော် နှစ်သက်သည်။ နာမည်ကြီး ရေမွှေးတွေတောင်
သနပ်ခါးနံ့လောက် သူ့ကို မဆွဲဆောင်နိုင်။ ငွေပန်း လက်ကလေး
သူ့မျက်နှာနားဝဲကာ ...

"ရှော် ... ကိုစည်း နေမကောင်းဘူးလား"

"ကောင်းပါတယ် ဆည်းလည်းရဲ့ ..."





"ကိုစည်း"

"သြော် ဆောရီး ငွေပန်း ... ကို ဆည်းလည်းအကြောင်း
တွေးနေလို့ ..."

လက်မှတ် ထိုးစရာတွေကို ခပ်သွက်သွက်ထိုးပေး
ရင်း ငွေပန်းကို ငွေပန်းအကြောင်း တွေးနေတာဟု ဝန်မခံချင်
ကို ကိုယ့်ကိုယ်ကိုယ် သတိထားမိသား။

လှည့်ထွက်သွားသော ငွေပန်း နောက်ကျောမှာ
ရဲ့ မဟူရာရောင် ပိုးသားဆံနွယ်တွေက ထူအိအိလေး ဝဲဖြာနေ
ည်။

သူမ ဒီနေ့ ခေါင်းလျှော်လာပုံရသည်။ သူမ စားပွဲမှာ
ပြီး အလုပ်ရှုပ်နေသော ငွေပန်းကို မသိမသာ စေ့စေ့စပ်စပ်
ကြည့်မိသည်။

ခုဆို ငွေပန်း မျက်နှာမှာ အရုပ်ဆိုးသော ဝက်ခြံ
မရှိသလောက်ဖြစ်လာသည်။ သူမ မျက်နှာပေါ်က ဘုတစ်ရာ
ပျောက်ကွယ်သွားလို့လား။ သူမဟာ သူ့ရဲ့ မရှိမဖြစ်နည်းပါး
သုံးဝင်လာသူတစ်ယောက်မို့လား။ ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်မှာ
အပေါ် သူ့ရင်တွင်းမှ မကြည်လင်စိတ်တွေ တော်တော်ပျောက်
နှစ်လိုစိတ်တွေ ဝင်ရောက်အစားထိုးခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်လောကလည်း သူ့ရဲ့ တိုက်တွန်းမှုနဲ့ သူ
သွားလေးခေါနေတာကို သွားပြုပြင်ထားသဖြင့် သွားတွေက ညီညာ
လှပနေပြီး ထိုသွားတွေကို ပလက်တီးနမ်စက်ဖြတ် ကြိုးကလေးဖြင့်
ဆိုင်းထားသေးရဲ့ ...

ဒီတော့ သူမ နှုတ်ခမ်းသေးသေးလုံးလုံးလေး
သွားညီညီကလေးတွေနှင့် လှတပတ ဖြစ်သွားပြန်ရော။

စည်း တစ်ယောက် သူမကို အသေးစိတ် အကဲခတ်
နေမိသည်။ တဖြည်းဖြည်းနဲ့ သူမက ကြည့်ရမဆိုးတော့သလို ခံစား
ရသည်။

ဒါဆို ... အစကတည်းက သဲသဲလှုပ်နေတဲ့ ထိုက်
တစ်ယောက် ခုဆို သူမကို ပိုတောင်ချစ်ဦးတော့မည်။

"ကိုယ် အပြင်ခဏသွားအုံးမယ် ... ဆည်းလည်ဆီ သွား
မလို့ ... "

"ကိုစည်း ... တစ်နာရီ အစည်းအဝေးရှိသေးတယ်"

"အင်း ကိုယ်သိတယ် ... လိုအပ်တဲ့ စာရွက်စာတမ်းတွေ
ပြင်ထားလိုက် ... "

"ဟုတ် ... "

စည်းက ထိုက်ဆီလာတာပါ။ ဆည်းလည်း ဆီသွား





ဘာလို့ ဘာလို့ ညာမိပြန်ပါလိမ့်။

ထိုက်ကို ဖုန်းလှမ်းဆက်တော့ အိမ်မှာဆို၍ ထိုက်
အိမ်ကို ထွက်ခဲ့လိုက်သည်။

"ကဲ ဆို ... ဘာကိတ်"

"မင်းကို ငွေပန်းနဲ့ သဘောတူလိုက်ပြီ ... အဲဒါ လာပြော
တာ ... "

"ဟ ... အဲဒါ ဖုန်းထဲမှာ ပြောလိုက်လည်းရတာပဲ ... "

"မင်းကို သဘောမတူကြောင်း ပြောတုန်းကလည်း Face
to Face ပဲလေကွာ ... အဲဒါကြောင့် အခု သဘောတူပါတယ်
ဆိုတာကိုလည်း မျက်နှာချင်းဆိုင် ပြောချင်လို့ ... "

"ဟုတ်ပါပြီကွာ ... ဘာပဲဖြစ်ဖြစ် သဘောတူကြည်ဖြူခြင်း
က မင်္ဂလာတစ်ပါးပဲလေ ... မင်း မကြည်ဖြူတာထက်စာ
ရင် မင်းကြည်ဖြူတာက ပိုကောင်းတာပေါ့ ... အေးလေ
ကြည်ဖြူမှုဆိုတာကိုကာယကံရှင်ဆီကရရင်တော့ပိုကောင်း
တာပေါ့ကွာ ... ဒါပေမဲ့ ငါ မျှော်လင့်ချက်သိပ်မရှိဘူး"

"မင်းကလည်းကွာ ... မင်းလိုလူကို ငွေပန်း မငြင်းလောက်
ပါဘူး ... ခုလည်း မင်းကို ခါးခါးသီးသီးမှ မဟုတ်တာ ...
အခြေအနေက အဆိုးကြီးမဟုတ်ပါဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က စည်းကို ငေးကြည့်နေမိသည်။ စည်
နီးလွန်းလို့ မမြင်တာလား။ ကာယကံရှင်မို့ မမြင်တာလား။ ဘာ
မသိပေမယ့် သေချာတာကတော့ စည်း မမြင်သေးသော ငွေ
သံယောဇဉ်တွေကို သူ အတုံးလိုက် အတစ်လိုက် မြင်နေရတာ
ခက်သည်။ စည်းကို ခင်တွယ်နေသော သူမဟာ သူ့ကိုတော့
တကယ့်စိတ်ရင်းက ရိုးသားရှာ၏။ ကိုယ်ချစ်သော သူမက သူ
မချစ်သော ကိုယ့်အချစ်ဆုံး သူငယ်ချင်းကိုမှ တွယ်တာနေ
ပြီးတော့ သူမ တွယ်တာနေသော သူကလည်း သူမ သူငယ်
၏ ချစ်သူ။

"ကဲ မင်းကို အဲဒါ သက်သက်လာပြောတာ ... ကိုပြန်ဦး
သက်ရင်း ... တစ်နာရီမှာ အစည်းအဝေးရှိတယ်"

ထိုက်ရဲ့ တည်ငြိမ်နေသော ရင်ကို ဂယက်ဝင်
သွားသည်။ ထိုနေ့က ထိုက် သိပ်ပြီး အလုပ်မလုပ်နိုင်။ တစ်နေ
အခန်းအောင်းနေမိသည်။

ငွေပန်းတစ်ယောက် ဆည်းလည်း၏ စည်းမ
မှုတွေကို သိရသလို ထိုက်လည်း သိပါသည်။ စိန်တိုက်ပိုင်ရှင် အ
ကြီးက ဘာလိုလိုဖြစ်နေသော သူမကို မနှစ်မြို့သော်လည်း စည်
တော့ ပြောမထွက်ခဲ့ပါ။





သူငယ်ချင်းဖြစ်သူက ဆည်းလည်းကို တော်တော်
ချစ်ရှာသည်လေ။ သူငယ်ချင်းကို စိတ်မဆင်းရဲစေလိုပြီ။

ငွေပန်းကို သူ သိပ်ချစ်သည်။ ထို့အတွက် ငွေပန်းရဲ့
စည်း အပေါ်ထားသော သံယောဇဉ်ကိုလည်း သူ ကိုယ်ချင်းစာ၏။
စည်းသာ ဆည်းလည်းနှင့် ပြတ်ပြီး ငွေပန်းနှင့် လက်တွဲမည်ဆိုရင်
တောင် သူ ကြည်ဖြူသည်။ သို့သော် ...

သူငယ်ချင်းစည်းကလည်း ဆည်းလည်းကို သိပ်ချစ်
ရှာ၏။ သူတို့အဖြစ်က သပွတ်အူလို ရှုပ်ထွေးလှသည်။ ဒါပေမဲ့ ထို
သပွတ်အူဟာ ရှုပ်ထွေးလေ့ရှိသော သပွတ်အူမျိုးပင်။

နှလုံးသားအလိုကို မလွန်ဆန်နိုင်သမျှ ရင်ထဲမှာ
တံခါးမရှိတိုင်း လှစ်ခနဲ ပြေးဝင်လာတတ်သော အချစ်မျိုးတွေ
ရှိနေသရွေ့ တစ်ဖက်သတ်အချစ်မျိုး စိတ်က ဆက်လက်ပြစ်မှားနေ
ဦးမှာပင် ထိုက် သက်ပြင်းကို လေထဲ မှုတ်ထုတ်မိရင်း ... ။



www.burmeseclassic.com

www.burmeseclassic.com



ညစာ စားပွဲတစ်ခုမှာ စည်းနဲ့ ဦးနယုန် ဆုံရသည် စီးပွားရေးသမားအချင်းချင်း တစ်ကွေ့ကွေ့မှာ တွေ့ကိုတွေ့ရ မှာပဲမို့လား။

"ကိုယ့်နာမည်က နယုန်ပါ ... ဒီမှာ ကိုယ့်ကတ်"

ကြားလူတစ်ယောက်က ... မိတ်ဆက်ပေးတာ သော်လည်း ဦးနယုန်က လိပ်စာကတ်ပါ ထုတ်ပေးလာတာ စည်းကလည်း သူ့လိပ်စာကတ်ကလေး ပြန်ထုတ်ပေးလိုက်သည်

"ကိုစည်း ... ကျွန်တော် ကိုစည်းတို့ ဝိုင်းမှာ လာထိုင်မ ဗျာ ..."

ခင်မင်မှုပုံစံဖြင့် ဝင်ခဲ့သူက ဦးနယုန်။ ထိုညက သူ ဦးနယုန် တော်တော်မှသောက်ဖြစ်ကြသည်။





ဦးနယုန်ဘက်က အဝင်အထွက်လုပ်ခဲ့ခြင်းသက်သက်ဖြစ်ပေမယ့် စည်းကတော့ တကယ်ဝင်သွားသည်။ ဦးနယုန်နဲ့သူ စီးပွားရေးနယ်ပယ်ခြင်းလည်း မတူဘူးလေ။ ပြိုင်ဘက်တွေ ဖြစ်နေလိမ့်မယ်လို့ သံသယကို မရှိခဲ့တာပါ။

ကျိုစယ်မှုတွေ ပြည့်ဖုံးနေတဲ့ လောကကြီးမှာ ဦးနယုန်နဲ့ ဆည်းလည်း ပတ်သက်လိမ့်မယ်လို့လည်း ဘယ်ထင်မှာလဲ။

ထိုက်လည်း မသိလိုက်ရပါဘဲ စည်းနဲ့ဦးနယုန် တော်တော်ခင်သွား၏။ ဦးနယုန် ဘက်ကတော့ စည်းတွေအကန့်တွေနဲ့ပေါ့လေ။

မကြာခဏဆိုသလို ဘီယာဆိုင်ထိုင်တာမျိုး။ ကော်ဖီဆိုင်မှာ ချိန်းကြတာမျိုးတွေပါရှိလာကြသည်။ တစ်ခါတရံ ဦးနယုန်က ပန်းလှိုင်ဂေါက်ကွင်းနားက သူ့အိမ်ကို ဖိတ်ပြီး စနူကာ ပြိုင်ထိုးကြသေးရဲ့။

"စည်း မောင်ရင်က တကယ်ဖြူစင်တယ် ... ကိုယ့်ညီလေး ဆိုရင် သိပ်ကောင်းမှာပဲ ..."

"စည်း မင်းနဲ့ကိုယ် Business တော့ မတူဘူးပေါ့ကွာ။ ဒါပေမဲ့ ဘာပဲလိုလို ကိုယ့်ကိုပြောကွာ ... ဝိုင်းပြီး အကြံဉာဏ်ပေးမယ်ကွာ ... တတ်နိုင်သလောက်ကူညီမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စကားတွေနဲ့ ချုပ်ထားခဲ့သည်။ အသားလိုလို့ အရိုးတောင်းတာကို အပုတ်မှတ်ခဲ့သူက စည်းရယ်ပါ။

တစ်ရက်တော့ စားသောက်ဆိုင်တစ်ခုမှာ စည်းနဲ့ ဦးနယုန် နေ့လယ်စာ စားနေတုန်း ထိုက်နဲ့ တိုးသည်။ ဦးနယုန်က ထိုက်ကို သိပုံမရ။ ထိုက်က စည်းတို့ဝိုင်းမှာ သွားထိုင်၏။

ထိုက်ရှေ့မှာတင် ဦးနယုန်က ... စည်းကို မာယာစကားလုံးတွေနှင့် ဆွဲချုပ်နေသည်။ ထိုသို့သော ပျားရည်ဆမ်းစကားတွေရဲ့ နောက်ကွယ်မှာ အဆိပ်တွေ ရှိနေတာကို ထိုက်က ရိပ်မိလိုက်ပြီ။ ဒါပမဲ့ သူငယ်ချင်းကို ဘယ်လို အသိပေးရမလဲ။

ဆည်းလည်းက သစ္စာမရှိ။ ဦးနယုန်က နေရာယူ ကြိုးစားသည်။ ဒီပုံစံအတိုင်းဆို စည်းတစ်ယောက် ဘာမသိ ညာမသိ အရှုံးပေးလိုက်ရတော့မည်။ စစ်မြေပြင်မှာ သူလျှိုကို လူရင်းထင် သော စစ်သူကြီးပမာ အတုံးအရုန်း ကျဆုံးတော့မည်။

ပွဲက တစ်ဖက်သတ် သိပ်ဆန်လွန်းသည်။

ထိုက်က ... ဘယ်ကိုဝင်ရင်ကောင်းမလဲဟု စဉ်း သည်။ ပထမဆုံး စဉ်းစားမိတာက ဆည်းလည်ချို ...

"ကိုထိုက် ဆည်းလည်းနဲ့ တွေ့ချင်လို့ဆို ... "

ဆည်းလည်းပုံစံက မတွေ့ရသော ကာလတ





အတွင်းမှာ တော်တော်ပြောင်းလဲသွားသည်။

ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ချမ်းသာခဲ့သော သူ ဌေးသမီးပုံစံပေါက်နေသည်။ အဝတ်အစား အသုံးအဆောင်များ အားလုံးက တန်ဖိုးကြီးမေ့ဆိုတာတွေချည်းပဲ။

မာန်တစ်မျိုးဝင်နေသော ဆည်းလည်းပုံကို ... အကြောင်းမသိသော သူတွေသာဆို ရှိန်ပြီး ဆက်ဆံမှာတောင် မဟုတ်။

ထိုက် ချိန်းသော ကော်ဖီဆိုင်သို့ လာရတာ သူမက အောက်တယ်တောင်ထင်သလားမသိ။ လက်ဖက်ရည်ဆိုင်လို့ ပြောရင် ပိုမှန်မည်ထင်ရဲ့။ ခြေတံရှည် ခွေးခြေလေးတွေနှင့် ထိုင်ရသော ကော်ဖီဆိုင်သို့ သူမ ဝတ်စားလာတာက ဒိတ်ဒိတ်ကြဲလေ။

"ကိုထိုက် ဘာပြောစရာ ... ရှိလို့လဲ"

"ဆည်းလည်း ... ကိုယ် အခုပြောမှာက ဆည်းလည်းရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်သလိုဖြစ်ချင်ဖြစ်လိမ့်မယ် ... ဒါပေမဲ့ ကိုယ့်အချစ်ဆုံး သူငယ်ချင်းကို တစ်ဖက်သတ်လှည့်စားတာကို သိရက် သည်းမခံနိုင်လို့ ... "

"ဘယ်သူက လှည့်စားနေလို့လဲ ကိုထိုက် ... "

"အိပ်ချင်ယောင်မဆောင်နဲ့လေ ... ဆည်းလည်းရဲ့...



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်း ဦးနယုန်နဲ့ တွဲနေတာ ကိုယ်သိတယ်”

“တွဲတယ်ဆိုတာ ဘာကိုပြောတာလဲ … လူမှုရေးအရ ခင်မင်တာကို တွဲတာလို့ ယူဆရင် အခု ကိုထိုက် ဆည်းလည်းကို ကော်ဖီဆိုင်ချိန်းပြီး စကားပြောတာကိုရော ချိန်းတွေ့တာလို့ သတ်မှတ်လို့ရလား … ”

“ဆည်းလည်း … မင်း”

“ဒါက လူမှုရေးလေ … ကိုထိုက်ရဲ့ … ကိုစည်းနဲ့ ချစ်သူဖြစ်လိုက်တာနဲ့ဆည်းလည်းမှာ လူမှုရေးတွေ မရှိတော့ဘူးပေါ့ မဖြစ်သင့်ဘူးလေ ကိုထိုက်ရဲ့ … ဆည်းလည်းနဲ့ ဦးနယုန်က မိတ်ဆွေတွေပါ … ဒါပေမဲ့ ဒါတွေ ကိုထိုက်ကို ရှင်းပြစရာ မလိုဘူးထင်တယ် … တကယ်တမ်း ရှင်းပြချင်ရင် ကိုစည်းကိုပဲ ရှင်းပြရမှာပေါ့”

“အိုကေ … ဒါဆိုရင် … မင်း ဦးနယုန်နဲ့ စည်းကို မိတ်ဆက်ပေးလိုက်လေ”

“မလိုဘူး ထင်ပါတယ် … ကိုထိုက်ရယ် … ကိုထိုက် စဉ်းစားကြည့်လေ … ကိုစည်းနဲ့ ဆည်းလည်းက တရားဝင် လက်ထပ်ပြီးသား သက်ဆိုင်သူတွေ မဟုတ်ဘူး … အဲဒါကို ဆည်းလည်းက ကိုစည်းကို ဆည်းလည်းသိသမျှ လူတိုင်းနဲ့





လိုက်မိတ်ဆက်ပေးရမှာလား … ဆည်းလည်းက မိန်းကလေးပါ ကိုထိုက်”

ထိုက် ဒေါသတွေ ထွက်နေသည်။ ဆည်းလည်းချိုဆိုသော ရုပ်ကလေးနဲ့ မလိုက်အောင် လည်မွတ်နေသော ဂျင်ပေါက်ထုံးမ။ စည်းအတွက် ရင်နာမိသည်။

“ကောင်းပြီလေ … ဆည်းလည်းချို … အခုဆို စည်းနဲ့ ဦးနယုန်က သူတို့ဘာသာ အပြင်မှာ သိနေကြပြီ … ဒီတော့ ကိုယ်က ဦးနယုန်က ဆည်းလည်းနဲ့ အရမ်းကို ရင်းနှီးတဲ့ မိတ်ဆွေတွေပါလို့ ပြောလိုက်မယ်ဆိုရင် မင်းကို ဘာမှ မထိခိုက်နိုင်ဘူး ထင်တယ်နော် … ”

“ကိုထိုက် စိတ်အခံက ပျက်စီးစေလိုတဲ့စိတ်နဲ့ ပြောတာ မဟုတ်ရင် ပြီးတာပဲ … ”

“တောက် … ”

ဆည်းလည်းနဲ့ တွေ့ပြီးနောက်ပိုင်းလည်း ထိုက် ဒေါသတွေ ထွက်နေသည်။

ဆည်းလည်းက တော်တော်လည်သည်။ တကယ်လို့ သူက စည်းကို ဖွင့်ပြောရင်တောင် သူမ လိပ်ကို ဂျပိုးလုပ်ပြီး သူ့ကို စည်းအထင်လွဲအောင် လုပ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါသတွေ တစ်လုံးတစ်ခဲနှင့် ကိုပ့ါကို ခေါ်မေးသည်။

"ကိုပါ ကျွန်တော့်ကို ဦးနယုန်နဲ့ ဆည်းလည်းရဲ့ ပတ်သက်မှုကို ကိုပါ သိသလောက် ပြောပြစမ်းပါဗျာ ... "

"ကျွန်တော် မပြောပါရစေနဲ့ ကိုထိုက်ရာ ... မသိဘူးလို့ ပြောရင်လည်း လိမ်ရာကျမယ် ... ဒါပေမဲ့ အကုန်လုံးနီးပါးလည်း မသိပါဘူး ... ပြီးတော့ ကျွန်တော့်ကို ရှေ့ရှည်မြဲစေချင်ရင် မမေးပါနဲ့ ကိုထိုက်ရာ ... "

ကိုပါလည်း ... ဆည်းလည်းကို ကြောက်ရပါလား။ ထမင်းကျွေးသော အလုပ်ကို ထိခိုက်မှာစိုးသဖြင့် အမှန်တရားတစ်ခုကိုမျိုချထားပြီပေါ့။ ဒါပေမဲ့ အမှန်တရားဟာ တိမ်မြုပ်ပျောက်ကွယ်တတ်တဲ့ အရာမဟုတ်ဘူးဆိုတာ ဆည်းလည်း တစ်နေ့တော့ ... သဘောပေါက်နိုင်ကောင်းပါရဲ့လေ။

ကိုပါ ပြီးတော့ ငွေပန်းဆီ ထိုက် ရောက်သွားဖြစ်သည်။

"ငွေပန်း မသိဘူးလို့တော့ မငြင်းနဲ့နော် ... ငွေပန်းဟာ ဆည်းလည်းအနားမှာ တကောက်ကောက်ပါရတဲ့သူ"





ငွေပန်းက အဓိပ္ပာယ်ရှိသော အပြုံးတစ်ခုကို နှုတ်ခမ်းပေါ် မဆို့တရို့တင်သည်။

"ငွေပန်း ဘာမှမပြောချင်ပါဘူး ကိုထိုက်ရယ် ... ပြောဖို့အတွက် ကိုယ့်လိပ်ပြာ ကိုယ်မသန့်လို့ပါ ... "

သူငွေပန်းကို နားလည်လိုက်သည်။ ငွေပန်းက စည်းကို သဘောကျနေပြီ။ ထို့ကြောင့်သာ သူမက ဆည်းလည်းကို မခံဝံ့တာ။ ဆည်းလည်းကို ဝေဖန်လိုက်ခြင်းအားဖြင့် ဆည်းလည်းနဲ့ကြားဝင်ပြီး ခလောက်ဆန်သလို ဖြစ်မှာစိုးရိမ်သည်။

ပြီးတော့ သူမ ရင်ထဲမှာ ဆည်းလည်းအပေါ် မနာလိုခြင်း တချို့ ရှိနေသဖြင့် သူမ ပြောသော စကားမှာ မနာလိုခြင်းအရိပ်တွေ လွှမ်းမိုးမှာစိုးသည်။ ထို့ကြောင့် သူမ ရှောင်နေလိုက်ပြီး...

ထိုအတောအတွင်းမှာ စည်းကလည်း ထိုက်နှင့် ငွေပန်းကို လှော်ပေးသည်။

ဒင်နာအတူတူသွားစားတာမျိုး။ ရှိုးပွဲလက်မှတ်ဖြတ်ပြီး အတူတူသွားကြည့်တာမျိုးတွေ လုပ်လာသည်။

ဆိုင်မှာ သွားစားတာပဲဖြစ်ဖြစ်၊ ရှိုးကြည့်တာပဲဖြစ်ဖြစ်။ ဆည်းလည်းပါအပါ လေးယောက်သွားတာမို့ စည်းကလွဲရင် ကျန်သုံးဦးမှာ ခံစားချက်ကိုယ်စီနှင့်။ စည်းကတော့ ဘာမှ မသိရှာ။



www.burmeseclassic.com

www.burmeseclassic.com



အဖြူထည်ဖြစ်သော စည်းက ကျန်တာတွေ စိတ်မဝင်စားနိုင်ဘဲ ထိုက်နှင့် ငွေပန်းကို အောင်သွယ်ဖို့သာ စိတ်အားထက်သန်လျက်…

ဆည်းလည်းကိုလည်း ငွေပန်းကို နားသွင်းပေးဖို့ တိုက်တွန်းနေသေးသည်။ ဒါပေမဲ့ သူ့ချစ်သူ ဆည်းလည်းဟာ သူမ ကိစ္စကလွဲပြီး တခြားအကြောင်းအရာတွေကို စိတ်မဝင်စားတတ်သော အတ္တသမားဆိုတာ သူမသိသေး။

ထိုက်နှင့် ငွေပန်းဆို ပိုတောင် မဖြစ်စေချင်သေး။ ထိုက်က စည်းနဲ့ထပ်တူ ချမ်းသာတာပဲ။ အဲဒီလို ထိုက်နဲ့ ငွေပန်းကို တိုက်တွန်းလိုက်ရင် ငွေပန်းနဲ့ သူမ တန်းတူအဆင့်မျိုးဖြစ်သွားတော့မှာပေါ့။ ဆည်းလည်းဆိုတာ သူများမျက်ခုံးမွေးပေါ်မှာစကြံ့လျှောက်ချင်သူလေ။ ကိုယ်ဖြစ်ဖြစ် မမောင်းနိုင်ရင်တောင် နောက်ကားတွေ ကျော်မတက်နိုင်အောင် လမ်းပိတ်ထားမည့်သူ။

ထိုက်နဲ့ ငွေပန်းကတော့ မြင်းရော ခုံပါမလှုပ်တော့။ ထိုက်ကိုယ်တိုင်က ငွေပန်း ရင်ထဲကို မြင်ပြီးပြီမို့ သူမရဲ့ သံယောဇဉ်တံတိုင်းကို မကျော်လွှားချင်တော့။ ရှိစေတော့ ဟုသာ စိတ်ဒုံးဒုံးချလိုက်သည်။

ငွေပန်းကတော့ စည်းရဲ့ တိုက်တွန်းမှုအတွက် ဝမ်းနည်းရ၏။ ချစ်သူက သူမအား တခြားရင်ခွင်တွင် ပို့ရက်လေခြင်း





ဒီတော့ ထိုက်က စည်းကို ရှင်းပြဖို့ကြိုးစားရတော့သည်။ ငွေပန်းနှင့် သူ့ကို ထပ်ပြီးမပို့ပေးဖို့။ ငွေပန်းမှာ ချစ်သူရှိပြီးသားမို့ သူ့အတွက် ဘယ်လိုမှ နေရာမရှိတော့ကြောင်း ရှင်းပြလိုက်ချိန်မှာတော့ စည်းက အံ့သြခဲ့ရသည်။ မအံ့သြဘဲနေမလား။ ငွေပန်းလို မိန်းကလေးနဲ့ ထိုက်ဆိုတာ ကောင်းကင်နဲ့ မြေကြီးပါ။ တကယ်ဆို ငွေပန်းရဲ့ စိတ်ရင်းလေး ရိုးသားဖြူစင်လို့သာ သူက ထိုက်နဲ့ သူမကို သဘောတူမိတာ။

သူမ ချစ်သူဆိုတာ ထိုက်ထက် ဘယ်လောက်များသာမှာလို့လဲ။ ဒါမှမဟုတ် သူမဟာ နှလုံးသားကို အလိုလိုက်ပြီး ထိုက်ကို ငြင်းလေသလား။ စည်းရင်ထဲမှာ သိချင်စိတ်တွေ တဖွားဖွားပေါ်လာသည်။ ပြီးတော့ စည်း စိတ်ထဲမှာလည်း ငွေပန်းကို ညီမတစ်ယောက်လို သဘောထားမိတာမို့ သူမ ကောင်းစားစေချင်သည်။ ထိုက်နှင့်သာဆိုရင် ငွေပန်း ဘဝ လုံခြုံအေးချမ်းမှာ သေချာသည်။

ငွေပန်းကို စည်းက ဖွင့်မေးတော့ ငွေပန်းက ဝန်ခံသည်။

"ဟုတ်တယ် ကိုစည်း … ငွေပန်းမှာ ချစ်ရတဲ့သူရှိတယ် … ငွေပန်း သူ့ကို သိပ်ချစ်တယ် … ကိုစည်း … ငွေပန်းဦး



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို မျက်ကွယ်ပြုလိုက်ပါရစေ ... ကိုစည်းရယ် ငွေပန်းမှာ ရုပ်ဝတ္ထုမပြည့်စုံ မချမ်းသာခဲ့ပေမယ့် စိတ်ပိုင်း ဆိုင်ရာတော့ ပြည့်စုံချမ်းသာပါရစေ ... ငွေပန်း ချစ်သူ ချစ်နေပါရစေ”

စည်းမျက်နှာကို အားပါးတရ စိုက်ကြည့်ပြီး ဖွင့်ပြော လိုက်၏။

စိတ်ထဲမှာတော့ စည်းကို ကျေးဇူးတောင်တင် သေးရဲ့။ သွယ်ဝိုက်စွာ ဖွင့်ပြောပေးလို့လေ။

“ဒါဆို ကိုယ့်ကို ငွေပန်းချစ်သူနဲ့ မိတ်ဆက်ပေးနိုင်မလား”

“သူက ခုလောလောဆယ် အဝေးမှာရောက်နေလို့ ကိုစည်း အဆင်ပြေတဲ့နေ့ တစ်နေ့ပေါ့”

“အိုကေ ... အိုကေ ... ဘာပဲဖြစ်ဖြစ် ကိုယ်က ညည်းကို ကိုယ့်ဆွေမျိုးသားချင်းလို သံယောဇဉ်ရှိနေလို့ ခုလို ညည်း ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်ရတာပါဟာ ... ဘာပဲ ဖြစ်ဖြစ် ညည်းစိတ်ချမ်းသာဖို့ အရေးကြီးတယ် ... ”

“ကျေးဇူးတင်ပါတယ် ကိုစည်းရယ် ... ”

ကျွန်မလို အမိုက်မက အဲဒီလောက် သံယောဇဉ်က လေးပေးတာကိုတောင် မိုးမြေမက ကျေးဇူးတင်နေတာပါ။





အချစ်ရဲ့ နက်ရှိုင်းသော ဆွဲအားကြောင့်လား။ ကျွန် လေ သူ့ပေါ်မှာ ထားမိတဲ့ သံယောဇဉ်ဟာ လအချိုးကြယ် ဖြစ် ခဲ့ရင်တောင် ကျွန်မက ကျွန်မရမယ့် ကြယ်လေးကို သိပ်တန်ဖိုး ားမယ့် သူပါ။

☘



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ...

အဲဒီနေ့ဟာ ပြဿနာတစ်ခုရဲ့ စနက်တံ စတင် ခတ်တဲ့ နေ့ပေါ့။

ဦးနယုန်နဲ့ ဆည်းလည်းတို့ကို စည်းက တွေ့ ခြင်းပင်။ ဦးနယုန်နဲ့ ဆည်းလည်းတို့ Blazon မှာ Shopping လာတုန်း Blazon လာလေ့မရှိသော စည်းကလည်း အဲဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် Blazon ကွန်ဒိုမှာနေသော အသိတစ်ယော ဆီအလာ တွေ့လိုက်ရတာပင်။

တကယ်တမ်း ... မျက်နှာချင်းဆိုင်တွေ့တော့ အသေဆုံးက ဦးနယုန်။ ဘာမှ မသိထားသလို စတင်နှုတ်ဆက် ရဲ့။





"ဟာ ကိုစည်း Shopping လား"

"အသိဆီလာတာ ဦးနယုန် ... "

"ဩ ... "

"ကိုစည်း"

"ဆည်းလည်းနဲ့ ဦးနယုန်က ဘယ်လိုလုပ်"

"ကိုစည်းနဲ့ ဦးနယုန်က မိတ်ဆွေတွေဆိုတော့ ဆည်းလည်း တကူးတက မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့"

"အိုး ... ကိုစည်းနဲ့ ဒီကလေးမကလည်း သိနေတာကိုး ... အဲဒါကြောင့် ကမ္ဘာကြီးက ကျဉ်းပါတယ်လို့ ... ကဲ ကိုယ်တို့ တစ်ခုခုသွားစားရအောင် ... "

"ကျွန်တော် အလုပ်ရှိသေးလို့ ... ကဲ ဆည်းလည်း ကိုယ်နဲ့ လိုက်ခဲ့ဦး ... ကိစ္စရှိလို့ ... "

စည်း မျက်နှာထားညိုညိုကြည့်ပြီး ဆည်းလည်း ဆာဒကမတက်တော့ဘဲ ပါလာသည်။ ဦးနယုန်ကတော့ ပြုံးပြုံး လေးပဲ ကျန်ခဲ့သည်။

"ဆည်းလည်း ဦးနယုန်နဲ့ ဘယ်တုန်းက စသိတာလဲ ... "

"ကြာပါပြီ ကိုစည်းရဲ့ ဘာလို့လဲ"

"ကိုယ်လည်း မသိရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကိုစည်းကလည်းလေ ... ကိုစည်း အသိတိုင်းကို လည်း ဆည်းလည်း မသိဘူးလေကွယ် ... ဥပမာ ဦးနယုန် နဲ့ ကိုစည်း မိတ်ဆွေတွေဆိုတာကို ဆည်းလည်း ကိုယ်တိုင် လည်း ခုမှ သိတာပဲလေ ..."

"ဒါပေမဲ့ ဘာလို့မှန်းမသိဘူး ... ကိုယ့်တစ်ခုခု စိုးရိမ်နေရ သလို ခံစားရတယ် ..."

"ကိုစည်း ပြောတဲ့စကားက ဆည်းလည်း သိက္ခာကို ထိပါး နေပြီ ..."

"ဟာ ဆောရီး ... ကိုယ့်ဘက်က သဝန်တိုမိလို့ပါကွာ ... ဆည်းလည်းကို ဆုံးရှုံးရမှာစိုးလို့ပါ ... ကိုယ်က ဆည်းလည်း ကို အရမ်းချစ်တာလေ ... ဆည်းလည်းနဲ့သာ ခွဲခွာရရင် ကိုယ်ရူးမှာနော် ..."

"ကိုစည်းကိုလည်း ဆည်းလည်းက သိပ်ချစ်တာပါပဲနော်"

ဆည်းလည်းရဲ့ မေးဖျားလေး သူ့ပခုံးပေါ် ရောက် လာသည်။ နှာခေါင်းချွန်မြမြက သူ့နားရွက်ဖျားကို မထိတထိ။ ဆည်း လည်း အသံချိုချိုက နားစည်ကို ဖြတ်ပြီး ရင်ဘတ်ကိုလာထိသည်။

မိန်းမတစ်ယောက်ရဲ့ မာယာဖုံးပြီး သူ စုံလုံးကန်းရ ပြန်၏။ ထိုနေ့က ဆည်းလည်း တစ်နေကုန် သူနဲ့အတူရှိနေပြီး





နေဘက်မှာတော့ ဦးနယုန်ဆီ ဖုန်းဆက်ရသည်။

"ဆည်းလည်းလေး တစ်ခုခုကို ဆုံးဖြတ်တော့ကွာ ... ကိုယ့် မှာ ဆည်းလည်းကို ပိုင်ဆိုင်ချင်တဲ့စိတ်နဲ့ အလုပ်တောင် ဖြောင့်အောင်မလုပ်နိုင်ဘူး ... ဒီနေ့လည်း ကိုယ်ချစ်တဲ့ ကောင်မလေးကို ကိုယ့်ရှေ့မှာ တခြားတစ်ယောက်က ဆွဲ ခေါ်သွားပြန်တယ် ... ကိုယ် ဘယ်နှလုံးသားနဲ့ပြုံးရမလဲ... ကိုယ့်ကို မချစ်ရင်နေပါ ... ဒါပေမဲ့ ကိုယ့်ဘေးမှာ တစ်သက် လုံး ရှိနေပေးပါ ဆည်းလည်းရယ် ... နော်"

ဆည်းလည်း တစ်ခုခုဆုံးဖြတ်ရမည်တဲ့လား။ ကို ည်းနဲ့ ဦးနယုန်ကို ယှဉ်ရွေးရလျှင် ကိုစည်းဟာ ငွေကြေးအတိုင်း တာအရ ဦးနယုန်၏ အကိုင်းအဖျားသာသာ။ ပြီးတော့ ဦးနယုန် သူမကို လက်ထပ်ခွင့်တောင်းနေပေမယ့် ကိုစည်းကတော့ ထို က်ထပ်ခွင့်ဆိုသော ခေါင်းစဉ်ကို မေ့နေသလား မသိ။

ကိုစည်းရော ဦးနယုန်ပါ သူမကို ချစ်သူများဖြစ်ကြ ည်။ ဒါပေမဲ့ ကိုစည်းနဲ့ ဆိုရင် ဆည်းလည်းက ရှေ့သွားနောက် က် ညီသေးသည်။ ဦးနယုန်နဲ့တော့ အသက်ကွာသည်။

တစ်ခုလိုချင် တစ်ခုပေးဆပ်ရမည်။

သူမနဲ့ ဦးနယုန်ကြားက အသက်ကွာဟမှုကို ဦးန



www.burmeseclassic.com

www.burmeseclassic.com



ယုန်၏ စိန်ပုံကြီးဖြင့် ဖုံးအုပ်ပစ်လိုက်မည်။

ဘုရားရေ၊ သူမ ... စိတ်တွေက ဦးနယုန်ဘက်ကို အလေးသာတာပါလား။

ဦးနယုန်နဲ့ စည်းမှာ ဦးနယုန်ဟာ သူမ ဘာလုပ်လုပ် အပြုံးမပျက် မငြူစူရက်ခဲ့သူ။ ကိုစည်းကတော့ တစ်ခုခုဆို သူမကို စိတ်သိပ်မရှည်။ အချိန်မပေးတတ်ပါ။

သူမမှာ အကြောင်းကိစ္စ တစ်ခုခုရှိရင် ငွေပန်းတို့ ကိုပါတို့လို သူ့ဝန်ထမ်းတွေနဲ့သာ လွှတ်ပြီး ဖြေရှင်းတတ်သည်။ သူမသာ သူနဲ့ ဂုဏ်ဒြပ်တူဆိုရင် သူ အဲလို ဆက်ဆံပါ့မလား။ တွေးလေ တွေးလေ ဦးနယုန်ဘက်မှာ အမှတ်တွေ ပိုများလာလေဖြစ်နေပြီ။

ပြီးတော့ ကိုစည်း ကိုယ်တိုင် သူမကို နေရာမပေးသောအခါ ကိုစည်းရဲ့ ပတ်ဝန်းကျင်ဖြစ်သော ကိုထိုက်တို့ ငွေပန်းနဲ့ ကိုပါတို့ကပါ သူမကို မလေးခန့်ချင်။ ကိုပါလို ဒရိုင်ဘာကအစ သူမအပေါ် သိပ်မနှစ်မြို့တာ။

ဒါတွေဟာ ကိုစည်း သူမကို နေရာမပေးလို့ ဖြစ်ရတာပေါ့။ ဦးနယုန်နဲ့က ထိုသို့မဟုတ်။ တစ်ခါ ဦးနယုန်၏ စိန်တိုက်ကို လိုက်သွားတုန်းက သူမကို မင်းသမီးလေးတစ်ပါးလို ဝိုင်းဂရုစိုက်ကြ၏။ လုပ်ငန်း၏ သူဌေးကတော်အဖြစ် ရှိသေကြသည်။





ကိုစည်း ရုံးခန်းကိုသွားရင် ကိုစည်းနဲ့တွေ့ခွင့်ရဖို့ ...င်စောင့်ရသေးသည်။

ကွာဟချက်တွေက တဖြည်းဖြည်းတွေး တရေးရေး ...ါဆိုသလို ဖြစ်နေသည်။

ကိုစည်း ပေးထားသော ဖုန်းလေးကို ကောက်ကိုင် ...ိုက်သည်။

"ဟဲလို ... ဦးလား"

အဲဒီလိုနဲ့ပဲ။

ထိုနေ့က စည်းက သူမဆီ ဖုန်းခေါ်ပါသေးသည်။ ...ိုသော် ဖုန်းက တစ်ချိန်လုံး မအားပါ။

စည်းရဲ့ အာရုံမှာ ဦးနယုန်နဲ့ တွဲတွေ့ရသော ဆည်း...ိုပ်တွေက တလွင့်လွင့်တဝဲဝဲ။

အချစ်ဆိုတာ တစ်ခါတလေ တွေဝေမှုန်းဆခက် ...ာတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကစပြီး ဆည်းလည်းနဲ့ ဦးနယုန်ကိုတစ်တွဲတွဲ မကြာခဏ တွေ့ရတတ်သည်။

စည်းက မေးလေတိုင်း ဆည်းလည်းမှာ အကြောင်းပြစရာ တစ်ပုံတစ်ပင်။

တစ်ရက်တော့ ဆည်းလည်းကို သူ့ချစ်သူအဖြစ် ဦးနယုန်နဲ့ မိတ်ဆက်ပေးလိုက်သည်။

သူနှင့် ဆည်းလည်း Coffee Circle မှာ ထိုင်နေတုန်း သူက ဦးနယုန်ကို ဖုန်းလှမ်းဆက်ပြီး ခေါ်လိုက်ခြင်းပင်။ ထိုနေ့က တနင်္ဂနွေနေ့မို့ ဦးနယုန်လည်း နည်းနည်းအားနေသည်။ သူခေါ်တာနဲ့ ချက်ချင်းရောက်လာခဲ့သည်။

"ဩ ... နှစ်ယောက်ဆုံနေတာကိုး ..."





သူနဲ့ ဆည်းလည်း ယှဉ်တွေ့ရခြင်းကို ထိုမျှသာ သပြ၏။

"ဒီလို ဆန်းဒေးတော့ ... ချစ်သူဘေးမှာ သာယာချင်သေးတယ်ဗျာ ... ဦးနှောက်ကို အနားပေးပြီး နှလုံးသားကို ... အလုပ်ခိုင်းထားတာ ..."

"ဟား ဟား ... ဟုတ်ပါပြီကွာ"

စည်းက ဆည်းလည်း ပခုံးကို ခပ်ဖွဖွဖက်ပြီး ...

"ကုန်တဲ့ရက်တွေ အလုပ်လုပ်နေရတာလည်း သူ့အတွက် ပါပဲဗျာ ..."

"ဟုတ်တာပေါ့ ..."

ဆည်းလည်းကတော့ ယောကျ်ားသားနှစ်ဦးကြားရောက်ကာ သူ့လက်တွေကို ဖယ်ထုတ်နေသည်။

စည်းကလည်း လွှတ်မပေး။ သူတို့နှစ်ယောက်ရဲ့ စစ်အေးတိုက်ပွဲကို ဦးနယုန်က မသိချင်ယောင်ဆောင်နေခဲ့သည်။

ထိုနောက်ပိုင်းမှာလည်း ဆည်းလည်းနဲ့ ဦးနယုန်တို့ တွဲမပျက်ခဲ့။

စည်းရဲ့ မျက်နှာဟာလုံးဝမရွှင်ဘဲ မှုန်မှိုင်းနေခဲ့သည်။ ကြားထဲက မနေတတ်သူ ငွေပန်းဖြူ ...



www.burmeseclassic.com

www.burmeseclassic.com



စည်း မျက်နှာကိုကြည့်ပြီး စည်း မျက်နှာမသာလျှင် သူပါ ငိုချင်ချင်။

ဒီနေ့လည်း စည်းဟာ ဦးနယုန်ကို အပြင်မှာတွေ့ သဖြင့် သူ့ဘာသာ ဒေါသထွက်လာပုံရသည်။ ဖြစ်ချင်တော့ သူခိုင်း ထားသည့် ကိစ္စတစ်ခုကို မလုပ်ရသေးသဖြင့် ငွေပန်းကို ဆူပူသောင်း ကျန်းနေသည်။ ဒါပေမဲ့ ငွေပန်းကတော့ ခွင့်လွှတ်ပြီးသားပါ။ သူခိုင်း သည့် ကိစ္စက အလျှင်မလိုသေးဘူးဆို၍ ချက်ချင်းမလုပ်ပေးမိတာ သူ လိုချင်သည်ဆိုတော့လည်း အပြစ်မမြင်ဘဲ လုပ်ပေးလိုက်သည်

ညနေဘက်ကျတော့ ... ငွေပန်းက ပြန်ရန်ပြင်နေ တုန်း ...

"ငွေပန်း ကိုယ်နဲ့ခဏလိုက်ခဲ့ဦး ... "

သီးသန့် ခန်းတွေဖြင့် ဖွဲ့စည်းထားသော ကော် ဆိုင်လေးကို သူမကို ခေါ်သွားသည်။

"ငွေပန်း နေ့လယ်က ကိစ္စအတွက် ဆောရီး"

"ဟာ ရပါတယ် ... ကိုစည်းရဲ့ စိတ်ထဲမထားပါနဲ့ ဘာမှ မဟုတ်တာလေးကို ... "

"ကိုယ်က မင်းကို သဘောထားမကြီးတာ ရှက်မိပါတယ် ငွေပန်းရယ် ... ကိုယ့်ရင်တွေ ထူပူနေလို့ပါ ... ဆည်းလည်





အတွက် ကိုယ်ပူပန်နေရတယ် ငွေပန်း ... ငွေပန်းရော ဆည်း လည်း လူတစ်ယောက်နဲ့တွဲနေတာ ... သိလား"

"ဟင့်အင်း ငွေပန်း မသိဘူး ... "

"သူငယ်ချင်းဘက်ကို ကာကွယ်နေတာလား ... ငွေပန်း"

"ငွေပန်း ... ငွေပန်း တကယ်မသိတာပါ ကိုစည်း"

ချစ်သူရယ်။ ငွေပန်းက ဆည်းလည်းကို ကာကွယ် တာမဟုတ်ရပါဘူးကွယ်။ ချစ်သူရဲ့ ရင်ဘတ်ကို ကာကွယ်ရတာပါ ဆည်းလည်းကို စွန့်လွှတ်ရမှာ စိုးရိမ်နေတဲ့ ချစ်သူရင်ထဲက အချစ်ကို သောကငြိမ်းအောင် ကာကွယ်လိုက်တာပါ။

"ကိုယ် ဆည်းလည်း မိဘတွေဆီ သွားတောင်းရမ်းဖို့ ဆုံး ဖြတ်လိုက်ပြီ ငွေပန်း ... "

"ဟိုလေ ကိုစည်း ဆည်းလည်းကို အရင်ပြောပြီးမှ သွား တောင်းပါလား"

"ဘာလို့လဲ ငွေပန်း ... မင်းလည်း ဆည်းလည်းအကြောင်း သိထားလို့ တားနေတာမို့လား ... "

"မဟုတ်ရပါဘူး ... ငွေပန်း တကယ်မသိတာပါ ... ကိုစည်းရဲ့ ဒါပေမဲ့ ... ကိုစည်းပဲ ဆည်းလည်း လူတစ်ယောက်နဲ့ တွဲနေ တယ်လို့ ပြောနေတယ်လေ ... ဒါဆိုရင် ဆည်းလည်းကို



www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘတွေဆီမှာ သွားတောင်းဖို့အတွက် ကြိုတိုင်ပင်
မှာလေ ... မတိုင်ပင်ဘဲ သွားတောင်းပြီး ဟိုကျမှ ပြဿ
တစ်ခုခုဖြစ်မှာစိုးလို့ပါ ... ငွေပန်းက စေတနာနဲ့ ပြော
ပါ”

“ဘာလဲ ဆည်းလည်းက ကိုယ့်ကို မယူဘူးတဲ့လား”

“ငွေပန်း မသိဘူး ... ”

“ဦးနယုန်လို စိန်တိုက်ပိုင်ရှင် တစ်ယောက်က ကိုယ့်ထ
သာနေတော့လည်း သူ တွေဝေရှာမှာပေါ့ ... ကိုယ် ... သူ
ဆွေးနွေးမှုဖြစ်မယ် ... ”

ထို့နောက် ဆည်းလည်းကို ဖုန်းဆက်ပြီး ချိန်းလို
သည်။

“ဒီညနေ ဆည်းလည်း ကိစ္စရှိလို့ နောက်မှပဲ တွေ့ရအော
ကိုစည်း ... ”

“ဆည်းလည်း ကိစ္စ အရေးမကြီးရင် ဖျက်ပေးပါလား
ကိုယ် ... ”

“ဟာ ... အရေးကြီးတယ် ကိုစည်းရဲ့ ... နောက်ရက်မှတွေ့
မယ်ကွာ”

သူ့စကား မဆုံးခင် ဖြတ်ပြောလိုက်သဖြင့် သူ ဘာမ





ဒက မတတ်သာတော့ဘဲ ခေါင်းညိတ်လိုက်ရသည်။

“အိုကေလေ ... ဒါဆို မနက်ဖြန်တော့ ကိုယ့်ကို အချိန်ပေး”

“အင်းပါ”

သူမရဲ့ လက်ခံခြင်းက ပြီးပြီရော လေသံပေါက်နေ
သော်လည်း မတတ်နိုင်တော့။ လိုက်လျောရုံမှတစ်ပါး အခြားမရှိ
လေ။

သို့သော် ...

ထိုနေ့ညက ဆည်းလည်းကို သွားရောက်တောင်း
း‌မည့်အကြောင်း ရင်ဖွင့်ရ၏။ ထိုက်ကို သူ Coffee Circle ကို ပင့်
ရသည်။ သို့သော် သူပဲ နေရာမှားရောက်ခဲ့လေသလား မသိ။

ထို Coffee Circle တွင် ဆည်းလည်းနှင့် ဦးနယုန်တို့
ခေါင်းချင်းဆိုင် အပြုံးချင်းဖလှယ်နေကြလေရဲ့။

ရင်ဝကို ခွေ့ာင့်ထိုးသော မီးတစ်စရဲ့ ထိပ်ဖျားမှာ
ချွန်အချောင်းတစ်ရာပါသလို ပူလောင်စူးရှစွာ နာကျင်ခဲ့ရသည်။

ဦးနယုန်ကတော့ ထုံးစံအတိုင်း ဣန္ဒြေမပျက်ခဲ့။

ဆည်းလည်းကတော့ အပြစ်ရှိသူပီပီ မျက်လုံးအဝိုင်း
ားဖြင့် ...

☘



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ကို တရားသိပ်လွန်နေပြီ ... ဆည်းလည်း သိက္ခာကို စော်ကားလွန်းနေပြီ"

"ဘာလဲ ကိုယ် လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ ကိုယ့်ချ ကိုယ့်သတို့သမီးလောင်းက တခြားတစ်ယောက်နဲ့ လာပျော်မြူးနေတာကို တားမြစ်တာ စော်ကားတာ

"လူမှုရေးအရ မသွားရဘူးလား ..."

"ဟာ ... သူစိမ်းပေါ်မှာတောင် လူမှုရေးသိတတ်ရင် ချစ်သူအပေါ် ပိုပြီး မသိတတ်သင့်ဘူးလား ... သူစိမ်း ငါ့ထက် ပိုအရေးကြီးနေတာက ဘာသဘောလဲ"

"ထင်ချင်သလို ထင်နိုင်တယ် ... ဒီမှာ ကိုစည်း ... ဆ လည်းနဲ့ ကိုစည်းက ချစ်သူတွေအဆင့်ပဲရှိသေးတယ်





ကိုစည်း ဆည်းလည်းကို မပိုင်ဘူး ... ဒီအချိန်မှာ ဆည်းလည်းကိုယ်ဆည်းလည်း ပိုင်တယ် ... ကြိုက်သလိုဆုံးဖြတ်ခွင့်ရှိတယ်"

"ငါက မင်းချစ်သူလေ ..."

"ချစ်သူဆိုတာ ဘဝကြင်ဖော်ရွေးတဲ့ လက်တွဲဖော်ရွေးတဲ့ Method တစ်ခုပါ ကိုစည်းရယ် ... ချစ်သူဆိုတဲ့ ပတ်သက်မှုကလည်း ဆည်းလည်း အတွက်တော့ သိပ်ပြီးကြီးကျယ်မနေပါဘူး"

"ဘာ ... မင်း ဘာပြောလိုက်တယ် ... မင်းနော် ... မင်း ငါချစ်လွန်းလို့ သည်းခံနေတယ် မှတ်ပါ"

"အဟင်း ရပါတယ် ... ကိုစည်း သည်းမခံပါနဲ့ ... မျှိုသိပ်မထားပါနဲ့ ကိုယ်ကိုယ်ကိုယ် စိတ်ဒုက္ခမပေးပါနဲ့ ... တစ်ဆက်တည်း ဆက်ပြောလိုက်ဦးမယ် ... ကိုစည်း ဆည်းလည်းကို မေ့လိုက်တော့ ..."

"ဘာ ... ဘာပြောတယ်"

"ဟုတ်တယ် ကိုစည်း ... ဆည်းလည်းချို့ဆိုတဲ့ မိန်းမနဲ့ မပတ်သက်ဖူးခဲ့ဘူးလို့ သဘောထားလိုက်တော့ ..."

"ဒါက ဘာသဘောလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါတယ် ကိုစည်း ... လမ်းခွဲတဲ့သဘောပေါ့"

လမ်းခွဲတယ်ဆိုတာ ဦးတည်ချက်မရှိတဲ့ သူ့အတွက် ရပ်ကျန်ခဲ့ဖို့ပြတဲ့ မီးနီပေါ့။

လမ်းခွဲမရှိတဲ့လမ်းပေါ်မှာ လမ်းခွဲမယ်ဆိုတော့ ငါက မင်းဆက်သွားဖို့ မင်းရဲ့နံဘေးကနေ လမ်းဘေးကိုဆင်းပေးလိုက်ရတဲ့ သဘောပဲပေါ့။

ဘုရားပြီး ငြမ်းဖျက်ဆိုသလို မနိုင်းချင်ပါဘူး။ ဒါပေမဲ့ ငါဟာ အလွှင့်ပစ်ခံရတဲ့ တောင်ဝှေးတစ်ချောင်းပါ။ ဆည်းလည်း ရယ်။ မင်းဉာဏ်ကောင်းလွန်းခဲ့တယ်။

မင်းလိုချင်တဲ့ ခရီးကို ရောက်ဖို့ တောင်ဝှေး တစ် ချောင်းလို ပို့ခဲ့ပေမယ့် ရည်ရွယ်ချက်တွေပြည့်ခဲ့တဲ့ မင်းက တောင် ဝှေးကို ကန်ထုတ်ခဲ့ပြီ။ တုံးပမာ ခုတုံးလုပ်ပြီး နင်းချေသွားရက်ခဲ့ ပြီ။

စည်းရဲ့ ပါးစပ်က ဘာတစ်ခွန်းမှ ထွက်မလာပေ မယ့် စည်းမျက်ဝန်းအကြည့်တွေမှာ စကားတွေအများကြီးပျော်ဝင် နေခဲ့ပြီး အဓိပ္ပာယ်တွေ အများကြီး သက်ရောက်နေခဲ့ပြီ။ သူ အနေ ဆည်းလည်းရဲ့ စိတ်သဘောကို ရိပ်စားခဲ့ပြီ။

တကယ်တော့ ဆည်းလည်း သူ့ကို မချစ်ခဲ့ဘဲ သူ့ရဲ့





ပိုင်ဆိုင်မှုတွေကို ချစ်ခဲ့တာသက်သက်ရယ်လေ။

သူမ ဦးနယုန်ကို ရွေးခဲ့မယ်ဆိုရင်လည်း ထိုရွေးချယ် မှုဟာ ဦးနယုန်ကို မဟုတ်ဘဲ ဦးနယုန်၏ စိန်တိုက်ကိုသာဖြစ်လိမ့် မည်။

"ကိုယ် တောင်းပန်လို့ မရတော့ဘူးလား ..."

"ဆည်းလည်း ဆုံးဖြတ်ပြီးပြီ ... ဆည်းလည်း နေရာမှာ ... တခြား မိန်းကလေးတစ်ယောက်ဆိုရင်လည်း ဒီလိုပဲ ဆုံး ဖြတ်မယ်ထင်တယ် ..."

"မဟုတ်ဘူး ... မင်းမို့လို့ ဒီလိုဆုံးဖြတ်တာ ... ထားပါတော့ ဒါက ငါ့ရဲ့ဝဋ်ကြွေးပေါ့ ... အိုကေ ဆည်းလည်းချို ... မင်း ကံကောင်းပါစေ ..."

ချာခနဲ လှည့်အထွက် သူမ ခြေရင်းမှာ သူ့ရင်ဘတ် တစ်ခုလုံး ပြုတ်ကျကျန်ခဲ့သည်။

ထိုက်ဆီ ဘယ်လိုရောက်လာမှန်းမသိ။ အရက်တွေ ဘယ်လောက်မူးသွားမှန်းမသိ။ သူ မသတိမရချင်သော အရာတွေ ကို ခေတ္တဖြစ်ဖြစ် မေ့ချင်ယောင်ဆောင်ပစ်လိုက်သည်။

"ငါ သိသားပဲ စည်းရာ ... မင်းကို မပြောရက်ခဲ့လို့ ... ငါ့နည်း ငါ့ဟန်နဲ့ တားကြည့်သေးတာ ... မရခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က စိတ်မကောင်းဖြစ်သော်လည်း တစ်ဘက်မှာတော့ ဆည်းလည်းလို မိန်းမမျိုးနှင့် လွဲခဲ့ရသည့်အတွက် ဝမ်းသာမိသေးသည်။

ဒါဟာ တစ်သက်တာ ကံကောင်းဖို့ ခဏတာဖေး ဆပ်ရခြင်းပဲလို့ မြင်ယောင်မိသည်။

ဆည်းလည်းကိုယူလို့ အချစ်နဲ့ အကြင်နာမရှိတဲ့ သူနဲ့ တစ်သက်လုံး အတူနေရတဲ့ ဒုက္ခကို ခံစားရမှာထက်စာလျှင် ဖေးတာက ပိုကောင်း၏။

တစ်ခါတရံ အဖြစ်အပျက်များသည် အဖြစ်အပျက်ဟူသော စကားအတိုင်း အကောင်းနဲ့အဆိုး ဒွန်တွဲနေတတ်သည်။

နည်းနည်းဆိုးတာနဲ့ များများဆိုးတာ၊ နည်းနည်းကောင်းတာနဲ့ များများကောင်းတာပဲ ကွာသည်။





"ဦး ... ဆည်းလည်းနဲ့ ကိုစည်း လမ်းခွဲလိုက်ပြီ"

"တကယ်လား ... ဘေဘီ"

"တကယ်ပေါ့ဦး ... ဒါ ဦးအတွက် ဆည်းလည်းရဲ့ အဖြေပါဦး"

"အိုကေ ... ကိုယ်သဘောပေါက်သွားပြီ"

စည်းမှာတော့ ရင်ကွဲရသည်။

ထိုအတောအတွင်း ဖေဖေက စည်းကို အိမ်ထောင်ပြုဖို့ တိုက်တွန်းလာသည်။

"သားကို အိမ်ထောင်ပြုစေချင်ပြီ ... မပြုချင်သေးဘူးဆိုရင်လည်း ရည်ရွယ်သူတော့ ရှိစေချင်ပြီ ... ဒါမှ လေ့လာဖို့ အချိန်ရမှာ ... "



www.burmeseclassic.com

www.burmeseclassic.com



"သားမှာ ရည်းစားမရှိဘူး ဖေဖေ"

"ဒါဆို ဖေဖေတို့ စီစဉ်ပေးရလိမ့်မယ် သား ... ဖေဖေ့ သူငယ်ချင်းရဲ့ သမီးတစ်ယောက်ရှိတယ် ... ကလေးမလေးက အမေရိကားမှာ Business Management နဲ့ ကျောင်းပြီးလာတယ် ... လက်ရှိ ဘန်ကောက်မှာ ကုမ္ပဏီထောင်ထားတယ် ... "

သူ ဖေဖေ့စကားကို ဘာတုံ့ပြန်မှုမှ မပေးမိ။

"ဒီမှာ သူ့ဓာတ်ပုံ ... သား လေ့လာကြည့်ပါဦး ... ဒီတစ်ပတ် သားအားတဲ့ရက် သူတို့ မိသားစုကို ထမင်းစားဖိတ်လိုက်မယ် ... "

ဓာတ်ပုံထဲမှာ ရည်မွန်အဆင့်အတန်းမြင့်မြင့်ပုံစံ မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။ ဆည်းလည်းတို့နှင့် ရွယ်တူခန့်ရှိနိုင်သော ထိုအမျိုးသမီးလေး၏ မျက်လုံးတွေကတော့ ထက်မြက်စူးရှမည့်ပုံစံမျိုး ပေါက်နေသည်။

"ဆိတ်ဆိတ်နေတာကို လက်ခံတယ်လို့ ယူဆလိုက်ရမလား သား ... "

"ဖေဖေ့ သဘောပါ ... ဖေဖေ ကြိုက်သလိုစီစဉ်ပါ"

"ကျေးဇူးတင်တယ် သား"





ထို့နောက်မှာ ထိုမိန်းကလေးနှင့် သူမရဲ့ မိဘနှစ်ပါးကို ထမင်းစား ဖိတ်ဖြစ်သည်။

"မြူစတေး"ဟူသော နာမည်ခပ်ဆန်းဆန်းနဲ့ မိန်းကလေးဟာ လိုတာထက်ပိုပြီး ထက်မြက်လွန်းပုံရတာကလွဲရင် ... ဘယ်ဘက်ကမှပြောစရာမရှိသော မိန်းကလေးတစ်ယောက်ပင်။

"စစ ကနေတော့ ကိုစည်းကို သဘောကျပါတယ် ...နားလည်မှုတွေ အပြန်အလှန်ပေးပြီး သာယာတဲ့ အိမ်ထောင်တစ်ခု တည်ဆောက်ခွင့် ရလိမ့်မယ်လို့ ယုံကြည်တယ်"

စကားကို လှပစွာ သိမ်းသွင်း ချည်နှောင်သွားခဲ့သည်။

စည်း ကိုယ်တိုင်လည်း ခေါင်းညိတ်ပစ်လိုက်သည်။

"ကိုယ် မင်္ဂလာပွဲကို ... အမြန်ဆုံး စီစဉ်လိုက်တော့မယ်နော်"

"ကိုစည်း ... သဘောပါ ... "

ဤသို့ဖြင့် ပညာတတ်လွန်းသော မိန်းမနှင့်အသည်းကွဲနေသော စည်းတို့ အချစ်ဆိုတဲ့ ခေါင်းစဉ်ကို လုံးဝမတို့ထိဘဲ နားလည်မှုကို လက်ကိုင်ထားပြီး လက်ထပ်ဖို့စီစဉ်ကြသည်။

ထိုအရာတွေကို ငွေပန်း မသိခဲ့။ ထိုက်က သိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ငွေပန်းကို ဖွင့်မပြောရက်ခဲ့သူပါ။

တစ်ရက် ဖိတ်စာဒီဇိုင်းသွားရွေးဖို့အတွက် စည်းဘ မြူတေးကို သူမအိမ်မှာ သွားခေါ်တော့ ...

"ဟင် ..."

ဦးနယုန်ပါလား။ မြူစတေးရဲ့ ပခုံးကိုဖက်ပြီး ဘာ တွေပြောနေမှန်းမသိ။ မြူစတေးကလည်း ဦးနယုန်ခါးကို ပြန်ဖက် ထား၏။

ဘာတွေလဲကွာ။ ကိုယ်နဲ့ပတ်သက်တဲ့ မိန်းကလေး တိုင်းကို လိုက်ပတ်သက်နေတာ ဘာသဘောလဲ။

"ဟော ကိုစည်း လာလေ ..."

မြူစတေးက သူ့ကို အရင်တွေ့သွားခဲ့သည်။ ဦးန ယုန်ကတော့ သူ့စတိုင်လ် မပျက်ပါ။ သူ့ကို တွေ့ရလို့လည်း ဘာမှ ထူးဆန်းသွားပုံမရ။ ဘာလဲကွာ။

"ကိုကြီးနဲ့ ကိုစည်းနဲ့ တစ်ခါမှ မဆုံဖူးသေးဘူးနော် ... ကို ကြီး ... ဒါ စစနဲ့ လက်ထပ်မယ့် ကိုစည်းလေ"

"ကိုကြီးနဲ့ ကိုစည်းက မိတ်ဆွေတွေ စစကလေးရဲ့"

"ကိုစည်း ဒါ စစ ကိုကြီးလေ ..."

မြူစတေးမှာ အစ်ကိုတစ်ယောက်ရှိမှန်း သိပါတယ်





နယုန် ဖြစ်လိမ့်မည်လို့တော့ ဘယ်ထင်မှာလဲ။

"ဟိတ် ကိုစည်း ... အံ့သြနေလို့လား ... ကိုယ်ကတော့ ကိုယ်တို့ရဲ့ ပတ်သက်လာမှုအတွက် ဝမ်းသာတယ်ကွာ"

ဦးနယုန်က လှမ်းလာသော လက်ကို သူဥပေက္ခာပြု တ်ချင်သည်။ သို့သော် တစ်ဘက်မှာ သူ့သတို့သမီးက ကြည့်နေ ၏။ စီစဉ်ထားပြီးသော မင်္ဂလာပွဲကို ပြန်ဖျက်ပစ်ချင်စိတ်တောင် ပေါက်လာသည်။

သို့သော် မြူစတေးလိုမိန်းမကို သူ မစွန့်လွှတ်ချင်ပါ။ ချစ်ကြောင့် မဟုတ်ပေမယ့် မြူစတေးက စိတ်သဘောထားပြည့် လိမ့်မည်ဟု အလိုလိုယုံကြည်ကာ သူမကို လက်ထပ်ချင်ပါသည်။ ကြောင့် ... ဦးနယုန် ကမ်းသော လက်ကို လက်ခံလိုက်သည်။

"စိတ်ချပါ ကိုစည်း ... ကိုယ့်ညီမလေးနဲ့ ကိုယ့်ညီရဲ့ အိမ် ထောင်ရေးက အရမ်းသာယာစေမယ် ... ကိုကို ရဲရဲအာမခံ တယ်"

"ကျေးဇူးတင်ပါတယ် ဦးနယုန်"

ဖိတ်စာဒီဇိုင်းကိုလည်း မြူစတေး စိတ်တိုင်းကျသာ ရွေးချယ်လိုက်သည်။

အရာရာ မြူစတေး အလိုကျပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစည်း စစတို့ မင်္ဂလာပွဲမှာ နှံသာရောင်ဝတ်မယ်နော်"

"ကိုစည်း မင်္ဂလာပွဲလာတဲ့ သူတွေကို ဖရောင်းတိုင်လှ

လေးတွေ ပြန်ကမ်းမယ်နော်"

"ကိုစည်း ... ဒင်နာကိုတော့ Pool Side တစ်ခုခုမှာ လုပ်မယ်

နော် ... ဒင်နာကို Ball Room ထဲမှာလုပ်ရင် မွန်းကျပ်သလို

ပဲ ... "

သူစာတော့ ခေါင်းညိတ်သူ သက်သက်ပါ။ သတို့

သမီးဖြစ်ချင်တာတွေကလည်း ဖြစ်သင့်တာတွေ မဟုတ်ပါလား။

ထိုက်က သူ့ကို ဘာမှမဝေဖန်ပါ။

"အန်ကယ့်မှာ ချွေးမလောင်းအဆင်သင့်ရှိတာ မင်းသိပြီး

သားလား ... "

"မသိပါဘူးကွာ ... ဒယ်ဒီ ပြောပြောတဲ့ အချိန်မှာ ငါကလည်း

ဆည်းလည်းနဲ့ ပြတ်သွားတယ် ... ပြီးတော့ မြူစတေးက

လည်း အဘက်ဘက်က ပြည့်စုံတဲ့ မိန်းမတစ်ယောက်ဖြစ်

နေတယ် ... ဒါပဲ"

"ဒါဆို မင်း သူ့ကို မချစ်ဘူးလား ... "

"ငါချစ်တာ ဆည်းလည်းလေ ... ငါ ဆည်းလည်းကို မချစ်လို့

စွန့်လွှတ်တာ မဟုတ်ဘူး ... အသည်းကွဲခဲ့ပြီး စွန့်လွှတ်လိုက်





တာ ... တကယ်ပါ ... ငါ ဆည်းလည်း တစ်ယောက်ကိုပဲ

တစ်သက်လုံး ချစ်သွားမှာပါကွာ ... "

"ဩော် ... စည်းရာ ... "

တကယ်တမ်း မင်းက မင်းဘေးနားက နှင်းဆီပန်း

သားရဲ့ ရင်ထဲကို နည်းနည်းလေးမှတောင် မမြင်ခဲ့တာပါကွာ။

ခရေပွင့်ကို ကောက်ယူလို့မဖြစ်တဲ့အခါ မင်းမှာ

နှမ်းစရာ သစင်ခက်ကာ အဆင်သင့်ဖြစ်နေပြီကိုး ...

တကယ်လို့ ဒီအခြေအနေမှာ မြူစတေး ဆိုသော

သစင်ခက် မလာခဲ့ဖူးဆိုရင် မင်းဟာ ငွေပန်းရဲ့ သံယောဇဉ် တစ်ခင်း

တစ်ကျင်းကို ရိပ်မိချင် ရိပ်မိမှာ။ ခုတော့ ...

ငွေပန်း မျက်နှာလေးဟာ ပြိုတော့မည့် မိုးပမာ မှုန်

မှိုင်းနေ၏။ ပွဲလန့်တုန်း ဖျာမခင်းတတ်ပေမယ့် ဆည်းလည်းနဲ့ ပြတ်

သွားလို့ တိတ်တဆိတ် ပျော်ရွှင်ခဲ့ရသူက စည်းပါ။

တစ်နေ့နေ့တော့ ငွေပန်းကို ချစ်လာမှာပဲဆိုတဲ့

မျှော်လင့်ချက်နဲ့ ချစ်လာအောင်ကြိုးစားပြီး မြောင်းဖောက်ဖို့ စိတ်

ကူးနေဆဲ ကြားဖြတ်ချောင်းတစ်ခုက ဖြတ်သန်းစီးဆင်းသွားခဲ့ပြီ။

မဖောက်ရသေးတဲ့ မြောင်းထက်စာရင် အဆင်သင့်

စီးဆင်းနေတဲ့ ချောင်းသို့သာ ... ။



www.burmeseclassic.com

www.burmeseclassic.com



ငွေပန်းရဲ့ အဖြစ်ကို အစအဆုံး မြင်တွေ့ရတဲ့ ထိုင်မှာသာ ချစ်ရသူအတွက် ရင့်နင့်ရသည်။ ထိုက်က ရင်နှစ်ခြမ်း ခွဲအောင်အကွဲခံတာတောင် သူမကလေးအတွက်ဘာမှအရာမရောက်ခဲ့။

"စည်း မင်းကို ငွေပန်းပဲ ကူညီရပြန်တာပေါ့ ... "

"အေးကွ ... ဒီကောင်မလေး ခုတစ်လော ငြိမ်သက်နေတယ် ... "

ထို့နောက် အမှုမဲ့သော စည်းက အမှတ်မဲ့စွာ တခြားအကြောင်းအရာတွေဆီ စကားလမ်းကြောင်း ပြောင်းသွားသည်။

☘





"Job Resignation"

ဟင် ...

အလုပ်ထွက်စာတစ်စောင် စောစောစီးစီး သူ့ စားပွဲပေါ်ရောက်နေပါလား။

"စောစောစီးစီးကွာ ... "

အတိတ်နဲ့ နိမိတ်နဲ့နေတတ်သော စည်းက စိတ်ပျက်လက်ပျက် ရေရွတ်လိုက်သည်။ တင်တဲ့သူလက်မှတ်ထိုးတဲ့ စာရွက်ထောင့်ကို မျက်လုံးက အလိုလိုရောက်သည်။

"ဟင် ... "

ငွေပန်းရဲ့လက်မှတ်ကိုမြင်ရတော့ တော်တော်အံ့သြသွား၏။ ငွေပန်းမှာ ဘာအဆင်မပြေတာရှိလို့များ ထွက်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုနောက်ပိုင်းဆို သူနဲ့ ပိုလို့တောင် အဆင်ပြေနေသေးတဲ့ဟာကို

ပထမပိုင်း သူနဲ့ မကြည်လင်တုန်းကတောင် အဖြ

မပျက်ခဲ့တဲ့ ငွေပန်းက အစစအရာရာ အဆင်ပြေနေမှုများက ဘာ

ကြောင့် အလုပ်ထွက်ချင်ရတာတဲ့လဲ။ တစ်ခုခုတော့ မှားယွင်းနေ

လေ။

ဒီအလုပ်ထက် ပိုကောင်းတဲ့ အလုပ်ရှိလို့များလား

သူမှာ မေးခွန်းပေါင်းမြောက်မြားစွာ ...

ငွေပန်းရဲ့ ဖုန်းလိုင်းခွဲကို လှမ်းဆက်လိုက်သည်

"ငွေပန်း ... ကိုယ့်ဆီ ခဏလာခဲ့ပါဦး"

ငွေပန်းရဲ့ မျက်နှာလေး တစ်မျိုးဖြစ်နေတော့

သာသည်။ ဘာအတွက်လဲဆိုတာတော့ အဖြေရှာမရသေး။

"ကဲ ပြော ... ဘာကိစ္စ အလုပ်ထွက်ချင်တာလဲ ..."

"ဟို ... ငွေပန်း မလုပ်ချင်တော့လို့ပါ ..."

ဒါဆို နောက်အလုပ်တစ်ခုခုလည်း ရှိပုံမရ။

"ဟုတ်ပြီ ... ဒါဆို ဒီမှာ ဘာအဆင်မပြေတာရှိလို့လဲ

ပြော ..."

"ပြေပါတယ် ကိုစည်း ..."





"မဟုတ်သေးဘူး ... ငွေပန်း ... အဆင်လည်းပြေတယ်... ဒီထက်ကောင်းတဲ့ အလုပ်တစ်ခုခု မရှိဘူးဆိုရင် ဘာမှထွက်စရာမရှိဘူး ... ကိုယ့်ကို မောင်နှမလိုဘဲ သဘောထား ငွေပန်း ... မင်းထွက်တာ ထိုက်နဲ့ ပတ်သက်နေရလို့လား"

"မဟုတ်ပါဘူး ... ကိုထိုက်နဲ့ ဘာမှမဆိုင်ပါဘူး ... ဒါပေမဲ့ ဘာကြောင့် ဆိုတဲ့အဖြေဟာ ငွေပန်း ဖွင့်ပြောလို့မရလို့ ... ငွေပန်းကို ထွက်ခွင့်ပေးလိုက်ပါတော့ ကိုစည်းရယ် ..."

"ခက်တယ် ငွေပန်းရယ် ... ဒီမှာ အစစအရာရာက ငွေပန်းနဲ့ အသားတကျဖြစ်နေပြီ ... ကိုယ်က နောက်တစ်ယောက် ထပ်ပြီး Try ရင်တောင် ဒီလောက်အဆင်ပြေချင်မှ ပြေမယ်"

"ငွေပန်း သိပါတယ် ကိုစည်းရယ် ... ဒါပေမဲ့ ငွေပန်း ... ငွေပန်း အဆင်မပြေလို့ပါ ..."

"ကောင်းပြီ ဒါဆို ကိုယ်စဉ်းစားမယ် ... တစ်ခုတော့ရှိတယ် ချက်ချင်းကြီးတော့ မထွက်နဲ့ဦး ... ထွက်ခဲ့ရင်တောင် ကိုယ် လူတစ်ယောက်အစားရမှ ထွက်ပေးပါ ... ဒါပေမဲ့ ကိုယ်က တော့ မထွက်စေချင်ဘူး ... ပြန်စဉ်းစားပေးပါဦး ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



စည်း ... စိတ်ညစ်သွားရသည်။ ငွေပန်း သူ့ရှေ့ ထွက်သွားတာနဲ့ ထိုက်ဆီ ဖုန်းဆက်ကာ အကျိုးအကြောင်းပြော လိုက်သည်။ ထိုက်ကတော့ အကြောင်းသိမို့ ထူးပြီးမအံ့သြပါ။

"ငါစိတ်ညစ်တယ် ထိုက်ရာ ... ငါ့သဘောက ငွေပန်း လုံးဝ မထွက်စေချင်ဘူး ... အဲဒီ ကောင်မလေး ဘာဖြစ်လို့ ထွက်တာလဲ စဉ်းစားလို့ကိုမရဘူး ... "

"စည်း ... မင်းနဲ့ငါ အေးအေးဆေးဆေး စကားပြောချင် တယ် ... "

"ဒါဆို ငွေပန်းထွက်တာ မင်းကြောင့်ပဲပေါ့ ... "

"အေး စိတ်ချမ်းသာသလိုသာ ယူဆကွာ ... မင်းအား အချိန် ချိန်းလိုက် ... "

"ဒါဆိုရင်တော့ ဒီညနေပဲ ဆုံနေကျမှာ ဆုံမယ်"

"ပြီးရော ဒါပဲ ... ငါ့မှာ နည်းနည်း Busy နေလို့"

"အိုကေ သူငယ်ချင်း"

စည်းက ထိုက်ဆီက တစ်စုံတစ်ရာကြားရမှာ ချာတာမို့ နည်းနည်းတော့ စိတ်သက်သာသွားသည်။ ဘာကြော မှန်းမသိ။ ငွေပန်း ထိုနေ့က သူ့ကို ပိုဂရုစိုက်သလိုပင်။





ထိုနေ့က ဖျော်တိုက်သော ကော်ဖီကလည်း ပိုပြီး ကောင်းနေသလိုပင်။

ပြီးတော့ ငွေပန်းဟာ ထိုနေ့က သူ့ကို မျက်နှာခပ် ချွဲလွှဲလုပ်နေသည်။

ညနေဘက်ရောက်တော့ ထိုက်နဲ့သူ ... ဘီယာ သောက်ဖြစ်ကြသည်။ ရုံးပတီသီးကင် တစ်ဖတ်ကို ခပ်မြန်မြန်ဝါး လိုက်မိတော့သည်။ အပူလောင်သည်။

"မင်း ဘာဖြစ်နေတာလဲ စည်း ... မင်း သိပ်လှုပ်ခတ်နေ တယ်နော်"

"ဟုတ်လား ... "

"ဟုတ်တယ် ... ငွေပန်း ထွက်မှာကို မင်း ဘာဖြစ်လို့ အဲဒီ လောက် စိတ်လှုပ်ရှားနေတာလဲ ... "

"ဟိတ်ဟိတ် မစွပ်စွဲနဲ့ကွာ ... ငွေပန်းက ငါ အားကိုးရတဲ့ ဝန်ထမ်း ... ပြီးတော့ သူဟာ ငါ့အပေါ် အလုပ်ရှင်တစ် ယောက်ထက် မောင်နှမသားချင်းလို ကောင်းတဲ့ ဝန်ထမ်း ပြီးတော့ ငါ့သူငယ်ချင်း မင်းချစ်တဲ့သူ ... ငါချစ်ခဲ့တဲ့ ဆည်း လည်းရဲ့ သူငယ်ချင်း ... ပြီးတော့ အဆင်လည်း သိပ်မပြေ ရှာဘဲ ဘာကိစ္စထွက်မှန်း မသိလို့ကွ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား ... မင်းရဲ့ အကြောင်းပြချက်တွေ ကုန်ပြီလား"

"ထိုက် ... မင်း ငါ့ကို ဘာစွပ်စွဲချင်နေတာလဲ"

"ငါ စွပ်စွဲချင်တာလား ... မင်း စိတ်တွေ မှုမမှန်တာလား"

"ထိုက် ... "

"မင်း ဘာလို့ ကိုယ့်စိတ်ကို လှည့်စားချင်တာလဲ စည်း"

"ထိုက် မင်းမဟုတ်တာတွေ မစွပ်စွဲနဲ့ကွာ ... ငါ့မှာ မြူ တေး ရှိတာ မင်း အသိဆုံး ... "

"ရှိလေ ရှိမှန်းလည်း သိတယ်လေ ... ဒါပေမဲ့ မြူစတေးကို မင်း ချစ်လို့လား ... "

"မချစ်ဘူး ... ငါချစ်တာ ဆည်းလည်း ... "

"ငါသိပါတယ် ... မင်း ငွေပန်းကို မချစ်ဘူး ... "

"ထိုက် ... ဘာဆိုင်လို့ ဆွဲထည့်နေတာလဲ ... "

"ဟုတ်တယ် ... မင်း ငွေပန်းကို မချစ်ဘူး ... ဒါပေမဲ့ ငွေပန်း မင်းကို ချစ်တာတော့ မင်း ခံစားလို့ရတယ်မို့လား ... "

"ဟာ ... "

"မင်း ခံစားရပါတယ် ... မင်း မငြင်းပါနဲ့ ... မင်း ခံစားရ ဒီလောက်လှုပ်ရှားနေတာပေါ့ ... မင်းကို သူ သိပ်ချစ်ရှာ တယ် စည်း ... "





"မပြောပါနဲ့ကွာ ... မပြောပါနဲ့တော့ ... "

"မင်း မြူစတေးကို ဘာကြောင့် ရွေးတယ်ဆိုတာ ငါမပြောချင်ဘူး ... ဒါပေမဲ့ ငွေပန်းကို မရွေးချယ်တာကို ငါသဘောပေါက်တယ် ... ငွေပန်းဟာ မင်းအတွက် အခြေမတင့်တယ်တဲ့ သူတို့သမီးလေ ... "

"မဟုတ်ဘူး ... အဲဒါကြောင့် မဟုတ်ဘူး ... "

"ငြင်းပါ ... စိတ်ဆိုတာ အဏုကြည့်နဲ့ကြည့်ရတောင် မြင်ရတာမှ မဟုတ်တာ ... မင်း ငြင်းချင်သလိုငြင်းလို့ရတာပဲ"

"တကယ်မဟုတ်ပါဘူး ထိုက်ရာ ... ငါသာ ငွေပန်းကို လက်ထပ်ခဲ့ရင် ငွေပန်းဟာ ကြင်ရာဘက်ကောင်းပါတယ် ... ဒါပေမဲ့ ငါ ငွေပန်းကို လက်ထပ်လိုက်ရင် ငါချစ်တဲ့ ဆည်းလည်း ခံစားရမှာစိုးလို့ ... "

"ဘာဆိုင်လဲ သူ့မှာ စိန်တိုက်ပေါ် ရောက်နေပြီပဲ ... "

"မင်း ဆည်းလည်းအကြောင်း မသိသေးဘူးကိုး ... ဆည်းလည်းနဲ့ ဦးနယုန် ပြတ်စဲသွားကြပြီ ... "

"ဘာ ဘယ်လိုဖြစ်တာလဲ ... "

"ဦးနယုန်နဲ့ ဖေဖေက ပါတနာတွေကွာ ... ငါနဲ့ ဆည်းလည်း ချစ်သူတွေဖြစ်တော့ ဖေဖေက ငါ့အတွက် စိုးရိမ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ ဦးနယုန်နဲ့ စည်းဝါးကိုက်ပြီး ငါတို့ဇာတ်လမ်းထဲ _ ဦးနယုန် ရောက်လာခဲ့တယ် ... တကယ်လို့သာ ဆည်းလည်း စိတ်ဓာတ်မှန်ခဲ့ရင် ငါနဲ့ဆည်းလည်းရဲ့ မင်္ဂလာပွဲကို ဖေဖေ ရှယ်စီစဉ်ပေးမှာပေါ့ကွာ ... ဒါပေမဲ့ ခုတော့ ဆည်းလည်းကို ဦးနယုန်က ချန်ရစ်ခဲ့ပြီး ... ”

“ဟာ”

“ငါလည်း သိသိချင်း သိပ်အံ့သြခဲ့ရတာ ... ”

“ဒါ သူ့အပြစ်နဲ့သူပဲလေ ... နေပါဦး ... အဲဒါနဲ့ မင်း ဆည်းလည်းကို”

“နိုးနိုး ... ငါ မြူစတေးကိုပဲ လက်ထပ်တော့မှာ ... ဒါပေမဲ့ မြူစတေးကို မရွေးခင် ငါ ငွေပန်းကို စဉ်းစားပါသေးတယ် _ မဖြစ်နိုင်လို့ပါ ... ခုချိန်မှာ ဆည်းလည်း သိပ်ခံစားနေရ ကွာ ... အဲဒီအချိန်မှာ ငါ ငွေပန်းကို ရွေးလိုက်ရင် သူ ပို သွပ်သွားလိမ့်မယ် ... ”

“ရှုးပါစေပေါ့ ... ”

“ငါက ဆည်းလည်းကို သိပ်ချစ်တယ်လေ ... သူ စိတ်အ ရာတွေ သက်သာပါစေတော့ကွာ ... ”

“မင်း မြူစတေးကို ရွေးတော့ရော သူက မခံစားရဘူးလား”





“ဒါက ဖြစ်သင့်တဲ့ ရွေးချယ်မှုမို့လို့ သူ ခံသာမှာပါ ... ”

“မင်း ဆည်းလည်းကို အဲဒီလောက်တောင် ချစ်ရသလား ကွာ ... ”

☘



www.burmeseclassic.com

www.burmeseclassic.com



ငွေပန်း အိမ်ထဲဝင်လိုက်တော့ တော်တော်အုံ့ဩ
သွားရ၏။

"ဆည်းလည်း ... "

"ရုံးက ပြန်လာတာလား ငွေပန်း ... "

"ဟုတ်တယ် ... "

"ဆည်းလည်းကို စိတ်ဆိုးနေလား သက်ရင်း ... "

"ဘာစိတ်ဆိုးစရာ ရှိလို့လဲ ... "

"ဆည်းလည်းတို့ အပြင်မှာ စကားသွားပြောရအောင်ဟာ"

"ငါ ကလေးတွေ ကျူရှင်ပြရဦးမယ် ဆည်းလည်း ... "

"နင်ကလည်းဟာ ဖျက်လိုက်လို့မရဘူးလား ... "





"Time Table ဆိုတာ ဖျက်ကောင်းတဲ့ အရာမဟုတ်ဘူး ... ဆည်းလည်း ... Time arrangement out ရင် လူတစ်ယောက်ရဲ့ ... ဘဝက သွားတာပဲ"

"ဒါဆိုရင် ငါ နင်ပြီးတဲ့အထိ စောင့်ပါမယ် ... "

"အရမ်းမိုးချုပ်သွားမှာပေါ့ ... ဆည်းလည်းရယ်"

"ရတယ် ... မိုးအရမ်းချုပ်ရင် ငါ နင့်အိမ်မှာ အိပ်မှာပေါ့"

"ပြီးရော ဒါဆို ခဏစောင့် ... ငါ စာသင်လိုက်ဦးမယ်"

ရုံးကပြန်လာတာနဲ့ စာပြနေရသော ငွေပန်းဘဝကို
ဘွားကာ မောရသည်။

ငွေကို လွယ်လွယ်ရှာပြီး လွယ်လွယ်သုံးတတ်သော
ည်းလည်းမှာ ငွေပန်းကိုကြည့်ပြီး ထူးဆန်းနေသည်။ တစ်နေ့လုံး
မှာ မောပန်းလာသမျှ အပန်းမဖြေအား။ သူမ ကျူရှင်သင်တာ
ယ်လောက်များရနေလို့ပါလိမ့်။

ငွေပန်း စာပြပြီးတော့ ငွေပန်း အိမ်မှာပဲ ထမင်းစား
သည်။ ရခိုင်ငါးပိသုပ် မွှေးမွှေးစပ်စပ်ကို မုန်လာဥ ချဉ်ရည်နှင့်
သီးစိလေးတွေ ကြော်လို့။ ဘာမှ မထည့်ဝါလှသော ထမင်းဝိုင်းကို
ခြင်အားဖြင့် လုံးဝ စိတ်မဝင်စားသော်လည်း ဆည်းလည်း ဗိုက်
ာမှာစိုး၍ မထိတထိ ဝင်စားရင်းက ခေါင်းမဖော်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ကျူရှင်သင်တာ ဘယ်လောက်ရလဲ ... ငွေပန်း"

"ကျူရှင်မဟုတ်ပါဘူးဟာ ... အနားက ကျူရှင်မတတ်နိုင်တဲ့ ကလေးတွေကို Guide လုပ်ပေးတာပါ ... ဘာမှ မရပါဘူး ... တစ်လတစ်လ စာပြလို့ရတဲ့ ပိုက်ဆံက ရုံးအသွားအပြန် လမ်းစရိတ်လောက်ပဲရတာ ... ရုံးလစာမပွန်းတေးအသတင်ကျန်တာပေါ့ဟာ ... "

"ငွေရှာရတာ အဲသလောက် ခက်သလား ငွေပန်း"

"သမ္မာအာဇီဝနဲ့ ရှာရင်တော့ ကြိုးစားရင် ကြိုးစားသလောက် ရတာပဲပေါ့ဟာ ... ကိုယ့်အရည်အချင်းနဲ့ တတ်နိုင်သလောက် ရတာပေါ့ဟာ ... ဒါပေမဲ့ ရလာတဲ့အခါကျရင် မသုံးပစ်ရဘူးဟ ... ဒါက ပိုက်ဆံကိုသုံးရာမကျဘဲ ကိုယ့်အစွမ်းအစကို သုံးပစ်ရာကျလို့ ... "

ဆည်းလည်းက ငွေပန်းရဲ့ စကားအထူးအဆန်းတွေကို နားမလည်နိုင်။ ဆည်းလည်းအတွက်တော့ အမေ မွေးပေးလိုက်တဲ့ အဆင်းဖြင့် ငွေရှာတတ်သူကိုး။

"ကဲပါ ... ထားလိုက်ပါတော့ ... နင့်ရဲ့ ငွေရှာခြင်း Method ကို ... ငါ နင့်ဆီလာတာ ပြောစရာရှိလို့ဟ"

"ကိုစည်းနဲ့ ပတ်သက်ပြီး ပြောမှာနော် ... ငွေပန်း ကိုစည်း





အခု ဘာတွေလုပ်နေလဲ ... သူ အဆင်ပြေရဲ့လား ... ငါသိချင်တယ် ... "

"ဘာလို့ သိချင်တာလဲဟာ ... မေ့မေ့ပျောက်ပျောက်ပဲထားလိုက်ပါတော့လား ... "

"မဟုတ်ဘူး ငွေပန်း ... တကယ်တမ်းကျတော့ ငါ ကိုစည်းကို တကယ်ချစ်ပါတယ်ဟာ ... သူနဲ့ခွဲရမှ သူ့ကိုဘယ်လောက်ချစ်သလဲ သိလာတာ ... "

တတ်လည်း တတ်နိုင်တဲ့ ဆည်းလည်းပါ။ သူမနဲ့ ဦးနယုန်အကြောင်းကို ငွေပန်းအပါအဝင် ကိုစည်းတို့အားလုံး မသိဘူးအထင်နှင့် တစ်ပတ်လာရိုက်ပြန်တာလေ။ ခက်တာက ငွေပန်းတို့က သူမအကြောင်း သိထားပြီးကြပြီ။

ခုလည်း မျောက်သစ်ကိုင်းလွတ်ဖြစ်ပြီး မြင်မြင်ရာ ခုန်ကူးဖို့ ကြံစည်နေပြန်သည်။ ခက်လည်း ခက်ပါလား ဆည်းလည်းချို။

ကိုစည်း လက်ထပ်တော့မှာကို သိပုံမရ။ ကိုစည်းရဲ့ သတို့သမီးက ဦးနယုန်ရဲ့ ညီမဆိုတာကို ပိုပြီးတော့တောင် သိပုံမရ။

အရာရာတိုင်းက သူမရဲ့ လက်ဖျစ်တစ်တွက်မှာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တည်နေသည်လို့များ သူမ ထင်နေသလားမသိ။

ငွေပန်းဟာ ကိုယ့်ဘာသာ စိတ်ညစ်နေတာက တစ်ပိုင်း။ ဆည်းလည်းကို စိတ်ပျက်တာက တစ်ပိုင်းနဲ့ လူက ဟုန်နေသည်။

စိတ်ညစ်တာကို လွတ်လွတ်လပ်လပ် ညစ်လို့မရဘဲ အနှောင့်အယှက်ကပေါ်သည်။ ဒီအချိန်မှာ ငွေပန်း ဘယ်သူနဲ့မှ ... မတွေ့ မမြင်နိုင်သော နေရာတစ်ခုကို ထွက်သွားချင်သည်။

"ဟင် ငွေပန်း ... ကိုစည်း အကြောင်းပြောပါဦး"

"ကိုစည်းနဲ့ မြူစတေးဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်တော့မယ် ဆည်းလည်း ... "

"ဘာ"

ဆည်းလည်း မျက်နှာက သွေးဆုတ်ဖြူလျော်မှုဟာ ကိုစည်းကို ဆုံးရှုံးရတော့ထက် သူမ မျှော်လင့်ချက်တွေ ဆုံးရှုံးရလို့ပဲ ဖြစ်နိုင်သည် ထင်ပါရဲ့ကွယ်။

"ကိုစည်း လက်ထပ်တော့မယ် ... မဖြစ်နိုင်တာ"

"ဖြစ်နိုင်လို့ ဖြစ်သွားပြီပဲ ဆည်းလည်း ... နင် တန်ဖိုးမထားခဲ့တဲ့ အရာတစ်ခုကို နင် မလှမ်းပါနဲ့တော့ ဆည်းလည်း ... နင့်လက်ထဲကို ရောက်လာတဲ့ ကံကောင်းခြင်းကို နင်ကိုယ်





တိုင် လွှင့်ပစ်ခဲ့တာပဲ ... "

"မဖြစ်နိုင်ဘူး ... "

"တကယ်ပြောတာ ... ကိုစည်းက နင့်ကို တကယ်ချစ်ပါတယ် ... ဒါပေမဲ့ လူဆိုတာ ကိုယ့်အတွက်ကိုပဲ ကိုးကွယ်တတ်ကြတာလေ ... ဆည်းလည်း ... အခု ကိုစည်း လက်ထပ်တဲ့ မြူစတေးဆိုတဲ့ သူဌေးသမီးက ဦးနယုန်ရဲ့ တစ်ဦးတည်းသော ညီမပဲ ... "

"ဘာ"

ဒုတိယမိ ဘာက ပိုပြီးတော့ ကျယ်သလိုပင်။

"ဒါဆို ... ဒါဆို ဦးနယုန်က တမင် ပွဲဖျက်ပြီး သူ့ညီမနဲ့ ... ဟာ အကြံပက်စက်လိုက်တာ ... "

"နင်ကိုယ်တိုင် တည်ကြည်ခဲ့ရင် သူများ ဘယ်လိုပက်စက်ပါစေ နင့်လက်ထဲက နင့်ကိုမှ ချစ်တဲ့ နှလုံးသားတစ်ခုကို ဘယ်လိုမှ လုယူလို့မရပါဘူး"

"ငွေပန်း ... ငွေပန်းရယ် ... အီး ... ငါလေ ... အဟင့် ... ဟီး ... အီး ... ငါ ကိုစည်းကို သွားတောင်းပန်မယ်ဟာ... ကိုစည်းက ငါ့ကိုသိပ်ချစ်တာဟ ... ငါ့ကိုမြင်ရင် သူ ခွင့်လွှတ်မှာပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"နင်သွားလည်း နောက်ကျသွားပြီ ... ကိုစည်းတို့က ဖိတ်စာတောင် ဝေပြီးပြီ ... ပြီးတော့ ကိုစည်းဟာ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ ဖိတ်စာဝေပြီးမှ ထားခဲ့ရက်မယ့် သူမျိုးမဟုတ်တာ နင်သိရင် မသွားနဲ့တော့ ဆည်းလည်း ..."

ဆည်းလည်းလည်း သဘောပေါက်ပါသည်။ ဖိုးလမင်းကို ပုန်ကန်ပြီး ရေကန်ထဲ ခုန်ချတဲ့သူလို ဖြစ်နေပြီ။ ရေမှာထင်သော အရိပ်ကို ပုံရိပ်စစ် ထင်ခဲ့သူပါ။ ခုတော့ ရေနစ်ရုံပင်။

ငွေပန်းကလည်း ဆည်းလည်းကို မနှစ်သိမ့်ပါ။ သူ့ရင်ထဲက ဒဏ်ရာအတွက်ပဲ စဉ်းစားမိသည်။

ကိုစည်း အတွင်းရေးမှူးသစ် အမြန်ရပါစေဟုသာ ဆုတောင်းမိ၏။ ကိုစည်း လူစားမရမချင်း သူမ ထွက်လို့ရမှာ မဟုတ်ဘူးလေ။

တစ်နေ့တစ်နေ့ ရုံးမှာ ကိုစည်းတို့ရဲ့ ကြီးကျယ်လှသော မင်္ဂလာပွဲအကြောင်း မစားရဝခမန်းပြောနေကြတာတွေကိုလည်း မကြားချင်တော့။

ကိုယ့်ရင်ထဲမှာ ကိန်းဝပ်တည်ရှိခဲ့သောအချစ်တွေကို တစ်ပါးသူက ဆွတ်ယူတော့မည်။





ဆက်သရတော့မည်။ တီတ်တခိုး တစ်ဖက်သတ်ဆိုပေမယ့် ကာမပိုင်ရှိသော ယောကျာ်းတစ်ယောက်အပေါ်တော့ ဆက်မချစ်လိုပြီ။

စိတ်အခံကို ဖြူစင်စေဖို့က ချစ်သော ကိုစည်းအနားက ထွက်သွားရုံမှတစ်ပါး အခြားမရှိပြီမို့ ...

ဆည်းလည်းနဲ့ ငွေပန်း တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းအိပ်စက်ရင်း ခံစားချက်ကိုယ်စီနှင့် သူတို့နှစ်ယောက်ရဲ့ ခံစားချက်ဗဟိုက ကိုစည်းရဲ့ လက်ထပ်ခြင်းဆိုပေမယ့် အကြောင်းတရားခြင်းက ဆန့်ကျင်ဘက်ပင်။

☘



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဆည်းလည်း … "

စည်းက ရှုံးခန်းထဲ မမျှော်လင့်သော ဆည်းလည်းကို ကြည့်ပြီး အံ့သြသွားသည်။ ဆည်းလည်းက စည်းကို သိပ်စိတ်မဝင်စားသေးဘဲ သူမထက်အရင် ရောက်နေသူ အမျိုးသမီးကိုပဲ စိုက်ကြည့်နေသည်။ သူ့ပုံစံကြည့်ရတာ ငွေပန်း ပြောသော 'မြူစတေး' ဆိုတာ ဖြစ်နိုင်သည်။

"ကိုစည်း … "

တစ်ဘက်ကိုလှည့်ပြီး အချိုဆုံးသံစဥ်နှင့် ခေါ်လိုက်၏။ မြူစတေးကတော့ သူမကို အကဲခတ်နေသည်။

"ကိုစည်း ညှို့သည်ရောက်နေတာလား … ညှို့သည်ပြန်





သွားမှပဲ ဆည်းလည်း ပြောစရာရှိတာ ပြောတော့မယ်နော်"

"ဟာ … ရပါတယ် ပြောပါ … သူက ညှို့သည်မဟုတ်ဘူး"

"ဪ ဘာရယ်မဟုတ်ပါဘူး … ကိုစည်းရယ် … ဆည်းလည်း ကိုစည်းကို တောင်းပန်ချင်လို့ လာတာပါ … ဆည်းလည်းလည်း မိုက်ခဲ့မှားခဲ့ပါတယ် … ကိုစည်းရယ် … ဆည်းလည်း … ဆည်းလည်း … ခုတော့ ကိုစည်း တန်ဖိုးကို နားလည်ပါပြီ ဟင့် … "

ရှိုက်သံနှောပြီး အကယ်ဒမီရော့ခ် လုပ်နေသော … ဆည်းလည်းကို သူ သနားသွားသည်။ သူချစ်ခဲ့ရသူလေ။ ဒါပေမဲ့…

"ခုဆို ဆည်းလည်းမှာ ကိုစည်းနဲ့ရတဲ့ … အဟင့် ရင်သွေးလေးရှိနေပြီ"

"ဘာ"

ကျောချမှ စားပြမှန်းသိရသည့် စည်း။ သူ့ရှုံးခန်းထဲက 'ဘာ'သံက အပြင်ကိုပါ ဟိန်းထွက်လာခဲ့သည်။ မြူစတေးက ချက်နှာပျက်ယွင်းစွာ ထွက်သွားသည်။

"စစ … "

"ဟင့်အင်း … ကိုစည်း လိုက်မသွားပါနဲ့ … ကိုစည်းရဲ့ ဆည်းလည်းကို သနားပါဦး … "



www.burmeseclassic.com

www.burmeseclassic.com



မြူစတေးနောက် လိုက်သွားရန် ပြင်နေသော စည်းကို ဆည်းလည်းက အတင်းဖက်တွယ်ထားသည်။

"ဟာ ... မင်း တော်တော်အကြံပက်စက်ပါလား ... ဆည်းလည်းချို ... မင်းဟာ မြွေဟောက်မပဲ ... မင်းမှာ လျှာနှစ်ခွလည်းရှိတယ် ... ပေါက်သတ်တတ်တဲ့ အစွယ်လည်းရှိတယ် ... မင်းလို မိန်းမမျိုးကို ပတ်သက်ခဲ့ဖူးတဲ့ ငါကိုယ်ငါတောင် ရွံတယ် ... "

"ကိုစည်း ... "

"မင်း ပါးစပ်ပိတ်စမ်း ... မင်းနဲ့ ငါ့ရဲ့ ပတ်သက်မှု အတိုင်းအတာကို မင်းသိပါတယ် ... ဒါနဲ့တောင် မင်းပါးစပ်က ဒီလိုထွက်ရဲတယ် ... "

"ဆည်းလည်း ဟိုတစ်ယောက်ရှေ့မှာမို့လို့ ဒီလိုပြောလိုက်တာပါ ကိုစည်းရဲ့ ... ကိုစည်းကို မဆုံးရှုံးချင်လို့ပါ ... "

"ဒါက မိန်းမကောင်းလုပ်ရပ်မဟုတ်ဘူး ... ဆည်းလည်းချိုရဲ့ ... မင်း ဒီလိုလုပ်တာ ငါ့ကို ပြန်ရဖို့မဟုတ်ဘူး ... ငါ့ကိုသူ့ဆီ လုံးဝတွန်းပို့လိုက်တာပဲ ... မင်း ပြန်တော့ ဆည်းလည်းချို ... မင်း ငါနဲ့ တွဲခဲ့ရတာ မနစ်နာခဲ့ပါဘူး ... မင်းသင့်သလောက်ရထားပြီးပြီပဲ ... "





အမြဲတမ်း ရေမြွေဖြစ်ခဲ့သော ကိုစည်းရဲ့ ဒေါသကိုမြင်တော့ သူတော်တော် ဖြိုသွားသည်။ တစ်ပြိုင်နက်တည်းမှာပဲ ... ကိုစည်းကို အဆုံးရှုံးခံလိုက်ရပြီဟု သဘောပေါက်သွားသည်။ ဒါပေမဲ့ သူမမှာ နောက်ဆုံးလက်နက်တစ်ခု ကျန်သေးသည်။ သူမ ထိုလက်နက်ကို ထုတ်သုံးကြည့်ချင်သေးသည်။ မှန်ခဲ့ရင် အမြတ်ပဲပေါ့။

"ကိုစည်း ဆည်းလည်းကို စကားနည်းနည်း ပြောခွင့်ပေးပါ"

"မပြောနဲ့ မင်းအသံ မကြားချင်ဘူး ... မင်း အခု ငါ့ရုံးခန်းထဲက ထွက်သွား ... သွား"

"တစ်ခုပါပဲ ကိုစည်းရယ် ... ဆည်းလည်းတို့နှစ်ယောက် ချစ်သူဖြစ်ခဲ့တာလေးကို ထောက်ထားပြီး နားထောင်ပေးပါလားဟင် ... "

လူတွေရဲ့ သဘောသဘာဝကလည်း အပျော့ဆွဲနှင့် အဆွဲခံရတတ်ကြတယ်လေ။ တစ်ချိန်က ချစ်ခဲ့ရသူ။ လက်ရှိလည်း အနာကြည်းကြည်းနဲ့ကို ချစ်နေရသေးတဲ့ သူမ။

"ကဲပြော ... မင်း ဘာတွေမဟုတ်တာ ပြောဦးမလို့လဲ"

"ဆည်းလည်း ပြောသမျှ မဟုတ်တာလို့ တရားသေမှတ်တော့မယ်ဆိုတာ သိပါတယ် ကိုကိုရယ် ... ဒါပေမဲ့ ဆည်းလည်း အပေါ် နာကြည်းမှုလေးလျော့လို့လျော့ငြား ဆည်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောပါရစေ ... တကယ်ဆို ကိုကိုနဲ့ ဆည်းလည်း ပြတ်ရတာ ဒီမြူစတေးဆိုတဲ့ မိန်းမကြောင့်ပါ”

“ဘာ ... မြူစတေးက ဘယ်က ဝင်ပါရတာလဲ”

“ဟုတ်တယ်လေ ... မြူစတေးသာ ဝင်မလာရင် ဦးနယုန်ကလည်း ဆည်းလည်းတို့ကြား ဝင်ခလောက်မှာမဟုတ်ဘူး ခုတော့ ဦးနယုန်က ကိုကို့ကို သူ့ညီမနဲ့ ပေးစားချင်လို့ ဆည်းလည်းနဲ့ ကိုကို့ကြားမှာ သွေးဝင်ခွဲခဲ့တာပေါ့”

“မင်း မဟုတ်တာတွေ မပြောနဲ့နော်”

“တကယ်ဟုတ်မဟုတ် သိရအောင် ... ကိုကို ဦးနယုန်ကို မေးကြည့်ပါလား ... သူ ဘာကြောင့် ဆည်းလည်းတို့ကြားထဲ ဝင်ခလောက်ဆန်ခဲ့သလဲလို့ ... ”

“ဒီမှာ ဆည်းလည်း ... ဘယ်ဟာက အဖြစ်မှန်ပဲဖြစ်ပါစေ ဒီအချိန်မှာ အားလုံး ပြီးဆုံးသွားခဲ့ပြီးပြီ ... ကိုယ်နဲ့ မြူစတေး လက်ထပ်ဖို့ ဖိတ်စာတောင် ဝေပြီးပြီ ... အရာရာဟာ ကံကြမ္မာအလိုကျလို့သာ မှတ်လိုက်တော့ ... ဦးနယုန်က သူ့ညီမနဲ့ သဘောတူပြီး ဝင်ဖျက်ခဲ့တယ်ဆိုရင်တောင် မင်းဘက်က တည်ကြည်ရင် ပျက်စရာအကြောင်းမရှိဘူး ...ထားပါတော့ ... ဦးနယုန်က ခလောက်ဆန်ခဲ့တယ်ဆိုရင်တော့





ကိုယ်ကတော့ မြူစတေးလို အဖိုးတန်မိန်းမတစ်ယောက်နဲ့ ဆုံဆည်းရတဲ့အတွက် ကျေနပ်ပါတယ် ... ဆည်းလည်းလည်း ဒီကရှေ့ ဘဝကို ရင့်ကျက်စွာ ဖြတ်သန်းနိုင်ပါစေ... ဟုတ်ပြီလား ... ကဲ ကိုယ် မြူစတေးဆီ လိုက်သွားဦးမယ်... ဆည်းလည်းကို မင်္ဂလာဆောင် မဖိတ်တာ ဆည်းလည်းနားလည်ပေးမယ် မဟုတ်လား ... ”

“ကိုကို ... ”

“မင်း ဒီလိုခေါ်ဖို့ အခွင့်အရေးမရှိတော့ဘူး ဆည်းလည်းချို”

ပြောပြီးတာနဲ့ သူက ထွက်သွားသည်။ အခန်းထဲမှာ ည်းလည်း တစ်ယောက်တည်း ကျောက်ဆစ်ရုပ်။ ဘာလုပ်ရမလဲ။ ည်းလည်း ပြန်ရတော့မှာလား။ ကိုစည်းက စွန့်ပစ်သွားပြီးတဲ့။ ာက် ဒီရုံးခန်းထဲက ဘယ်မျက်နှာနဲ့ ထွက်ရမလဲ။ ငွေပန်းရော။ အတွက် အသိဆိုလို့ ငွေပန်းပဲရှိတော့သည်။ အခန်းထဲက ခပ် ည်တည်နဲ့ထွက်ပြီး အပြင်ရောက်တာနဲ့ Staff တစ်ယောက်ကို ပန်းရောဟု မေးမိသည်။

“ငွေပန်း ရုံးမတက်ဘူး ခင်ဗျ ... ခွင့်ယူထားတယ်”

“ဪ ... ဒါဆို ဆည်းလည်း လာသွားတယ်လို့ ပြောပေးနော် ... ”



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ပြောလိုက်ပါ့မယ် ..."

ငွေပန်းလည်း မရှိ။ ယောင်တောင်တောင်နဲ့ ပြန်ထွက်လာတော့ သူမနောက်မှာ မျက်လုံးပေါင်း သောင်းချောက်ထောင် အတင်းခံစားပေါင်းတစ်သိန်းလောက် ကပ်ငြိလာသလို ခံစားသည်။

သူမအဖြစ်က သိန်းတစ်ထောင်တန် ထီလက်မှတ်ကို တစ်သျှူးတစ်စလို လက်သုတ်ခဲ့မိတာပင်။

ခုတော့ ထိပြီ။

ကိုစည်းကို ဘယ်လိုမှ ဆွဲဆောင်လို့မရပြီ။

တက္ကစီတစ်စီးပေါ် ဘယ်လိုရောက်လာမှန်းမသိတော့။

တက္ကစီသမားက ဆယ့်ရှစ်နှစ်လောက်သာရှိမည်။ ထိုကောင်လေးက ကွက်ကြည့် ကွက်ကြည့်လုပ်တာကို သတိထားမိမှ စိတ်နဲ့ကိုယ် ပြန်ကပ်သည်။

သိန်းတစ်ထောင်ထီကို စွန့်လွှတ်ရလည်း သိန်းငါးရာတို့ သိန်းသုံးရာတို့ ပေါက်နိုင်သေးသည်ပဲ။

"မမ ... ဘယ်သွားမှာလဲ"

"ဘုရားရေ တို့သွားမယ့် နေရာမပြောဘဲ ကားငှားမိတာလား"





ထိုကောင်လေးက ပါးချိုင့်နှစ်ဖက် နက်ဝင်အောင် ပြုံးနေ၏။

ဦးနယုန်နဲ့စည်းတို့ကြားမှာ ရင်တစ်ချက်မခုန်ခဲ့သော သူမ ထိုကောင်လေးရဲ့ ပါးချိုင့်နှစ်ဖက်မှာ ရင်ခုန်သံတွေ ဟုန်းထတာ ဖြစ်ရသည်။

☘



www.burmeseclassic.com

www.burmeseclassic.com



စည်းမှာ ဆည်းလည်းပေးတဲ့ ငရဲကို ရင်စည်းခံ
ဲ့။ မြူစတေးနောက် ချက်ချင်းမလိုက်သွားမိသော သူ မြူ
ဆီရောက်တော့ သူမ တော်တော်ပေါက်ကွဲနေပြီ။

"ရှင် ဘာလာလုပ်တာလဲ ... "

"မဟုတ်ဘူး စစ ... ကိုယ်ရှင်းပြ"

"တော်ပြီ ... ရှင်ဘာမှ ရှင်းမပြနဲ့ ... ဒီမယ် ကိုစည်း
မြူစတေးက ကိုယ့်ကိုယ်ကိုယ် Perfect ဖြစ်နေတယ်
ကိုယ်ပေးသလောက်နဲ့လည်း ပြန်ရချင်တယ် ... ဓာတ်ရှ
ထားတဲ့ ကိုစည်းကို ကျွန်မ လက်မထပ်နိုင်ဘူး"

"မဟုတ်ဘူး ... အဲဒါ တကယ်မဟုတ်ပါဘူး စစရယ်





ကိုယ်ကျိန်ပြောရဲတယ် ... ကိုယ်တကယ်သန့်ရှင်းခဲ့ပါတယ်"

"ကျိန်တာက လိမ်တာပဲ ကိုစည်းရဲ့ ... တော်ပြီ ... လက်ထပ်ပွဲဖျက်သိမ်းကြောင်း သတင်းစာထဲထည့်မယ်"

"ဟာ မဟုတ်တာကွာ ... မဟုတ်ပါဘူးလို့ ကိုယ်ပြောနေပြီပဲ"

"အို မသိဘူး ... မသိဘူး ... ကျွန်မသိတာက တစ်ခုပဲရှိတယ်... ကျွန်မ ဖြူစင်ခဲ့သလောက် ကျွန်မရဲ့ အိမ်ထောင်ဘက်ဆည်း ဖြူစင်ရမယ် ... "

"မင်းလည်း မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲ မြူစတေး ... သဘောပဲ မင်းကြိုက်သလိုလုပ်ပါ ... "

"လက်ထပ်ပွဲဖျက်မယ် ... "

"သဘောပဲ ... "

အချစ်ကင်းမဲ့ရုံမျှမက သံသယတွေအတုံးလိုက် ... အတစ်လိုက် ပျော်ဝင်နေသော အိမ်ထောင်ရေးမျိုးကို သူလည်း လိုလားပါ။

စည်းနဲ့ မြူစတေးရဲ့ လက်ထပ်ပွဲ ဖျက်သိမ်းကြောင်း ကြော်ငြာကို မြူစတေးကပဲ သတင်းစာထဲ ထည့်ခဲ့သည်။ ရှိစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ဦးနယုန်က အံ့သြနေသည်။

"စစကလေး ... အဲဒါ ဘယ်လိုဖြစ်တာလဲ"

မြူစတေး အစ်ကိုဖြစ်သူကို ရင်ဖွင့်သည်။

"ဩော် ... ဒါဆို စစကလေး မှားတာပေါ့ ... ဆည်းလည်းက သိပ်ပြီး စိတ်ဓာတ်ညှို့ဖျင်းတဲ့ ကလေးမပဲ ... ဆည်းလည်းရဲ့စိတ်ကို ကိုယ်အသိဆုံး ... ပြီးတော့ စည်းရဲ့ ကိုယ်ကျင့်တရားကိုလည်း ကိုယ်ယုံတယ် ... ဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး"

"မဖြစ်နိုင်ဘူးဆိုရင်တောင် ဒီလို မိန်းကလေးမျိုးနဲ့ ရှုပ်ရှုပ်ရှက်ရှက် ဆက်ပြီးပတ်သက်နေရမှာစိုးလို့ပါ ကိုကိုရာ ... မြူကသိပ်ကို သန့်ရှင်းခဲ့တာ ... မြူစတေးက ကိုယ့်ကို အမြတ်တနိုးတန်ဖိုးထားမယ့် အိမ်ထောက်ဖက်မျိုးပဲလိုချင်တာ"

"ကဲပါ သဘော သဘော ...ကိုကိုကတော့ စည်းကို ညီမလေးအတွက် ရည်ရွယ်ခဲ့လို့ မရရအောင်ပါဖျက်ခဲ့ပေမယ့်ဖူးစာ ဆိုတာ လုပ်ယူဖန်တီးလို့ မရပါလားဆိုတာကိုတော့ကိုကို ဒီနေ့မှပဲ သဘောပေါက်တော့တယ် ... ကဲ ကဲ — ကလေးသဘောပဲ ... "

ဤသို့ဖြင့် မြူစတေး အမေရိကား ပြန်ထွက်သွားခဲ့





ပြီ။

စည်းရဲ့ ဖခင်ဟာ ထိုသတင်းကြားပြီးကတည်းက ရှော့ခ်ရသွားပြီး မူးလဲသွားခဲ့ကာ စည်းကို လုံးဝစကားမပြောတော့။

"မိဘစိန်စီပေးတာကို ကျောက်ခဲတွေပါဆိုပြီး လွှင့်ပစ်တဲ့သားမိုက် ... "

စည်းလည်း တော်တော်ပြိုပါသည်။ ဖိတ်စာတွေဝေပြီးမှ မြူစတေးဘက်က ပွဲဖျက်သွားတာမို့ မိတ်ဆွေအပေါင်းအသင်းတွေကြား တော်တော်အရှက်ရခဲ့ရသည်။

ဤသို့ဖြင့် စည်းလည်း စိတ်လက်ပေါ့ပါးစေရန် ခရီးထွက်သွားခဲ့တာ ရက်မှလသို့ကြာသည်။

ထိုတဒင်္ဂမှာ ကုမ္ပဏီကို မန်နေဂျာတွေနဲ့ ထိုက်ပဲထိန်းသိမ်းပေးရသည်။

ငွေပန်းကိုလည်း အလုပ်ထွက်မခံသေး။ သို့သော်ငွေပန်းအစား အတွင်းရေးမှူးတစ်ယောက်ရသောနေ့တွင် ငွေပန်းဟာတော့ ထွက်ပြီးဆင်စွယ် အဝင်မလွယ်ခဲ့သို့ ဆိုခဲ့သော စကားအတိုင်း အလုပ်မှ ထွက်ခွာသွားခဲ့သည်။

ထိုက်က ငွေပန်း အိမ်ကို လိုက်ခေါ်တော့ ငွေပန်းခင်နှင့်သာ တွေ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငွေပန်း နယ်မှာ မူလတန်းပြဆရာမ သွားလုပ်တယ် ... သူ ဘယ်မှာတာဝန်ကျတယ်ဆိုတာ ဘယ်သူ့မှ မပြောပါနဲ့ လို့ မှာသွားတယ်ကွယ်"

အဖြစ်အပျက်တွေအားလုံး ဖြစ်ပြီးပျက်သွားခဲ့တယ် ဆိုပေမယ့် ကြွေရည်သုတ် သံထည်ပစ္စည်းတစ်ခု ကြွေရည်ပြန်ကွာ တဲ့အခါ သံသားပါသွားသလို ဖြစ်တည်ခြင်းမှာ ဘစရဲ့ အစိတ်အပိုင်း တချို့ ပတ်သက်ငြိတွယ်ခဲ့ရသည်။ ပျက်ဆီးသွားတဲ့အခါမှာလည်း ...

အချစ်ယောင်ဆောင်လာတဲ့ ကံကြမ္မာဆိုးတွေကို ဘယ်နတ်ဆိုးကများ စေလွှတ်လိုက်ပါလိမ့်ကွယ် ... ။





စည်းက ခရီးထွက်မည်ပြောပြီး မော်ဘီဘက်က သူ့ ခြံထဲမှာ အောင်းနေခဲ့သည်။

ခြံစောင့် ဦးဘိုးသာ ချက်ပြုတ်ကျွေးသော ထမင်း မမည် ဟင်းမမည် ထမင်းဟင်းတွေကို ကြိတ်မှိတ်စားပြီး အရက် တွေကို အချိန်နဲ့ ဆေးကြောနေရသည်။

ဖုန်းလည်း ပိတ်ထားသည်။ တဝ္ဝီဝီ တဂွမ်ဂွမ်ဝင်နေ တဲ့ ဘယ်သူ့ဆီက ဖုန်းကိုမဆို သူမုန်းသည်။

"လူလေး ... ဈေးမှာ ဖားတွေ့လို့ ဝယ်လာတယ် ... ဖား သားစားတယ်မို့လား"

"ရပါတယ် ဦးဘိုးသာ ... ဘာဖြစ်ဖြစ်စားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ လူလေးရောက်လာကတည်းက ခြံထဲက ခြံပြင်ကို ... မထွက်ဘူး ... အဲလိုမလုပ်ပါနဲ့ လူလေးရာ ... ကြာလာရင် ချိသွားလိမ့်မယ်"

ဦးဘိုးသာက ပြောပြောဆိုဆို မီးဖိုခန်းထဲ ဝင်သွားသည်။ ထိုသို့ ဂရုစိုက်ခံရတော့ ဂရုစိုက်တတ်သူတစ်ယောက်ကို သတိရသည်။ ငွေပန်းဖြူ။ ခုချိန်ဆို သူမ ဘာတွေလုပ်နေမလဲ။

စည်းဟာ ပတ်ဝန်းကျင်ကို ရှောင်ပြေးထွက်လာခဲ့ပေမယ့် ငွေပန်းဖြူက သူရှောင်ရမည့် သူတွေထဲမှာ မပါဟု ဖြန်းခနဲ သတိရသွားသည်။

သူ့အပေါ် အစစအရာရာ ဖြည့်ဆည်းပေးခဲ့သူလေး၊ သူ့မျက်နှာကို အရိပ်လိုကြည့်ကာ နားလည်ပေးခဲ့သည့် သူမကို ခုချိန်မှာ သူ လိုအပ်တတ်လာသည်။

သူမကို သူ့ဘေးမှာ တစ်သက်လုံးထားချင်လာ၏။ သူမကို မချစ်ပါ။ သို့သော် သူမ ချစ်တာကိုတော့ တစ်သက်လုံး သိမ်းပိုက်ထားချင်သည်။

"လူလေး ... ထမင်းစားမယ်ဆို အဆင်သင့်ဖြစ်ပြီ"

"ဦးဘိုးသာ ... လာပါဦး ခဏ"

ဦးဘိုးသာ အနားကိုရောက်လာသည်။





"ဘာလိုချင်လို့လဲ လူလေး ... "

"မလိုချင်ပါဘူး ... ဦးဘိုးသာကို မေးစရာရှိလို့"

"မေးလေ လူလေး"

"ဦးဘိုးသာ ... ဘာလို့ လူပျိုကြီးလုပ်တာလဲ"

"ဝေ တယ်ထူးဆန်းပါလား ... နေပါဦး လူလေးရ ... ဘာလို့ မေးတာတုံး ... ငါ့ ဒီအရွယ်ရှိမှ မေးခံရတယ်"

"ကျွန်တော် သိချင်လို့ပါ ... ဘာလို့ လူပျိုကြီးလုပ်တာလဲ ... တစ်ယောက်တည်းနေရတာက ပိုအဆင်ပြေလို့လား"

"အင်း ပြောရရင်တော့ မရလို့ မယူခဲ့တာပေါ့ကွာ ... ဒီလိုကွ ငါငယ်ငယ်တုန်းက ငါတို့ရွာမှာ ကွမ်းတောင်ကိုင် မယဉ်လှ ဆိုတာ နာမည်နဲ့လိုက်အောင် ယဉ်သဗျာ ... လှသဗျာ ... ငါက အဲဒီ မယဉ်လှကိုကြိုက်တာ ... ဒါပေမဲ့ ငါက ဘုန်းကြီးကျောင်းသားဆိုတော့ မယဉ်လှက အနားတောင်အသီမခံဘူးကွ ... နောက်တော့ မြို့ပေါ်က စက်ပိုင်သားနဲ့ယူသွားပါလေရော ... ငါကလည်း ယဉ်လှမှ ယဉ်လှ၊ ယဉ်လှကိုမှ မရရင် ဒီတစ်သက် လူပျိုကြီးလုပ်ဖို့ ဆုံးဖြတ်ထားတဲ့သူဆိုတော့ ခုထိ လူပျိုကြီးဖြစ်သွားတယ်ပေါ့ကွာ"

"ခုရော အဲဒီ ဘွားယဉ်လှကို သတိရသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာတဲ့ကွ … အင်း သူဆုံးတယ်ကြားတော့ ငါ တစ်လလောက် ထမင်းမစားနိုင်ဘူး… ယဉ်လှ မင်း ဘယ်ဘဝရောက်နေပြီလဲကွာ"

မျက်ဝန်းထောင့်မှာ စို့လာသော မျက်ရည်ကို လက်ခုံနှင့် တို့သုတ်နေသော ဦးဘိုးသာကို သူ အံ့ဩရသည်။

"ဦးဘိုးသာတို့ရွာက ဘယ်နားမှာလဲ … "

"မဲခူးတိုင်းထဲက ပဲခူးရိုးမနားက ရွာလေးတစ်ရွာပါ … ခုတော့လည်း ရွာကြီးဖြစ်နေပါပြီ"

"ဒါဆို ဦးဘိုးသာတို့ရွာကို သွားမလည်ချင်ဘူးလား … "

"ဟေ သွားချင်သပ … ဒါပေမဲ့ အသိတွေကတော့ တော်တော်များများမရှိတော့ပါဘူး … မသေခင် တစ်ခေါက်တော့ ရွာရောက်အောင် ပြန်ဦးမယ်ကွာ"

"ကဲ ဒါဆို ဒီရက်ပိုင်းအတွင်း ဦးဘိုးသာရဲ့ ရွာကို သွားမယ် ခရီးသွားဖို့ ဦးဘိုးသာ ပြင်ဆင်ထားတော့"

"ဝေ တကယ်လား လူလေး"

"တကယ်ပေါ့ဗျ … ကျွန်တော်ပါ လိုက်မှာ"

ဒီလိုနဲ့ မရည်ရွယ်တဲ့ ခရီးကို ထွက်လာမိတယ်။ ဦးဘိုးသာတို့ရွာကို ရန်ကုန် မန္တလေးကားတွေစီးပြီး လမ်းမှာ ဆင်းရ





တယ်။ ကားလမ်းကနေ အဲဒီရွာကို ရောက်ဖို့က ဆယ်မိုင်လောက်လို သေးသတဲ့။

"ဒါဆို နွားလှည်း စောင့်စီးရမှာလား … ဦးဘိုးသာ"

"ဟေ ခေတ်တွေပြောင်းကုန်ပါပြီဟ … နွားလှည်းစီးစရာမလိုတော့ဘူး … ဆိုင်ကယ် ကယ်ရီတွေစီးလို့ရပြီ"

"ဘာလဲဗျ … ဆိုင်ကယ် ကယ်ရီဆိုတာ"

"ဩော် သူဌေးသားဆိုတော့ ဒါတွေ မကြားဖူးဘူးပေါ့ … ရန်ကုန်မှာ ကားငှားစီးသလို ဆိုင်ကယ်တက္ကစီပေါ့ကွာ"

ဦးဘိုးသာပြောတဲ့ ဆိုင်ကယ်တက္ကစီ စီးရတာ … ဘုရားတယူရ၏။ မြေသားလမ်းဟာ ကမူတွေ ဖုတ်ကျင်းတွေ ပြည့်နှက်နေသော်လည်း ဆိုင်ကယ်မောင်းသူ ကိုရွှေတောသားကတော့ သပတစ်ရာလမ်းမှာ မောင်းနေသည့်အလား။

ဆိုင်ကယ်နောက်မှာ ဖုန်လုံးကြီးတွေ ဗလိမ့်လိမ့်နှင့် …

ရွာလည်းရောက်ရော လူတစ်ကိုယ်လုံး ဖုန်တွေဖွေးဖွေးဖြူလို့ …

"ဟယ် ကိုရင်ဘိုးသာကြီးလာတယ် … လာလာ ကိုရင်ဘိုးသာ … ကျုပ်အိမ်မှာ လိုက်တည်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ကိုဘိုးမောင်ကြီး ခင်ဗျား သူကြီးဖြစ်နေဆိုဗျ"

"သူကြီးခေတ်မဟုတ်တော့ဘူးလေဗျာ ... ကျုပ်က အခု ဥက္ကဋ္ဌဖြစ်တာပါ ... ကျေးရွာဥက္ကဋ္ဌပေါ့"

"ဩော် ဩော် ဟုတ်ပါပြီ ... ဒါနဲ့ ကျုပ်ဧည့်သည်ပါသေးတယ်ဗျို့ ... ကျုပ်တို့ သူဌေးပေါ့ ... "

"ရော် သူဌေးက ငယ်ငယ်လေးကိုးဟ ... ကဲကဲ လာပါ ကျုပ်အိမ်အကြီးကြီးဆောက်ထားပါတယ်ဗျာ ... အိမ်ရောက်မှ ခြေလက်ဆန့်နားကြ ... "

ဦးဘိုးမောင် အိမ်ရောက်တော့ ခြံကျယ်ကျယ်ထဲမှာ မန်ကျည်းပင်တွေ ပတ်လည်ဝိုင်းပြီး အရိပ်အာဝါသကောင်းလှကာ နှစ်ဆောင်မိုး သစ်သားအိမ်ကြီးကလည်း ရေနံချေးတွေဝကာ မည်းမှောင်နေသည်။

"ကိုဘိုးမောင် ခင်ဗျား တော်တော်ချမ်းသာနေပြီရော"

"ကိုင်းတွေ ထွက်နှုန်းကောင်းကိုးဗျ"

ရွာဆိုသော်လည်း လျှပ်စစ်မီးရသောရွာမို့ လျှပ်စစ်နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေအပြည့်။

"ဟော့ ဧည့်သည်ပါတယ်ဟ ... လိမ္မော်ရည်လေးဖျော်ပေး"





ဦးဘိုးမောင်က အိမ်ထဲ လှမ်းအော်သည်။ တော်တော်လေးကိုညောင်းနေပြီဖြစ်သော စည်းက မန်ကျည်းပင်အောက် ကွပ်ပျစ်မှာ သွားလှဲချလိုက်သည်။

လိမ္မော်ရည် လာချပေးသော မိန်းကလေးကို ဦးဘိုးသာက ...

"ဒါ ဝိုင်းစိန်မလား ... "

"ဟုတ်ပ ... ငါ ဒီမြေးတစ်ယောက်ရတာလေ ... ဟေး ကိုရင်ပိုးသာရေ ငယ်တုန်းကသာ ဝိုင်းစိန်မဟာ ခုဆို ရတနာဝိုင်းဆိုတဲ့ နာမည်နဲ့ဟ ... "

"အံမယ်"

ဦးဘိုးသာက စည်းနားကို လိမ္မော်ရည်လာချပေးပြီး...

"လူလေး သောက်လိုက်ဦး အမောပြေပေါ့ ... "

လိမ္မော်ရည်သောက်ပြီး စည်း အိပ်ပျော်သွားသည်။

ဦးဘိုးသာကတော့ သူ့မိတ်ဆွေ ရွာသူရွာသားတွေနဲ့ စကားပြောကောင်းနေသည်။

"ကိုရင်ဘိုးသာ ခင်ဗျားနဲ့ပါလာတဲ့ သူဌေးက ဘယ်လောက်ချမ်းသာလို့တုန်းဟ ... "



www.burmeseclassic.com

www.burmeseclassic.com



"သြော် … ငါလည်း အတိအကျတော့ ဘယ်သိမလဲ … ငါ
စောင့်ပေးနေရတဲ့ သီဟိုဠ်ခြံတောင် သိန်းထောင်နဲ့ချီပြီး
တန်သတဲ့"

☘





"ဟဲ့ အငယ်မ ဆရာမလေးရော … "

"မြောက်ပိုင်းက ကလေးတစ်ယောက်နေမကောင်းလို့ … သတင်းသွားမေးတယ် … အဘရဲ့ … အဲဒါ သမီးက ထမင်းချက်ရေလောင်း အရင်ပြန်လာတာ"

အဖြူအစိမ်းဝတ် ဆရာမလေးတစ်ယောက် …

ဦးဘိုးသာက …

"ဝိုင်းစိန်မရေ လာပါဦးဟ … ဒီမှာ မိတ်ဆက်ပေးမလို့"

ရတနာဝိုင်းက တည်ငြိမ်စွာပြုံးပြီး သူ့ရှေ့ရောက်လာ

"ကိုစည်းကို ကျွန်မ ကြိုသိနှင့်ပါတယ် … "

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစည်း ဒီထက်ပိုအံ့သြရဦးမှာ"

သူက ပါးစပ်ဟောင်းလောင်း။ ဦးဘိုးသာရော ဦး ဘိုးမောင်ပါ တအံ့တသြ ... ။

"ဟေ မြို့ကျောင်းမှာ ဆုံခဲ့သလားဟ အငယ်မရ ..."

ဦးဘိုးမောင်က သူ့မြေးကို မေးသည်။ ဦးဘိုးသာက လည်း စည်းကို မေးသည်။ ရတနာဝိုင်း ဘာမှမဖြေရသေးခင် ...

"ကိုစည်း ..."

"ဟင် ... ငွေပန်းဖြူ"

ဆရာမလေး ငွေပန်းဖြူက ခေါင်းမှာ ငွေပန်းတင် ပွင့် ပန်ထားသေးသည်။ မျက်ဝန်းတွေက မျှော်လင့်ချက်ဖြင့် တောက်ပကာ ...

"ကိုစည်း ဘယ်လိုရောက်လာတာလဲ ..."

စည်းက ဦးဘိုးသာနှင့် လိုက်လာကြောင်း ရှင်း တော့ မျက်ဝန်းတွေ အရောင်မှိန်သည်။

ညဘက် မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာ ထိုင် ဖြစ်ကြ၏။

စည်းမှာ ငွေပန်းနှင့် နှစ်ယောက်တည်း စကားပြော ချင်သော်လည်း အခွင့်အရေးမရ။





နောက်နေ့ မနက်ကျတော့လည်း ငွေပန်းက သူ မနိုးခင် ကျောင်းသွားသည်။ သူ့ ဘေးမှာတော့ ငွေပန်းကိုယ်တိုင် သူ့အကြိုက်ဖျော်ပေးခဲ့သော ကော်ဖီခွက် ...

သူ ငွေပန်းရဲ့ ကျောင်းကို လိုက်သွားမိသည်။

"ဟင် ကိုစည်း ကျောင်းကို ဘာလာလုပ်တာလဲ ..."

"ကိုစည်း ငွေပန်းကို ပြောစရာရှိလို့"

"ညနေ ကျောင်းပြန်လာမှ ပြောရောပေါ့ ကိုစည်းရယ် ... လိုက်လာရတယ်လို့"

"ကို ညကတည်းက ပြောချင်နေတာ ... လူမလစ်လို့"

"ဘာ ဘာပြောမှာလဲ ကိုစည်း"

"ကျောင်းဝင်းထဲကို ခဏဆင်းခဲ့ပါလား"

ထိုစဉ် ရတနာဝိုင်းက အနားရောက်လာပြီး ...

"အဟေး ... ငွေပန်း ... ဒီအချိန် ငါအားတယ် ... မင်း အတန်းကို ငါဝင်ထိန်းပေးထားမယ်နော်"

ကျောင်းဝင်းထဲက သနပ်ခါးပင်အောက်မှာ ပြော ဖြစ်သည်။

"ငွေပန်း ... ကိုယ် ငွေပန်းကို လက်ထပ်ပါရစေ ... ကိုယ် ငွေပန်းကို အရမ်းလိုအပ်နေတယ် ... ကိုယ် ရန်ကုန်ပြန်ရင်



www.burmeseclassic.com

ငွေပန်း တစ်ခါတည်း ပြန်လိုက်ခဲ့ပါ"

"ငွေပန်း မလိုက်ပါရစေနဲ့တော့ ကိုစည်း ... ငွေပန်း ဒီမှာ ပျော်နေပါပြီ ..."

"ရတယ်လေ ဒါဆိုရင် ကိုယ်လည်း ဒီကမပြန်တော့ဘူး — ဒီမှာပဲ ငွေပန်းနဲ့အတူ နေတော့မယ် ..."

"အိုး ကိုစည်း အလုပ်တွေ ရှိသေးတာကို ..."

"မတတ်နိုင်ဘူးလေ ... ကိုယ်က ငွေပန်းမရှိတဲ့ နေရာမှာ မနေချင်တော့ဘဲ ..."

"ဟွန်း ကိုစည်းက တော်တော်အပြောင်းအလဲမြန်တယ်"

"ပြောချင်သလိုပြော ကိုယ့်ကို ငွေပန်းနားက နှင်မထုတ်ရင်ရပြီ ..."

ငွေပန်းရင်ထဲမှာ အပျော်တွေပြည့်နေသည်။ နောက်ဆုံးတော့ ငွေပန်းအတွက် မေတ္တာရောင်ပြန်ဟပ်ခံရပြီလေ။

နောက်ဆုံးတော့ ငွေပန်း ချစ်သူရဲ့ တောင့်တခြင်းကိုရပြီ။ ချစ်သူနားမှာ ရှိခွင့်ရပြီပေါ့။

ဒါပေမဲ့ အပြောင်းအလဲမြန်လှတဲ့ သူ့ကို ငွေပန်း နည်းနည်းတော့ စမ်းသပ်ချင်သေးသည်။

ဒီစာသင်နှစ်ကုန်တဲ့အထိ အလုပ်ဆက်လုပ်လိုက်ဦး





မည်။ နွေရာသီ ကျောင်းပိတ်ရက်မှပဲ ကိုစည်း နောက်ကို လိုက်တော့မည်။

စာသင်နှစ်ကုန်ဖို့က သုံးလေးလ လိုသေးတာဆိုတော့။ ထိုသုံးလေးလအတွင်းမှာ ကိုစည်း စိတ်ပြောင်းသွားရင်လည်း တစ်မျိုးကောင်းတာပဲလေ။

"ငွေပန်း ..."

"ဒီစာသင်နှစ်ကုန်ရင် ငွေပန်း အဖြေပေးပါ့မယ် ကိုစည်း"

"ဒီစာသင်နှစ် ... ဟွန်း အဝေးကြီးလိုသေးကယ်"

"သိပ်ကိုမလိုပါဘူး ကိုစည်းရယ် ... သုံးလေးလပဲ စောင့်ရမှာပါ ..."

စည်းက ထိုရွာမှာ ပေကပ်ပြီး ဆယ့်ငါးရက်လောက်နေသေးသည်။ နောက်ဆုံး ငွေပန်းကို ဘယ်လိုမှ ခေါ်မရအလိုထိုက်ကလည်း လိုက်လာပြီး စက်ဘူမှာ စည်းကိုယ်တိုင် တက်ရမည့်အစည်းအဝေးရှိကြောင်း လိုက်ခေါ်သဖြင့် ရန်ကုန်ပြန်ရတော့သည်။

ထိုက်က စည်းနောက်လိုက်လာရင်း ငွေပန်းနဲ့ပါတွေ့ရသဖြင့် အံ့သြနေပုံရသည်။

စည်းက မျက်နှာပူသော်လည်း ထိုက်ကို ထပ်ရှင်းပြချင်တော့။ ထိုက်ကလည်း ဘာမှမမေးဘဲ အလိုလို သဘော

www.burmeseclassic.com

ပေါက်ပေးလိုက်ပါသည်။

ရန်ကုန် မပြန်ခင် တစ်ည ရွာဦးစေတီမှာ ပရိတ်ရွတ်ပွဲရှိတာကြောင့် ထိုညက တစ်ရွာလုံးနှင့် ပရိတ်ရွတ်သူတွေကို စည်းနှင့်ထိုက်က စတုဒီသာကျွေးသည်။

ရွာဦးစေတီ ရွှေသင်္ကန်းကပ်ရန် ဝတ္ထုလှူသည်။ တစ်ရွာလုံး သာဓုအနုမောဒနာခေါ်ကြသည်။

စည်းက ဦးဘိုးမောင်တို့ လူကြီးတစ်စုနှင့် စကားပြောနေတုန်း ထိုက် ငွေပန်းဆီ ထွက်လာခဲ့သည်။

"ဘယ်လိုလဲ ညီမလေး ... အဆင်ပြေတယ်မို့လား"

"ကိုထိုက်"

"ကို အားလုံးနားလည်တယ် ... ညီမလေးအတွက် ဝမ်းသာပါတယ် ... ဘာပဲဖြစ်ဖြစ် မေတ္တာစစ်နှစ်ခုမှာ တစ်ခုကသက်ရောက်ခဲ့တဲ့အတွက် ကိုယ် ကျေနပ်ပါတယ် ညီမလေးရယ်"





## "စည်းရဲ့ အမြင်"

ကျောင်းတွေမပိတ်ခင် သုံးလလောက်အတွင်းမှာ စည်းက စက်ဘ်ပူကို တစ်လလောက် သွားနေရသေးသည်။

ထိုတစ်လတိတိ သူမနှင့် အဆက်အသွယ်မရခဲ့ပါ။ သူမတို့ရှိနေသော ရွာမှာလည်း ဖုန်းအဆက်အသွယ်လုပ်လို့မရ။ မြို့ပေါ်တက်မှ ဖုန်းဆက်လို့ရတာဆိုတော့လေ။

စည်းကတော့ ထိုတစ်လအတွင်း သူမကို တော်တော်သတိရခဲ့၏။ စက်ဘ်ပူမှာရှိတုန်း သူတို့ မင်္ဂလာပွဲအတွက် လိုအပ်မယ်ထင်တာတွေ ဝယ်ဖြစ်သည်။ ငွေပန်းဟာ ဘာတောင်းဆိုမှုမှ မရှိသော မိန်းကလေးမို့ သူကပဲ လိုအပ်မယ်ထင်တာတွေကို စဉ်းစားပေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက သူ့အပေါ် ဖြည့်ဆည်းခဲ့တတ်သော သူမအပေါ် ဖြည့်ဆည်းပေးချင်စိတ်တွေ ပေါက်လာတာဟာ တစ်ပြန် သက်ရောက်မှုကြောင့်လား။

သူ ထိုက်ကိုတော့ မျက်နှာပူသည်။ သူ တင်မြှောက်တဲ့ မိဖုရားဟာ ထိုက်လိုချင်တဲ့ ပန်းသဇင်လေ။

ဒါပေမဲ့ ထိုပန်းက သူလှမ်းတဲ့ ချူတံကိုမှ ကမ်းခဲ့မှာတော့ သူ မတတ်နိုင်။

ထိုက်ကလည်း နားလည်မှုရှိပါသည်။ ခုဆို ငွေပန်းနဲ့ အဆက်အသွယ်ရအောင် ထိုက်ပဲ ဆောင်ရွက်ပေးနေခဲ့သည်။ သူက သူမဆီ တစ်ဆင့်သွားပြန်ပြောရ၊ သူမပြောတာတွေ သူ့ဆီ သတင်းပြန်ပို့ရ ယာယီဆ.သ.ရ ဖြစ်နေခဲ့သည်။

ဘာပဲဖြစ်ဖြစ် ထိုက်ဟာ သူ့ရဲ့ သူငယ်ချင်းကောင်း။





## "ထိုက်ရဲ့ အမြင်"

စည်း စက်ာပူသွားနေစဉ်တစ်လျှောက်လုံး စည်းနဲ့ ငွေပန်းကြားကို သူ အဆက်အသွယ်လုပ်ပေးခဲ့ရ၏။

ဒါပေမဲ့ သူ ကျေနပ်သည်။ သူချစ်သော ငွေပန်း စိတ်ချမ်းသာဖို့အတွက် အူ ဘာမဆို ဖြည့်ဆည်းပေးချင်သည်။ သူ့ဘဝ သူ့အသက်ကို ပေးရမည်ဆိုရင်တောင် အဆုံးမဲ့ပေးချင်သည်။

ခုလို စည်းနဲ့ သူမကို ဆက်သွယ်ပေးရတိုင်း သူ့ရင်ကို အစိမ်းလိုက်ခွဲပြီး နှလုံးသားကို ခွဲထုတ်ကာ စည်းလက်ထဲ သွေးသံတရဲရဲ ပေးဆပ်လိုက်ရသလို ခံစားရသည်။

ဒါပေမဲ့ သူပေးလိုက်တဲ့ နှလုံးသားလေးက စည်းရဲ့ လက်တွင်းမှာ ပိုကျန်းမာပျော်ရွှင်နေခဲ့လျှင် သူ ဝမ်းသာသည်။ ပေးရကျိုးနပ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငွေပန်း အပြိုးတွေနဲ့ ငွေပန်းရဲ့ ပျော်ရွှင်မှုကို မြင်ရတိုင်း သူ ရပ်တည်နေရတဲ့ အနေအထားကို ကျေနပ်သည်။

ဒီလိုမှ မဟုတ်ရင်လည်း ငွေပန်းကို သူ ပိုင်ဆိုင်ရမှာ မဟုတ်တာ။

အဝေးလွှင့်ပစ် ပန်းတစ်ပွင့်အဖြစ် ထာဝရစွန့်လွှတ်လိုက်ရမှာထက်စာရင် သူငယ်ချင်းရဲ့ ဇနီးလေးအဖြစ် မနီးမဝေးမှာ ရှိနေမှာက သူ့အတွက် ပိုအဆင်ပြေပါသည်။

သူ့ အယူအဆမှာ စည်းအတွက် စေတနာမပါတာ ရယ်တော့ မဟုတ်။ စည်းနဲ့ ပတ်သက်မှုဟာ သူမဟုတ်ဘဲ တခြားတစ်ယောက်ဖြစ်နေခဲ့ရင်လည်း သူလုပ်ပေးမိမှာပဲ။ ဒါပေမဲ့ သူမဖြစ်နေတဲ့ အခါကျတော့ သူ့နှလုံးသားတို့သည် သန်ရာသို့ ဦးတည်ခဲ့မိ၏။

☘





## "ငွေပန်းဖြူရဲ့ အမြင်"

ငွေပန်းအတွက် ကံတရားရဲ့ကျီစယ်မှုကို လက်ဆောင်ရခဲ့ပါသည်။

ငွေပန်း ဘယ်လိုမှ မပိုင်ဆိုင်ရတော့ဘူးထင်တဲ့ ... အချစ်တစ်ခုဟာ ငွေပန်း ရှောင်ပုန်းခဲ့တဲ့ နေရာအထိ လိုက်လာခဲ့သည်။ ငွေပန်း ပိုင်စိုးခွင့်ပေးခံရသည်။

ဒါပေမဲ့ ထိုအချစ်ဟာ စည်းအတွက် လိုအပ်မှုသက်သက်ကြောင့်သာဖြစ်ခဲ့ပြီး ငွေပန်းရဲ့ တစ်ဖက်သတ်သော အချစ်သာဖြစ်ခဲ့သည်။

ဒါပေမဲ့ ကိုယ်ချစ်ကို ဘယ်သူကများ မိုက်မိုက်မဲမဲ စွန့်လွှတ်ချင်ပါ့မလဲလေ။ အကြိမ်တစ်ရာမက ရှုံးသွပ်စွာ မျှော်လင့်ခဲ့ဖူးတဲ့ အချစ်ကို ဘယ်လိုစွန့်လွှတ်ရက်မတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အဲဒီ သို့သော်က ငွေပန်းရင်ကို တစ်ချိန်လုံးလိုလို လာရိုက်ခတ်သည်။

ကိုထိုက်ရယ်လေ ...

သူ့ ငွေပန်းအပေါ် လိုက်လျောလွန်းလှသည်။ ပေးဆပ်ချစ်နိုင်လွန်းလှသည်။

ငွေပန်းက ကိုစည်းကို သိပ်ချစ်တယ်ဆိုရင်တောင် ကိုထိုက်ကလည်း ငွေပန်းကို ထိုထက် လုံးဝမလျော့သော အချစ်မျိုးနှင့် ချစ်နေလိမ့်မည်ဟု ငွေပန်း ယုံကြည်သည်။

ဒါပေမဲ့ ...

လူတွေဟာ တော်ရုံနဲ့ ကိုယ်ချစ်ကို စွန့်လွှတ်နိုင်တဲ့ သူ ရှားမည်ထင်ပါရဲ့လေ။ ထိုသို့ တွေးလိုက်မှလည်း ...

တစ်ခါတစ်ရံ လူတွေဟာ အမှန်တရားကိုသိရက် ကျောခိုင်းတတ်ကြသေးရဲ့။ ထိုအထဲတွင် ဆည်းလည်း ...

☘





ထိုနေ့ညက ငွေပန်း တော်တော်နေမကောင်းပါ။ ဖြစ်ချင်တော့ ကျေးရွာကျန်းမာရေး ဆရာမကလည်း မြို့ပေါ်ဆေးရုံသွားနေချိန်မို့ ဆေးမြီးတိုလေးနဲ့ ရေနွေးပူပူကို ဖြစ်သလို ကြိတ်မှိတ်သောက်နေချိန် ... ။

ရတနာဝိုင်းက နယ်ခံအတွေ့အကြုံရှိသူပီပီ။

"ရှင်တော့ ရိုးမငှက်မိပြီထင်တယ် ... ဒေါ်ငွေပန်းရေ"

တစ်နာရီလောက်ကြာတော့ လူက တုန်တုန်ပြီး ... အဖျားတွေ တက်သည်။ ချမ်းကာမှ အသည်းထဲကပါ ခိုက်ပြီး ချမ်းသည်။

ငှက်မိပြီ ...

ထိုစဉ်မှာ ကိုထိုက် ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထိုက်ရဲ့ ရှမ်းစတားလေးပေါ် ပွေ့တင်ပြီး တိုက်နယ်ဆေးရုံကို ပို့ရသည်။

သူမကို သေချာစစ်ဆေးမှုတွေ လုပ်ပေးပြီး သူမသက်သာတဲ့အထိ ဆေးရုံမှ တစ်ဖဝါးမခွာ။

ရတနာဝိုင်းက ...

"ကိုထိုက်ရယ် ... နားပါဦး ဝိုင်းပဲ စောင့်လိုက်မယ်"

ဆိုသော်လည်းမရ။ စိုးရိမ်ကြီးနေခဲ့တဲ့သူ။

ငွေပန်းလည်း ခံစားရပါသည်။ ဆေးရုံမှာ ငွေပန်းဘာစားချင်သည်ဆိုတာနှင့် တစ်မြို့လုံး ပတ်ရှာရတာနှင့် ရန်ကုန်ကို လှမ်းမှာရတာနှင့် ...

ငွေပန်းကိုယ်တိုင်လည်း မျက်ရည်ဝဲမတတ် ခံစားရသည်။

ရတနာဝိုင်းက ငွေပန်းကို အပြစ်တင်သည်။

"ငါသာဆို ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့သူကိုပဲ လက်ခံလိုက်တယ် ... "

"ဝိုင်းရယ် နင် သူ့အချစ်ကိုမြင်တတ်ရင် ငါ့ရင်ထဲက အချစ်ကိုလည်း မြင်ပေးပါဟာ ... ငါလည်း ... ငါလည်း ကိုစည်းအပေါ်ကိုပဲ ပေးဆပ်ချစ်နိုင်တဲ့သူပါ ... အဲဒါကြောင့် [illegible]





လည်တယ် ... ငါ့အပေါ်လည်း ကိုထိုက် နားလည်နိုင်မှာပါ"

"မသိတော့ပါဘူးဟာ ... ငါကတော့ နင်တို့လွဲနေတဲ့ အချစ်တွေကို ဆွဲတည့်ပေးလိုက်ချင်တာပဲ သိတယ် ... တကယ်အသည်းယားတယ်"

သူမ ဆေးရုံတက်၊ သွေးဖောက်စစ်၊ ငှက်ဖျားကာကွယ်ဆေးတွေနှင့် စိတ်ချရပြီဆိုမှ ရန်ကုန်ပြန်သွားရသည်။ ဒါပေမဲ့ ရန်ကုန်မှာ ကိုထိုက် ဖျားတာကို ငွေပန်း မသိခဲ့။ ခရီးဝေးတာရော ကြမ်းတာရော။ ငွေပန်း ဆေးရုံးတက်စဉ်တစ်လျှောက်လုံး ပင်ပန်းရတာရော စုပြီး ဖျားပါလေတော့သည်။

ဒါပေမဲ့ ထိုသို့ ဂရုစိုက်မှုတွေဟာ ကိုစည်း မရှိခင်တစ်လအတွင်းမှာပင် ...

ကိုစည်း ပြန်လောက်တဲ့အချိန်မှစပြီး ကိုထိုက်တစ်ယောက် သူမဆီ လုံးဝရောက်မလာတော့ပေ။ ကိုစည်း ကိုယ်တိုင်ထိုက်လောက် သူမဆီ ရောက်မလာခဲ့ပါ။

စက်ဘုက ပြန်ရောက်ရောက်ချင်း တစ်ခါနှင့် ... တစ်လတစ်ခေါက် စုစုပေါင်း သုံးခေါက်သာ ရောက်ခဲ့သည်။

ဒါပေမဲ့ ထိုသုံးခေါက်ဟာ အကြိမ်တစ်ရာလာတာ



www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုထိရောက်ကြောင်း ငွေပန်းတစ်ယောက်သာလက်ခံခဲ့သည်။

ဒီလိုနှင့် ငွေပန်းဟာ စည်းကို အဖြေပေးဖို့ အဆင်သင့်ဖြစ်နေခဲ့ပြီလေ။

ကလေးတွေ စာမေးပွဲပြီးတဲ့ရက်မှာ စည်း ရောက်လာခဲ့ပြီ။

"ကဲ ... ငွေပန်း ကိုယ့်အတွက် အဖြေတစ်ခု အဆင်သင့်ရှိနေလောက်ပြီလို့ ကိုယ် မျှော်လင့်တယ် ... Plus or Minus တစ်ခုခုပေါ့"

"ငွေပန်း ကိုစည်းနဲ့ ပြန်လိုက်ခဲ့ပါ့မယ်"

စည်းက အဖြေသိပြီးသား အပြုံးမျိုးနှင့် ...

ငွေပန်းက ဝိုင်းကိုရော၊ ကလေးတွေရော၊ တစ်ရွာလုံးကိုပါ နှုတ်ဆက်ကာ နေ့တွင်းချင်းပင် စည်းနောက် ပါသွားခဲ့ပြီ။

စည်းရဲ့ အကြောင်းပြချက်က မင်္ဂလာပွဲအတွက် ပြင်ဆင်ရန်ဟု။

စည်းဟာ ငွေပန်းကို အရာရာတော့ ဦးစားပေးသည်။ ငွေပန်း စိတ်တိုင်းကျ ငွေပန်း သဘောကျ စီစဉ်စေသည်။ ဒါပေမဲ့ ငွေပန်းက ဒါဖြစ်ချင်သည် ဆိုတာနှင့် စည်းက ထိုက်ကို လုပ်ခိုင်းတတ်သည်။





ဥပမာ ငွေပန်းက မိဘမဲ့ကလေးတွေ လှူချင်သည်ဆို ထိုက်ကို စုံစမ်းခိုင်းတတ်တာမျိုးပေါ့။

ထိုအရာတွေအတွက် စည်းက အမှုမဲ့ပင်။

ငွေပန်းကတော့ တစ်ချိန်က ဆည်းလည်းနှင့် ပတ်သက်သမျှ ဖြည့်ဆည်းပေးခဲ့ရသဖြင့် ထိုက်ရဲ့ အနေအထားကို နားလည်နေသည်။

ထို့အတွက် ထိုက် ဝင်ပတ်သက်နေသော အရာတွေတိုင်းမှာ ခံစားမှုက ရှင်းလင်းမနေဘဲ တစ်ခုခု ဝင်ငြိနေသလို ခံစားရသည်။

ကိုထိုက်ဟာ စေတနာအပြည့်နဲ့ လုပ်ပေးမှန်းသိပေမယ့် ထိုစေတတနာကို စားသုံးရတာ မျိုမကျလိုက်တာ။

ထို့ကြောင့် စည်းကို တားမြစ်မိသည်။

"ဟို ကိုစည်း ... တော်ရုံကိစ္စတွေ ငွေပန်း ဘာသာလုပ်ပါ့မယ် ... ကိုထိုက်ကို သွားအကူအညီမတောင်းပါနဲ့"

သို့သော် စည်းကတော့မရ။

"အားနာလို့လား ... အားမနာပါနဲ့ ငွေပန်းရဲ့ ကိုယ်နဲ့ ထိုက်ဆိုတာ ပြောရမယ့်လူတွေ မဟုတ်ဘူး ... ညီအစ်ကိုရင်းတောင် ကိုယ်တို့လောက်ရင်းမှာမဟုတ်ဘူး ... ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဆိုလည်း ကိုယ်ကူရမှာပဲ”

တစ်ခါတစ်ရံ ကိုယ်နင်းလျှောက်ရမယ့် အရာဟာ တံတားတစ်ခုမဟုတ်ဘဲ နှလုံးသား တစ်ခုဖြစ်နေခဲ့ရင် ထိုနှလုံးသား သွေးစိမ်းရှင်ရှင်ထွက်မှာသိရက် ဘယ်သူက နင်းရက်ပါ့မလဲ။

သို့သော် ခုဆို စည်းရဲ့ မင်္ဂလာဖိတ်စာတွေတောင် ဝေပြီးပြီ။

စည်း မအားသဖြင့် ထိုက်က ဝေပေးခဲ့ရသော ဖိတ်စာအစောင်ပေါင်းမနည်းပါ။

ထိုအချိန်မှာ ထိုက် စိတ်ထဲမှာ သေတမ်းစာရေး ရသော လူတစ်ယောက်လို မခံစားရဘူးလို့ ဘယ်သူ အာမခံနိုင်မှာ လဲ။

စည်းကလည်း ပြောရှာပါသည်။

“ငါ မင်းကို အကူအညီတောင်းသာ တောင်းရတာ အား တော့နာတယ်ကွာ ...”

“ဟိတ်ကောင် မင်းနဲ့ငါကြားမှာ ဘာအကန့်မှ မထားနဲ့စည်း ရာ ... ဘာမှမဖြစ်ဘူး ... အေးဆေးပဲ ဟေ့ကောင် တအား မထိရှကြေးပါကွာ ... My hart is so fresh and strong ဟဲဟဲ”





တစ်ခါတစ်ရံ ဟန်ဆောင်ခြင်းဟာ သဘာဝထက်ပိုပြီး ပြင်တတ်သတဲ့ကွယ် ...

♣



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆို စည်းနဲ့ ငွေပန်းရဲ့ မင်္ဂလာပွဲကို ခမ်းနားစွာ ကျင်းပတော့မည်။

စည်းက သူ့ရဲ့ စစ်မှန်သော သတို့သမီးကို ပိုင်ဆိုင်ရတော့မည်။

ဘဝမှာ ချစ်သူနဲ့လည်း လွဲခဲ့ဖူးပြီ။ လက်ထပ်ချင်သူနှင့်လည်း လက်ထပ်ပွဲဖျက်ခဲ့ဖူးပြီ။ အခု တကယ့်သတို့သမီးက သူကြည့်မရခဲ့တဲ့ ငွေပန်းဖြူတဲ့လေ။ ပြီးတော့ ထိုက်၏ နှလုံးသား

"ထိုက် ..."

ထိုက် အကြောင်းတွေးနေတုန်း ထိုက်က သူ့ရုံးခန်းထဲဝင်လာသည်။





"ဟိတ်ကောင် ... ဖိတ်စာတွေ အကုန်ဖိတ်ဖြစ်ရဲ့လား ... မဖိတ်ရသေးတာတွေရှိရင် ပေးလေ ... ငါဖိတ်ပေးမယ်"

"အားလုံး ဖိတ်ပြီးပါပြီကွာ ... ရပြီ ဘာမှလုပ်စရာမရှိတော့ဘူး"

"အိုကေ ဒါဆို မင်း ဒီညနေအားလား"

"အားပါတယ် ... ဘာလို့လဲ"

"ဒါဆို မင်းဒီည ငါ့ကို လူပျိုညနှုတ်ဆက်ပွဲ လုပ်ပေးရမယ်"

"ဟာ မနက်ဖြန်မှ နှုတ်ဆက်မယ်လေကွာ ... မနက်ဖြန်လည်း ဒင်နာရှိသေးတာကို အဲဒီဒင်နာမှာပဲ ပျော်ပျော်ပါးပါးပေါ့"

"မရဘူး မနက်ဖြန် ဒင်နာက ဒင်နာပဲ ... ဒီညကိုတော့ လုံးဝလုပ်ပေးရမယ် ... ငါ မင်းရဲ့ အရင်းနှီးဆုံးတွေအားလုံးကို ဖိတ်ထားပြီးပြီ ... အားလုံးလည်း စီစဉ်ပြီးပြီ ... ကန်တော်ကြီးပဲလေ့စ်မှာ လုပ်ပေးရမယ်"

"ကဲ ... သဘောကွာ ... ဒါနဲ့ ဘာလို့ကြိုလုပ်ခိုင်းတာလဲ ... လင်းစမ်းပါဦး ..."

"ငါဝန်ခံရရင် မင်း စိတ်မဆိုးနဲ့ ..."

"ပြောနေရမယ့် လူတွေလားကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး မင်းကို မနက်ဖြန် ဒင်နာပြီးတာနဲ့ သတို့သမီးနဲ့အတူ ရှိနေစေချင်လို့ပဲ ... မင်း ငါတို့ကို နှုတ်ဆက်ပွဲလုပ်နေရင် မိုးလင်းသွားပြီး မင်္ဂလာဦးမညလိုက်ရပဲနေမှာစိုးလို့"

"ထိုက် ... မင်းကွာ ... "

ငွေပန်းအတွက် ငွေပန်း တစ်ယောက်တည်း ဖြစ်နေမှာစိုးသည့် စိုးရိမ်ပေးစိတ်မှာ မေတ္တာတွေ ပြည့်နေပါလား။

"စိတ်ချ ထိုက် ... ငါ ငွေပန်းကို ဘယ်တော့မှ ပစ်မထားဘူး ... "

"ငါလည်း ညီမရင်းတစ်ယောက်လို သဘောထားမှာပါ ... မင်းရဲ့ ဇနီးဆိုတော့ ငါ့ညီမပဲပေါ့ ... "

"အေးပါကွာ ... ထိုက် ... ငါတရားရဲ့လား"

"ငွေပန်း အဖြစ်ချင်ဆုံးဆန္ဒက မင်းနဲ့ လက်ထပ်ခြင်းပဲကွ"

ထိုက်ရဲ့ အချစ်က အံ့မခန်းပင်။ ငွေပန်း အပေါ်ထားတဲ့ သူ့စိတ်ထားနှင့် ထိုက်ရဲ့စိတ်ဟာ မိုးနဲ့မြေလိုကွာမည်ထင်ပါသည်။ တကယ်ကို လအချိုးကြယ်ပါပဲလေ။

အဲဒီညက ကန်တော်ကြီးပဲလေ့စ်မှာ သူ အပြတ်တိုမူးနေပါ၏။ အပေါင်းအသင်းတွေကလည်း အတင်းတိုက်ကြသည်။ ထိုက်က သိပ်မသောက်ဘဲ ချီနေကာ သူ့ကို ထိန်းနေသည်။





"မိုးတော့ မလင်းကြနဲ့ကွာ ... တော်ကြာ မင်္ဂလာပွဲမှာ သတို့သား ရေချိန်ကိုက်နေဦးမယ် ... "

သူ့ကို ထိန်းနေသော ထိုက်ကို ကြည့်ကာ ဒီပွဲဟာ ထိုက်က သူ့ကို ညှင်းချင်လို့မဟုတ်ဘဲ မနက်ဖြန်ညမှာ ငွေပန်း စိတ်မဆင်းရဲစေချင်လို့ ဒီညကို ရွေ့လိုက်ခြင်းက ပိုသရုပ်ပေါ်သွားသည်။ ဒါကို သိရက်နဲ့ စည်းက နောက်ဆုတ်ပေးချင်စိတ် မဖြစ်မိ။ ခုချိန်မှာ သူ ငွေပန်းကို မစွန့်လွှတ်ချင်တာထက် သူ့ရဲ့ မင်္ဂလာပွဲကို ဘယ်နည်းနဲ့ မှ မပျက်စီးချင်သည့်အတွက်က ပိုများပါ၏။ ပြီးတော့ ငွေပန်းက သူ့ကိုချစ်နေသည်ဟု အလိုလိုသိထားသည့်အတွက် ပိုပြီးစိတ်လုံခြုံသည်။

ငွေပန်း ခများမှာတော့ မနက်ဖြန်ပဲ လက်ထပ်တော့မည်။ ဒီနေ့အထိ သတို့သားက ချစ်ပါတယ်ဟုသော စကားမချီးမြှင့်သေး။ ချီးမြှင့်မှာ မဟုတ်တာသိ၍လည်း မမျှော်လင့်ထားပါ။

စည်း ကိုယ်တိုင်က လိုအပ်၍ လက်ထပ်ပါဟု ပြောခဲ့တာလေ။ စည်းရဲ့ လိုအပ်ချက်ကို ဘဝနဲ့ ဖြည့်ခွင့်ရတာကိုတောင် စည်းကို အထပ်ထပ် ကျေးဇူးတင်မဆုံးပြီ။

စည်း ... ဒီည လူပျိုညနှုတ်ဆက်ပွဲလုပ်လိမ့်မည်။ ဒီတော့ သူမကို သတိရနိုင်ဖို့လည်း ဝေးလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူမရင်တွေ ခုန်နေသည်။

ဒီညကုန်ပြီး မိုးသောက်တာနဲ့ သူမနဲ့ ကိုစည်း လက်ထပ်ရတော့မည်။ သိန်းထီအခါတစ်ရာပေါက်တာထက် ပို၍ ကံကောင်းခြင်းပင်။

သူမနဲ့ ကိုစည်းဟာ လေးနဲ့သုံးလည်းမဟုတ်။ သုံးနဲ့လေးလည်းမဟုတ်ဘဲ အမြဲတမ်း သုံးနောက်မှာ လိုက်ရသော သုံးလိုတစ်ဘဝလုံး ကျောခိုင်းမည့် ကိုစည်းကို လိုက်လံဖြည့်ဆည်းပေးရတော့မည်။

သူမက သူညဖြစ်ခဲ့ရင်တောင် ကိုစည်းဘဝကို ဖြည့်ဆည်းပေးချင်သည်။ သူမကြောင့် ကိုစည်းဘဝ တစ်ထောင့်တစ်နေရာပဲဖြစ်ဖြစ် တန်ဖိုးတက်စေချင်သည်။

တော်လေးဝင် မဟုတ်ရင်တောင် မိန်းမကောင်းတော့ဖြစ်ရမည်။

အတွေးတွေဖြင့် လူးလိမ့်နေသော သူမ တော်တော်နှင့် အိပ်မပျော်။ ထိုစဉ်မှာပဲ ကိုစည်း ဝယ်ပေးထားသော ဟန်းဖုန်းလေးမှာ ကိုထိုက်ရဲ့ ဖုန်းနံပါတ် ပေါ်လာသည်။

"ငွေပန်း အိပ်မပျော်မှာစိုးလို့ အိပ်ဆေးသောက်အိပ်လိုက်လို့ လှမ်းပြောတာ ... တော်ကြာ မနက်ကျရင် သတို့သမီး





က မျက်ကွင်းချောင် မျက်ကွင်းညိုနဲ့ မလှဘဲ ဖြစ်နေမယ်"

"ကိုထိုက်ရယ် ..."

"ကိုလည်း စည်းအိမ်မှာ ... အခု သူ့ကို သိပ်ထားပြီ ... အိပ်ဆေးသောက်ပြီး စိတ်ချချအိပ် ... မနက်ဖြန် ကိုယ်လှမ်းနှိုးပေးမယ် ..."

ပြောပြီး ဖုန်းချသွားခဲ့ပြီ။ ထိုက်ရဲ့ စေတနာကို အသိအမှတ်ပြုကာ အိမ်သုံးဆေးထဲမှာ အဆင်သင့်ရှိသော အိပ်ဆေးတစ်ပြားသောက်ပြီး ရင်ခုန်ညကို ဥပေက္ခာ ပြုလိုက်ရသည်။

ဒါတောင် အိပ်မက်ထဲမှာ ကိုစည်းက ထိုက်ကို သူမတို့ ဟန်းနီးမွန်း ခရီးမှာ ကားမောင်းပို့ခိုင်းသတဲ့။

ပြီးတော့ အိပ်မက်ထဲမှာတောင် ကိုစည်းက သူမကို ချစ်တယ်လို့ မပြောဘူးတဲ့ကွယ် ... ။

သူမက အိပ်မက်ထဲမှာ သိပ်ကို ပျော်နေခဲ့သတဲ့။

ကိုထိုက်ကတော့ သူမတို့နှစ်ယောက်ကို ... ကားမောင်းပို့ရင်း မျက်ရည်တွေ ခိုးကျနေသတဲ့။

ရွှေအိပ်မက်ရယ် ...



www.burmeseclassic.com

www.burmeseclassic.com



"စည်း … ထ ထတော့"

"ဟာကွာ … ဒီမှာ အိပ်ကောင်းနေတာကို"

"ဘာအိပ်ကောင်းရမှာလဲ … ဒီနေ့ မင်း Wedding လေ"

"အား … ဟုတ်သားပဲ"

စည်းက လိမ့်ပိမ့်နေရာမှ ခုန်ထကာ တစ်ဘက်တစ်ထည် ဆွဲပြီး ရေချိုးခန်းထဲ ပြေးဝင်သည်။

ထိုက်က စည်းအတွက် လီမွန်တီး တစ်ခွက် ဖျော်ထားသည်။ စည်း ပြင်ဆင်ပြီးတာနဲ့ ကားသော့ဆွဲကာ …

"ဂိုးမယ် … "

"နေပါဦး … ဒီမှာ လီမွန်တီး ဆွဲလိုက်ဦး … မင်း ခေါင်းကိုက်နေမှာစိုးလို့ … "





"ကျေးဇူး သူငယ်ချင်းရာ … တကယ်ကိုက်နေတာ"

"အင်း … သိနေတယ်လေ … ဒါနဲ့ နေဦး … မင်း သတို့သမီးကို ချစ်တယ်လို့ ပြောပြီးပြီလား စည်း … "

စည်းက … ထိုက် ရင်ထဲကိုမြင်ပါသည်။ ငွေပန်းအတွက် အစစအရာရာ စဉ်းစားပေးနိုင်လွန်းသော ထိုက်ကို သူနားလည်ပါသည်။ ထိုသို့ နားလည်လေ ထိုက်ရဲ့ ရတနာကို သူအသက်ထက်ဆုံး တန်ဖိုးထားဖို့ ပိုသေချာလာလေပါ။ ဒါဟာ ထိုက်နဲ့ ငွေပန်းအပေါ် တာဝန်ကျေရာရောက်သည်ဟု သူ ယူဆသည်။

"ငါပြောမှာပါ … ငါ သူ့ကို ချစ်တယ်လို့ပြောမှာပါ … သတိပေးတာ ကျေးဇူး သူငယ်ချင်းရာ … "

ထို့နောက် ထိုက် မောင်းပို့သော ကားနှင့် ငွေပန်းကိုခေါ်ကာ မနက်စာ သွားစားကြသည်။ ပြီးတော့ ဟိုတယ်ကိုသွား ငွေပန်းကို မိတ်ကပ်ပြင်နေတုန်း သူ့ကိုလည်း အခြောက်တွေက အဝတ်အစားလဲပေးနေသည်။

ငွေပန်း မိတ်ကပ်ပြင်နေရာတွင်လည်း ငွေပန်းက ရင်တွေခုန်ပြီး မျက်ရည်တွေကျနေသဖြင့် မိတ်ကပ်က ခဏခဏ ပျက်နေသည်။

မိတ်ကပ်ပြင်တဲ့ မာမီမှာလည်း စည်းတို့ အသိုင်း



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းအရှိန်အဝါကြောင့်သာ မငြိုမငြင်နဲ့ စိတ်ရှည်လက်ရှည်ပြုပြင်ပေးနေတာပါ။

"အို သတို့သမီးရယ် ... မငိုနဲ့လေ ... "

"ပျော်လို့ပါ မာမီရယ် ... "

"ငိုတော့ ပြန်ပြန်ပြင်နေတာနဲ့ မလှဘဲနေဦးမယ် ... မငိုနဲ့တော့နော် ... "

ငွေပန်း မိခင်ကလည်း မျက်ရည်စကို တစ်သျှူးလေးတို့ကာ တို့ကာဖြစ်နေသည်။

စည်းရဲ့ မိခင်ကတော့ ရတနာဘူး တစ်ကိုင်ကိုင်နှင့် သတို့သမီးကို ဝတ်ဆင်ပေးဖို့ စောင့်နေသည်။

စည်းက ... တံခါးလာခေါက်သည်။ သတို့သမီးကလည်း အဆင်သင့်ဖြစ်နေပြီ။

စည်းက မိတ်ကပ်အစွမ်းဖြင့် လှချင်တိုင်းလှနေသော ငွေပန်းကို ကြည့်ကာ အံ့သြနေသည်။

အရင်က ငွေပန်းဆိုတာ မျက်နှာပေါ်မှာ သနပ်ခါးမှုန်လေး ခပ်ကျဲကျဲသာ ရှိခဲ့တာမို့လား။ အခုတော့ ငွေပန်း နှာခေါင်းပြန်လည်ခွဲစိတ်ပြုပြင်ထားတာရော၊ မိတ်ကပ်အစွမ်းပြထားတာရော သူ့သူတို့သမီးက သူ့အတွက် အလှနတ်ဖုရားလေးဖြစ်နေသည်။ ထိုင်





မသိမ်း ပန်းနုရောင်လေးကလည်း ငွေပန်း အသားညိုတာကို ဖုံးလွှမ်းကာ ပန်းရောင်ကြွပြီး လှနေသည်။

ထိုက်က စည်းခါးကို တို့လိုက်တော့ စည်းထံမှ ...

"လှလိုက်တာ ငွေပန်းရယ် ... "

ဆိုသော အံကြိတ်သံကြီး ထွက်လာသဖြင့် အားလုံးဝိုင်းရယ်ကြပါသည်။ ထိုက်က ထိုရယ်သံတွေကို အသုံးချကာ စည်းနားကပ်ပြီး အသံခပ်နှိမ့်နှိမ့်ဖြင့် စည်းခါးကို ထပ်တို့လိုက်သည်။

"ငွေပန်းကို ဖက်ပြီး ချစ်တယ်လို့ပြောလိုက် ... "

ခါးတို့တဲ့ အရှိန်ပြင်းသွားတာကြောင့် စည်းတစ်ယောက် ငွေပန်းကို တအားကြုံးဖက်လိုက်ပြီး ...

"ချစ်တယ် ငွေပန်းကို ချစ်တယ် ... "

ဟု အားရပါးရ အော်ချလိုက်သည်။ အားလုံး ကြောင်သွားပြီးမှ သြဘာဝိုင်းပေးကြသည်။ စည်းကို ထိုက် ခါးတို့လိုက်ကြောင်းကိုတော့ စည်းနှင့် ထိုက်မှလွဲ၍ ငွေပန်းတောင် မသိလိုက်သည်မို့။

ငွေပန်း မျက်နှာလေးက အပြုံးရောင်ဖြင့် လင်းလက်တောက်နေသည်။

"ငွေပန်းလည်း ကိုစည်းကို ချစ်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



အားကျမခံ ချက်ချင်းကို တုံ့ပြန်သည်။

"ဝေး ... ဟေး ... ဟေး ... ဖြောင်း ... ဖြောင်း"

မင်္ဂလာချိန် တစ်ချိန်လုံး ငွေပန်းဟာ စည်းကို အားကိုးတကြီးဖက်တွယ်ထားခဲ့သည်။ ထိုဖက်တွယ်မှုမှာ မေတ္တာတရားတွေ အပြည့်အဝ ပျော်ဝင်နေခဲ့သည်ဆိုတာကို စည်း ခံစားရပါသည်။

ထိုက်က ကင်မရာ တစ်လုံးဖြင့် အလုပ်ရှုပ်နေခဲ့သည်။ စည်းရဲ့ ပွဲမှာ ထိုက်က သတို့သားအရံမလုပ်ပါ။ အရံမပါသော ပွဲကို လူတွေက တင်းဖျင်းဆိုချင်ကြသေးသည်။

ငွေပန်း စာသင်ပေးသော ငွေပန်းတို့ အိမ်နားက ကလေးတွေကို ပန်းခြင်းကိုင်ခိုင်းသည်။ လက်စွပ်ဗန်း ကိုင်တာကလည်း ကလေးလေး။ ဘာအရံမှ မပါ။ ထိုက်က အစစအရာရာ ကူညီပေးမယ့် နှလုံးသားလှူပွဲမှာ အရံတော့ မလုပ်ချင်ပါ။ စည်းကလည်း ထိုက်မလုပ်ရင် အရံတွဲမထားတော့ဟု ဆုံးဖြတ်ကာ အရံမဲ့ပွဲထွက်လိုက်ခြင်းပါ။

ထိုပွဲသို့ မဖိတ်ဘဲလာတဲ့ ဧည့်သည်တစ်ယောက်ရှိသည်။ ထောင့်တစ်နေရာမှာ ခပ်တည်တည်ဝင်ထိုင်နေတဲ့ ဆည်းလည်းချိုကို ကင်မရာမင်းနဲ့ ထိုက်က တွေ့သွားသည်။

ဆည်းလည်းရဲ့ စိတ်ဓာတ်ကို သိထားသော ထိုက်က ဆည်းလည်း ပွဲထဖျက်လိုက်မှာ စိုးရိမ်သည်။ ဆည်းလည်းရှိရာ စားပွဲမှာ သွားထိုင်လိုက်ရသည်။

"ကိုထိုက် ... သူတို့နှစ်ယောက် ဘယ်လိုဖြစ်သွားတာလဲ ဟင်"

"တကယ်ချစ်သွားကြတာပေါ့ ... ဆည်းလည်းချို"

"ကိုစည်းက ဆည်းလည်းမဟုတ်တဲ့ မိန်းမတစ်ယောက်ကို တကယ်ချစ်သွားတယ်ဆိုတာ ဆည်းလည်းအတွက် ဟာသတစ်ခုပဲ ... "

"လောကမှာ မဖြစ်နိုင်တာ ဘာမှမရှိဘူး ဆည်းလည်းချို"

"ဟုတ်မှာပေါ့ ... ဒါပေမဲ့ ဆည်းလည်း ရင်နာတယ် ... ကျောချမှ ဓားပြမှန်းသိလို့လေ ... ငွေပန်း ယုတ်မာတယ်"

"ဟုတ်ရဲ့လား ဆည်းလည်း ... စည်းက ယုတ်မာတဲ့သူကို ရွေးပါ့မလား ... စည်းနဲ့ မြူစတေးရဲ့ ပွဲဖျက်သွားမှရတဲ့ ငွေပန်းက ယုတ်မာတာ ဟုတ်ပါ့မလား ... "

"ဘယ်လိုလဲ ကိုစည်းကို ငွေပန်း ယူသွားတာတောင်ကို ထိုက်က မနာကျင်ပါလား ... တကယ်ဆို ဦးခဲ့တာက ကိုထိုက်ပါ ... "

"ဖူးစာမှာ ဦးတာမရှိဘူး ... ဖူးစာနဲ့ ယှဉ်နေတာက စေ







www.burmeseclassic.com

www.burmeseclassic.com



ခြင်း နောက်ကျခြင်းဆိုတဲ့ Time မဟုတ်ဘူး ... တကယ် ဖူးစာနဲ့ ယှဉ်နေတာက နှလုံးသားနဲ့ ဦးနှောက်ပဲ ... နှလုံးသားနဲ့ရွေးရင်ရွေး မရွေးရင် ဦးနှောက်နဲ့ရွေးတယ် ဒါပဲရှိတယ် ... ဦးနှောက်နဲ့ မှန်မှန်ကန်ကန် မရွေးတတ်ဘူး ... နှလုံးသားနဲ့လည်း မှန်မှန်ကန်ကန် မရွေးတတ်ဘူးဆိုရင် ဘယ်လိုလုပ် ဖူးစာပါပါ့မလဲ ... ”

ဆည်းလည်း မျက်ရည်ဝိုင်းနေသလား။ လွတ်တဲ့ငါး ကြီးနေမှာတော့ သေချာသည်။

သူများတွေအတွက် သိပ်ကို ကျက်သရေအပေါင်း ခညောင်းနေတဲ့ အခါတော်ပေးတေးသံသည် ဆည်းလည်းရဲ့ နားထဲကို သံရည်ပူလို ဖြတ်သန်းစီးဆင်းသွားသည်။

☘





စည်းတို့မှာ ပွဲပြီးကာနီး ဧည့်သည်တွေပြန်ကာနီးမို့ ခန်းမအဝင်အဝမှာ ထွက်ပြီး တစ်ယောက်ချင်းစီ လက်ဆွဲနှုတ်ဆက်ရသည်။ များပြားလှသော မိတ်ဆွေသင်္ဂဟတွေကို အပြုံးမပျက်တမ်း လက်ဆွဲနှုတ်ဆက်နေရတာ ပါးတွေတောင်ညောင်း လက်မောင်းတွေပါ အောင့်လာသည်။

အသိတွေ များလွန်းတာမို့ ... တစ်ယောက်ချင်းစီတောင် သဲသဲကွဲကွဲ မမြင်ရတော့။ ဒီဗီဒီယို မှတ်တမ်းခွေ ထွက်လာမှပဲ ကြည့်တော့မည်ဟု တွေးထားလိုက်သည်။

ရုတ်တရက် သူ့လက်တွေ တင်းကျပ်သွားသည်။ တစ်စုံတစ်ယောက်က အားနှင့် ဖျစ်ညှစ်လိုက်တာပါ။ လက်ပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဆီ အကြည့်တွေရွှေ့သည်။ ရင်က ဒိန်းခနဲ ခုန်သွားတာကို ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်မိသည်။ ဆည်းလည်းလေ။ သတို့သမီးထက်ပိုလှအောင် အစွမ်းကုန်ပြင်ထားသော ဆည်းလည်းချို … ဦးနယုန်နှင့် စည်းထံမှ ရထားသော စိန်တွေနှင့် ဝင့်ကြွားတောက်ပနေသော ဆည်းလည်းချို။ အလှဆုံးပြုံးပြနေသော ဆည်းလည်းချိုကိုတွေ့တွေ့ခြင်း အချစ်ကြောင့် ရင်ခုန်မိပေမယ့် သူမနှင့် ပတ်သက်ခဲ့သမျှကို ပြန်သတိရတော့ တင်းသွားသည်။

သာမန် မိတ်ဆွေတစ်ယောက်လို ပြုံးပြလိုက်နိုင်သည်။

"ကွန်ဂရက် ကျူလေးရှင်း ငွေပန်း … နင် သိပ်တော်တယ်"

"ဘယ်အရာမဆို ပေးသလောက်ပြန်ရပါတယ် … ဆည်းလည်း … နင်လည်း လိုချင်သလောက် ပေးတတ်အောင် သင်ထားဦး"

သေချာတာက ဆည်းလည်းက ငွေပန်းကို လက်…

နှုတ်ဆက်ခြင်း မပြုသွားပါ။

အဲဒီနောက် မင်္ဂလာပွဲက ခမ်းနားစွာ ပြီးဆုံးသွား…

သည်။ ပြီးပြီးချင်း အိမ်ကိုပြန်ပြေး။ ညနေခင်း ဒင်နာအတွက် ပြန်ပြ…





ဆင်။ ငွေပန်းဆိုလည်း အဝတ်အစား၊ မိတ်ကပ် ဆံထုံးအကုန်ပြန်ပြင်ဆင်ရတာကိုး။ ပင်ပန်းလိုက်တာ လှုပ်တောင်မလှုပ်ချင်တော့။

ထိုက်က စည်းနဲ့ငွေပန်းကို လန်းဆန်းတစ်ပြားစီလာတိုက်သည်။

မိဘတွေထက်တောင် ဂရုစိုက်သော ထိုက်ကို ဖက်ပြီး စည်းက မျက်ရည်ဝဲသည်။ တစ်ဆက်တည်း ငွေပန်းကို ထိုက်လက်ထဲမပို့နိုင်ခဲ့သည့် သူ့ကိုယ်သူ ပထမဆုံးအကြိမ် မချင့်မရဲ ဖြစ်မိသည်။

ညဘက် ဒင်နာကျတော့လည်း မိတ်ဆွေတချို့က စည်းကို အရက်တွေ တစ်ခွက်ပြီးတစ်ခွက် ဝိုင်းတိုက်ကြသည်။ ဒါကို ထိုက်က အတင်းဝင်သောက်ပေးသေးသည်။ စည်း တအားမူးနေမှာ စိုးရိမ်နေပုံပင်။ ဒင်နာသိမ်းတော့ ထိုက်က စည်းနှင့် ငွေပန်းကို ကြိုးတားသည်။

"ဟား … ဟား … ငါလည်း ဒီတစ်သက် ပင်ပန်းထားတာ မြိုးမြိုးမြတ်မြတ်တော့ ရမှဖြစ်မယ်နော်"

စည်းက သူ့ရင်ဘတ်မှာ ကပ်ထားသော ရင်ကပ်ပန်းကို ဖြုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ ရင်ကပ်ပန်းကို လက်ဆောင်ပေးတယ်ကွာ ... ငွေပန်းဘဝကို လတစ်စင်းလောက် လင်းလက် အေးမြမှု မပေးနိုင် ခဲ့ရင်တောင် လမဲ့ညမှာ ကြယ်တွေရဲ့ အလင်းရောင်နဲ့ အေးမြမှုတော့ အစွမ်းကုန်ရစေရမယ်လို့ ငါကတိပေးတယ်"

ထိုက်က ပြုံးနေခဲ့သည်။ သူ ငွေပန်းအတွက် စိတ်ချရပြီလေ။ သူ စည်းကို ယုံသည်။ စည်းလိုလူက ပြောပြီးတဲ့စကား မြဲတတ်သူလေ။

"ရော့ ... ဒါ မင်းတို့ ဟန်နီးမွန်းအတွက် လေယာဉ်လက်မှတ် ... ငါ ငပလီဟိုတယ်ကိုလည်း Booking လုပ်ထားပြီးသားနော် ... အဆင်သင့်သွားရုံပဲ ... "

"ထိုက် ... မင်းကို ငါအဲဒါကြောင့် ချစ်တာ ... "

"တော်ပါကွာ ... "

"ကိုထိုက် ကျေးဇူးနော် ... "

"အေးပါ ... ငါ မိန်းမယူမှ နင်တို့နှစ်ယောက်ကို ပြန်ခိုင်းမှာ"

အဲဒီနောက် ထိုက်က သူတားထားသော ပလက်တီနမ်ကြိုးလေးကို ဖြုတ်ပေးလိုက်သည်။ မင်္ဂလာအိပ်ခန်း တံခါးကို ဖွင့်လိုက်သော စည်းလက်တွေ။ ဒါဟာ သူ့ရင်ဘတ်ကို ဆွဲခွဲသွားသော ခွဲစိတ်ဆရာဝန်တစ်ယောက်ရဲ့ လက်တွေလိုပါပဲ။ အခန်းထဲဝင်သွားတဲ့ စည်းနဲ့ ငွေပန်းရဲ့ ခြေလှမ်းတွေဟာ သူ့နှလုံးသားကို ဖျစ်ဖျစ်မည်အောင် တက်နင်းသွားသလိုပဲ။ ရင်ခွင်တစ်ခုလုံး မွမွကြေလို့ပေါ့ကွယ်။







www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်တွေ ဘယ်လောက်များများ
လတစ်စင်းရဲ့ အလင်းကို မီနိုင်မတဲ့လား
လတစ်စင်းနေရာမှာ အစားထိုးရနိုင်မတဲ့လား
လ ညီမျှခြင်း ကြယ် (လ=ကြယ်) ဖြစ်နိုင်မတဲ့လား
ဟင့်အင်း
တန်းတူ အချိုးမကျနိုင်သရွေ့
လနဲ့ကြယ်ဟာ
လအချိုးကြယ် (လ း ကြယ်)

ပွေးမြလန်းဆန်း
ဘဝယှဉ်ဒီ
ထာဝရယှဉ်ဆင်နိုင်ကြပါစေ



www.burmeseclassic.com